www.burmeseclassic.com

# မိန်းကလေး

## ရေဘေးသင့်ချစ်သူ

၂၀၁၅-စကိုင်းတိုင်းရေဘေးသင့်ကာလမှ
ကြုံတွေ့ခံစားရသော ချစ်သူနှစ်ဦး၏ကြေကွဲဖွယ်
ဖြစ်ရပ်မှန်ဇာတ်လမ်းကို
ရေးဖွဲ့ထားသည့် အပြင်းစားဝတ္ထု



ပန်းချီ သိန်းရွှေကြည် 2015

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဦးအောင်စိုး (မြ-၀၄၉၄၄) (စုနှစ်ဝင်ကြယ်စာပေ)
အမှတ် - ၁၈၂ (B)၊ ၃၁-လမ်း (အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးနိုင်နိုင်အောင် (မြ-၀၀၃၂၄) (ရတနာဝင်းပုံနှိပ်တိုက်)
အမှတ် (၁၉)၊ ၃၁-လမ်း (အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ
သန်းရွှေကြည်
အတွင်းဖလင်
ကိုကြီးပေါက် (၀၉-၄၂၀၂၄၃၃၂၇)
ပုံနှိပ်ခြင်း
ပထမအကြိမ်
၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ
တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀
ဖြန့်ချိရေး
မိန်းကလေးစာအုပ်တိုက်
၀၉-၄၄၉၂၅၁၄၁၇

၈၉၅.၈၃
မိန်းကလေး၊
ရေဘေးသင့်ချစ်သူ / မိန်းကလေး။ - ရန်ကုန်၊
ရွှေဟသာ်စာပေ ၊ ၂၀၁၆ ။
၂၄၈ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) ရေဘေးသင့်ချစ်သူ

မိန်းကလေး

# ရေဘေးသင့်ချစ်သူ

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

"ဟိုင်း"

"ဟိုင်း"

"မောင့်ကမ္ဘာ Happy Birthday "

"Thank you"

"ပော့ ယူ၊ နှင်းဆီနီနီတို့ကိုလည်း နှုတ်ဆက်ချိန်ပေးပါဦး"

"မောင့်ကမ္ဘာ၊ အိုင် ဒီမှာ။ ဒီဘက်လှည့်ပါဦး၊ ဟက်ပီးဘတ်ဒေး"

"Thank you, Thank you"

ညည်သည်တွေကို ပြုံးပြပြီး နှုတ်ဆက်နေရတာ မောင့်ကမ္ဘာ မောလျလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်ရင် ဒီညေ့ခံပွဲထဲက၊ ပြေးထွက်သွားလိုသည်။

"ဟဲလို မောင့်ကမ္ဘာ။ ဒါ အန်တီနွယ့်သမီး ပတ္တမြားဝင့်ဝင့်လေ"

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ် ခင်ဗျ"

"ဟော့ သားလေး မောင့်ကမ္ဘာ၊ အန်တီကြီးတို့ဘက်လည်း လှည့်ပါဦး၊"

"ဒီမှာလေ မောင့်ကမ္ဘာ၊ သားမာမီရဲ့သူငယ်ချင်း အန်တီဂျူလီလေ။ ဒီမှာ အန်တီဂျူလီ့သမီးလေး ဆောင်းလီလီ"

အန်တီနွယ်တို့ကို နှုတ်ဆက်လို့မဆုံးသေးပါ။ သူ့ပခုံးဆွဲယူပြီး ပြောလာတဲ့ အန်တီဂျူလီ။ ပြီးတော့ အန်တီဂျူလီ့သမီး ဆောင်းလီလီ။

"ကိုမောင့် လီလီ့ကို မှတ်မိလား"

"အင်း ဟင်၊ မှတ်မိပါတယ်။ ကျေးဇူးလည်း တင်ပါတယ်။ ထိုင်ပါဦး၊ ကျွန်တော့်ကိုခွင့်ပြုဦး"

"ဟဲ့ သား ဘယ်သွားနေတာလဲ"

"Please မာမီ၊ please၊ သား သန့်စင်ခန်းဝင်ချင်လို့"

တစ်ယောက်ပြီးတစ်ယောက် ဝိုင်းအုံပြီး ဆွဲလွဲမိတ်ဆက်နေကြတဲ့ ဒဏ်ကို မောင့်ကမ္ဘာ သည်းမခံနိုင်တော့ပါ။

ဒါကြောင့် နှုတ်ဆက်ရင်း၊ ရှောင်ထွက်ဖို့ကြိုးစားခြင်းဖြစ်သည်။

သူ့ကို အရိပ်လို စောင့်ကြည့်နေတဲ့ မာမီက သူ့နားအပြေး





ကလေးလာသည်။ ဒါပြင် မာမီနဲ့အတူ မာမီ မိတ်ဆက်ပေးမည့် မိန်းကလေးများ၊ ပါလာတာမို့ မာမို့ကို ခွင့်တောင်းမိသည်။

ခွင့်တောင်းရင်းလည်း မာမို့အဖြေကို စောင့်မနေနိုင်။ ချာခနဲလှည့်ပြေးခဲ့သည်က မာမီမိတ်ဆက်ပေးမယ့် ညေ့သည်တွေနဲ့ ဝေးရာ။

"ဟဲ့သား၊ ကိစ္စပြီးရင် မြန်မြန်လာ။ လာ သမီးတို့ ဒီမှာထိုင်၊ ခဏကြာရင် သားပြန်လာလိမ့်မယ်"

"ဟော့ ဘရဏီ၊ ဘယ်မှာလဲ ယှူသားတော်"

ဒေါ်ဖူးဖူးဖံက ဒေါ်ဘရဏီကမ္ဘာကို မေးရင်း အနားရောက်လာသည်။ ဒေါ်ဘရဏီကမ္ဘာက ဒေါ်ဖူးဖူးဖံကို အားရဝမ်းသာ ပွေ့ဖက်၍ လှိုက်လှိုက်လှဲလှဲ ဆိုသည်။

"ဖူးဖူးရယ်၊ ယှူ့ကိုမျှော်နေတာ ကြာလှပေါ့။ သမီးလေးကော ပါမလာဘူးလား"

"ပါပါ့ရှင်၊ ပါပါ့။ ဒီမှာလေ ရွှေမှုန်ပဝါ"

ဒေါ်ဖူးဖူးဖံက သူ့မနောက်ကပါလာတဲ့ သမီးဖြစ်သူ ရွှေမှုန်ပဝါကို ဆွဲပြ၏။ ရွှေမှုန်ပဝါကိုမြင်ရတော့ ဒေါ်ဘရဏီကမ္ဘာ့မျက်ဝန်းမှာ နှစ်လိုခြင်းတွေနဲ့ တောက်ပသွား၏။

မြန်မာဆန်ဆန် ပြင်ဆင်ထားတဲ့ ရွှေမှုန်ပဝါက ရွှေရောင်နှယ် တောက်ပနေ၏။

"အိုး လှလိုက်တဲ့သမီးလေးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှုးရှုးသမီး လုလိုက်တာဆိုတော့ ယူတို့သမီးက မလှဘူးပေါ့။ အဲလိုလား ဘရဏီ"

"အိုးဟိုး၊ ဟုတ်ပါဘူးကွယ့်"

ဒေါ်ဘရဏီကမ္ဘာက ရွှေမှုန်ပဝါကို ပခုံးလေးပေါ့ဖက်ထားရာမှ ဖြေလွှတ်ရင်း ဆိုရသည်။

အားလုံးက သူမကိုယ်တိုင် လိုလိုလားလား ဖိတ်ကြားခံထားရတဲ့ သမီးရှင်ကြီးပဲ မဟုတ်လား။

ဒေါ်ဖြူဖြူခန့် မေးခွန်းနောက်မှာ သမီးရှင်တွေအားလုံး မျက်စောင်းလေးနဲ့ ချိတ်ကြည့်ကြတာ ဘာကြောင့်ဖြစ်မှန်း ဒေါ်ဘရဏီကမ္ဘာ သိနှင့်၏။

ဒါကြောင့် –

သမီးရှင်အားလုံး ကျေနပ်အောင် ဒေါ်ဘရဏီကမ္ဘာ ထိန်း၍ ပြောဆိုနေရသည်။

"ယူတို့သမီးတွေလည်း ထူးထူးခြားခြား လှကြတယ်လေ၊ တစ်ယောက်နဲ့တစ်ယောက် လှပုံတွေထူးနေတော့ ဘရဏီအံ့ဩရတယ်။ ဝမ်းလည်း သာရတယ်။ ပြီးတော့ သားကလည်း လိုက်လိုက်လှဲလှဲ ရှိမယ် မဟုတ်လား။ ဟင့် ဟင့် ဟင့်"

ဒေါ်ဘရဏီကမ္ဘာပြောလျှင် သမီးရှင်တွေရဲ့မျက်နှာပေါ် အပြုံးပန်းတွေ ပို၍ ပွင့်ကုန်သည်။





"လာပါ သူငယ်ချင်းတို့ရယ်။ သား မကြာခင်လာပါလိမ့်မယ်၊ အဲဒီတော့ သားနဲ့ ယူတို့သမီးတွေကို သီးသန့်မိတ်ဆက်ပေးမယ်။ ပြီးတော့ ယူတို့သမီးတွေအတွက် သားက လက်ဆောင်ပေးဖို့ စီစဉ်ထားတာလေ။ စားသောက်ပွဲပြီးရင် ကံစမ်းမဲနှိုက်ပြီး လက်ဆောင်ပေးပွဲလေး လုပ်ပေးဦးမယ်။ ကံစမ်းမဲက ဗလာမပါဘူး။ အားလုံးအတွက် အမှတ်တရဖြစ်မယ့် အဖိုးတန်လက်ဆောင်ပစ္စည်းတွေဖြစ်အောင်၊ သားမောင့်ဩစီမှာထဲက စီစဉ်ထားတာ"

"အို သိပ်ကောင်းတာပေါ့"

"ကောင်းရမယ်လေ၊ ဘရဏီ့သား မဟုတ်လား"

"ဟင့် ဟင့် ဟင့်"

သမီးရှင်အားလုံး ဒေါ်ဘရဏီကမ္ဘာ့ စကားလုံးတွေထဲမှာ တကယ်မျောသွား၏။ ဒီပွဲက ချွေးမလောင်းရွေးချယ်ပွဲ။

တစ်နည်းပြောရရင် ချွေးမ အကြိုရွေးပွဲ။

ဒါကြောင့် –

ဖိတ်ကြားခံထားရတဲ့ သမီးရှင်ပေါင်း တစ်ရာတီတီ၊ မပျက်မကွက်တက်ရောက်ကြတဲ့ ပွဲမို့ စည်ကားနေသည်။

သမီးရှင်တွေကလည်း အပြိုင်အဆိုင်။

ဒီပွဲမှာ အရွေးချယ်ခံရဖို့ အလှတွေထုတ်ပြကြ။

ဘယ်သူ့သမီးချောကို မောင့်ကမ္ဘာ မျက်စိကျမလဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကိုလည်း သမီးရှင်တွေ အကဲခတ်၏။

ထိုမျှသာမကသေး။

သီးသန့်ဖိတ်ကြားခံထားရတဲ့ ဧည့်ပရိသတ်တွေကလည်း မောင့်ကမ္ဘာမျက်လုံးကိုပဲ အရိပ်တကြည့်ကြည့်နဲ့ စောင့်ကြည့်နေကြတာ အကြောင်းမဲ့မှ မဟုတ်တာ။

✿ ✿ ✿

## အခန်း (၂)

"ဟာ"

"အို ဆော ဆောရီး"

သူက သန့်စင်ခန်းရှိတဲ့ဘက် ချိုးလိုက်တာ၊ အစားအသောက် ပြင်ဆင်နေတဲ့ဘက် ရောက်သွား၏။

ထိုအခါ အစားအသောက် ပြင်ဆင်ခန်းထဲက မုန့်ဘန်းလေး ပင့်ထွက်လာတဲ့ ဟိုတယ်ဝန်ထမ်းမိန်းကလေးရဲ့ မုန့်ဘန်းနဲ့ တိုက်မိမလို ဖြစ်၏။

တိုက်မိပြီးဆိုတဲ့အသိနဲ့ နှစ်ယောက်သား နောက်ပြန်ဆုတ် လျှက်သားဖြစ်ကာ ဟန်ချက်ပျက်သွားပေမယ့် ထိုမိန်းကလေးရဲ့ လက်ထဲက မုန့်ဘန်း လွတ်ကျမသွားတာ ကံကောင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမလေးကပဲ ဆောရီးဟု တောင်းပန်လျှင်။

"ရပါတယ် ကိုယ့်အမှားပါ"

"ကျေးဇူးတင်ပါတယ် ခွင့်ပြုပါဦး"

သူမလေး ချိုချိုသာသာပြောကာ မုန့်ဘန်းလေးပင့်မပြီး သူ့ဘေးမှ ဖြတ်၍ ခန်းမဘက် ထွက်သွားသည်။

သူမထွက်သွားမှ တစ်စုံတစ်ခုကို သတိရကာ သူမလေးကို လည်ပြန်ငဲ့ကြည့်၏။

သူမ။

သူမလေးကို သူ ရင်းရင်းနှီးနှီး မြင်ဖူးသလို၊ ခံစားဖူးသလိုလို နှင့်။ ဒါကြောင့် သန့်စင်ခန်းဘက် သူ ခြေဦးမလှည့်တော့ပါ။

ညှော်ခံခန်းမဆောင်ဘက်မှ ပြန်ထွက်လာမည့် သူမကို အခန်းထောင့်ချိုးတစ်နေရာမှ စိတ်လှုပ်ရှားစွာ စောင့်နေမိသည်။

မကြာပါ။

မုန့်ဘန်းလွတ်လေးကိုင်ပြီးထွက်လာတဲ့ သူမ။

ထူပြည့်ပြည့် နှုတ်ခမ်းလေးစုံကာ တည်ငြိမ်ဟန်လေးနဲ့ ပြည့်တင်းနေသော သူမမျက်နှာလေးကို သူ စိုက်ကြည့်မိသွားသည်။

မဟာနဖူးပြေပြေလေးနဲ့ လိုက်ဖက်သောမျက်နှာကျပေါ်မှ နှာတံလုံးလုံးလေးက ပါးပြင်နှစ်ဖက်အလယ်မှာ ထင်းနေသည်။

ဇန်ဒါစေ့ပုံ မျက်ဝန်းအစုံက ကြည်လဲ့တောက်ရှန်းလျက်။





ထိုစိုပ်စိုပ်မျက်တောင်ကလေးများ အဖျားကော့ကာ ခြံရံထားတဲ့ ထိုမျက်ဝန်းအစုံ။

ထူပြည့်သော နှုတ်ခမ်းအစုံအောက်က ပြည့်သောမေးဖျား လုံးလုံးလေး။

ထိုမေးဖျားလုံးလုံးလေးရဲ့ အောက်ခြေမှ တစ်လက်မခန့် အလျားလိုက်ရှိနေသော ဒဏ်ရာအရွက်တစ်ခု။

ဒီမျက်နှာနဲ့ ဒီဒဏ်ရာ။

သူ့ရင်အခုန် မြန်စွာ။

သူ့ရှေ့က ဖြတ်ကျော်သွားတဲ့သူမကို ခေါ်လိုက်မိသည်။

"ပျိုး"

သူ့ခေါ်သံ မဆုံးလိုက်ပါ။

သူမ ခြေလှမ်းလေးတန့်သွား၏။ သို့သော် သူ့ဘက် လှည့်မကြည့်ဘဲ အစားအသောက်ပြင်ဆင်တဲ့ ခန်းမဆီ သူမ ရွေ့သွား၏။

"ပျိုးကလေး"

သူ့ခြေလှမ်းတွေ သူမနောက် အပြေးကလေးပါသွား၏။

"အဲ"

သူမက အစားအသောက်ပြင်ဆင်တဲ့အခန်းထဲ တန်းဝင်သွားလျှင် ထိုအစားအသောက်ပြင်ဆင်ခန်းထဲမှ လှည့်ထွက်လာတဲ့ အခြားတိုတယ်ဝန်ထမ်းနှစ်ယောက်နဲ့ ပိတ်ကာမိသလို ဖြစ်ကာ –



www.burmeseclassic.com

www.burmeseclassic.com



"လူကြီးမင်း ဘာအလိုရှိပါသလဲ"

ဟိုတယ်ဝန်ထမ်းမလေးတစ်ဦး ချိုချိုသာသာမေးလျှင် သူ ခေါင်းခါလိုက်သည်။

"အဲဒါဆို ဒီခန်းမဘက်"

"ဆောရီး"

သူ့ကြောင့် သူမတို့တစ်တွေရဲ့အလုပ်တာဝန်တွေ အနှောင့်အယှက်ဖြစ်စေတာမို့ သူ့ခြေလှမ်းတွေ နောက်ဆုတ်ခဲ့ရသည်။

သို့သော်လည်း နောက်ဘက်သို့ လည်ပြန်ငဲ့ကြည့်ရင်း ညှိခန်းမနဲ့ဝေးရာဘက် ရှောင်ထွက်ခဲ့၏။

သို့သော်လည်း –

ရင်ထဲမှာ ထိုနာမည်ကို အထပ်ထပ် ရွတ်နေမိသည်။

"ပျိုးကလေး"

✿ ✿ ✿



## အခန်း (၃)

"မာမီ"

"သား"

သူခေါ်လိုက်တော့ မာမီက ဆိုဖာပေါ်ထိုင်နေရာမှ သူ့ကို ခေါ်ရင်း ချက်ချင်းထလာသည်။ ဒါ့ပြင် သူ့ကို အားရဝမ်းသာ ပွေ့ဖက်သလို သူ့နဖူးကိုလည်း ချစ်မြတ်နိုးစွာ မွှေး၏။

"လာ သား၊ သားလာတာနဲ့အတော်ပဲ"

မာမီက ပြောရင်း သူ့ကိုလည်း ဆိုဖာမှာထိုင်စေသည်။ သူ [illegible]လိုက်သင့် ဝင်ထိုင်၍ –

"ပြောစရာရှိလို့လား မာမီ"

"ရှိတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောဖို့လဲ"

"ဟင့် ဟင့် ဟင့်"

မာမီက ရယ်မောရင်း သူတစ်ကိုယ်လုံးကို မြဲကြည့်၏။ ပြီးတော့မှ ပြော၏။

"သားရယ်၊ သားကို ပြောစရာတွေက များလွန်းလို့ ဘယ်ကစပြောရမှန်းမသိတော့ဘူး"

"အဲဒါဆို နောက်မှပြောလေ"

"ဘာဖြစ်လို့"

"သားဆီမှာ ခွင့်တောင်းချင်လို့"

"ခွင့်တောင်းချင်လို့"

"ဟုတ်တယ် မာမီ"

"ဘာအတွက်လဲ သားရဲ့"

"သား မိုးကုတ်သွားချင်လို့"

"ဘာ"

ဒေါ်ဘရဏီကမ္ဘာမျက်နှာ ခက်ထန်သယောင် ပြောင်းလဲသွား၏။ သူက မာမီ့လက်ဖဝါးလေးကို ဆွဲယူဆုပ်ကိုင်ပြီး –

"မိုးကုတ်က စံအိမ်ကြီးကို လွမ်းလို့ပါ မာမီ"

"အို မလွမ်းရဘူး။ အဲဒီစံအိမ်ကြီးကို ပိတ်ထားတာ ဆယ်နှစ်မကတော့ဘူး။ လူယုံတွေလည်း ဘယ်ရောက်နေမှန်းမသိဘူး။ ဟင့်





အင်း မသွားရဘူး"

"မာမီ"

မာမီ့လက်ဖဝါးလေးကို သူ လက်နှစ်ဖက်လုံးနဲ့ ဆုပ်ကိုင်ရင်း ခေါ်လိုက်သည်။ မာမီက သူ့ကို ငုံ့မကြည့်ဘဲ –

"မာမီပြောပြီးပြီလေ၊ မသွားရဘူး"

"ဟိုမှာ ဒယ်ဒီ့ဝိညာဉ်ရှိတယ်။ သားတို့ရဲ့ ငယ်ဘဝပုံရိပ်တွေလည်း ရှိတယ်မာမီ။ သား တစ်ခေါက်လောက်တော့ သွားလည်ခွင့်ချင်ပါတယ်"

"သား မောင့်ကမ္ဘာ"

မာမီ့ခေါ်သံက မာဆတ်နေ၏။ သူက မာမီ့ရင်ခွင်ထဲ ခေါင်းတိုး ဝင်၍ –

"ပြောပါ မာမီ"

"အဲဒီမြေဟာ မာမီ့ဘဝကို ကျရှုံးစေတယ်၊ မာမီ့အသည်းနှလုံးကို ထုတ်ယူသဂြိုဟ်ခြင်း ခံလိုက်ရတဲ့မြေ။ အဲဒီမြေမှာ မာမီ ဆက်ပြီးနေထိုင်ချင်လို့ ကျောခိုင်းခဲ့တာ နှစ်ပေါင်း ဘယ်လောက်ကြာပြီလဲဆိုတာ သား အသိဆုံးပဲ"

သူ့ခေါင်းလေး အသာညိတ်၏။

"ဒါပေမဲ့ ဒယ်ဒီ့ကို သား သတိရတယ်။ စံအိမ်ကြီးကိုလည်း လွမ်းတယ်။ ဒါကြောင့်ပါ မာမီ"



www.burmeseclassic.com

www.burmeseclassic.com



"သားတောင်းဆိုတဲ့ကိစ္စ စဉ်းစားဖို့ မာမီ့ဘက်က အချိန်ယူ
ဦးမယ် သား"

"သားက မာမီ့သားပါ။ ဘယ်တုန်းကမှ မာမီ့ဆန္ဒကို မလွန်
ဆန်ဖူးဘူး မာမီ။ မာမီ ခွင့်ပြုမှသွားမှာပါ"

"အေး၊ မာမီခွင့်ပြုမှ သားသွားလို့ရမယ်။ မာမီ့ကို အတင်း
အကျပ် တောင်းဆိုမယ်၊ ဖွတ်ပြောမယ်ဆိုရင်တော့ မာမီ ဘယ်တော့
ခွင့်မပြုဘူး။ မာမီ့အကြောင်း သားသိနေတာပဲ"

"စိတ်ချပါ မာမီ"

"အေး၊ ခု လောလောဆယ်၊ မာမီပြောမယ်၊ မနေ့က ညှော်ခံ
ကိစ္စ"

မောင့်ကမ္ဘာ ခေါင်းငုံ့နေလိုက်သည်။

မာမီက သူ့မေးဖျားလေးကို ဆွဲယူပြီး သူ့မျက်နှာကို စေ့စေ့
ကြည့်သည်။

သူ့မျက်နှာ အမူအရာပြောင်းလဲမသွားအောင် အတတ်နိုင်ဆုံး
ထိန်းထားရမည်။

မာမီက သူ့အမူအရာတိုင်းကို ဖတ်တတ်နေသူပီပီ ဒိုးဒိုးဒေါက်
ဒေါက် ပြောချသည်။

"သန့်စင်ခန်းသွားမယ်ဆိုပြီးထွက်သွားလိုက်တာ ပြန်ပြီး ပေ
မလာတော့ဘူး"





"ဟို သား သား"

သူ ဘယ်လိုဆင်ခြေပေးရမှန်းမသိအောင် ဗျာယာခတ်သွား
မာမီက မျက်နှာလေးကိုခါ၍ မဲ့ပြုံးလေးပြုံးပြီး –

"သား ဘာဆင်ခြေမှ ပေးဖို့ မကြိုးစားနဲ့။ သားမွေးနေ့
အထိမ်းအမှတ်အဖြစ်လုပ်တဲ့ပွဲက ဘာရည်ရွယ်ချက်နဲ့လဲဆိုတာ မာမီ
ပြောပြီး သား"

သူခေါင်းဆတ်မိသွားသည်။

"အေး ကြိုပြောလျက်နဲ့ သားဘက်က ပွဲပြီးတဲ့အထိ ရှိမနေ
တာ၊ ဘာကြောင့်လဲ"

"ဟို သား စိတ်မွန်းကြပ်သွားလို့ပါ မာမီ။ တကယ်ပါ။ သား
ပါဘူး။ မာမီ့ဆန္ဒအတိုင်း မာမီ့ညီသည်အားလုံးကို နှုတ်ဆက်ပါ
တယ်။ လက်ဆောင်ပစ္စည်းတွေလည်း ညီသည်အားလုံးရဲ့နာမည်နဲ့
အကျ ကြိုရေးပေးထားတယ်၊ အဲဒီလက်ဆောင်တွေလည်း သူတို့
ကြမှာပါ မာမီ"

"အဲဒါတွေက အရေးမပါဘူး"

"ဟာင်"

"တကယ်အရေးပါတာက မာမီ့မိတ်ဆွေတွေရဲ့သမီးချောတွေ
သေချာကြည့်ပြီး သား စိတ်ကြိုက် ရွေးဖို့"

မာမီမရိပ်မိအောင် သူ့မျက်နှာလေးကို အသာလွှဲလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"သား အဲလိုရှောင်သွားတဲ့အတွက် မာမီ့ဘက်က ဘယ်လောက် ထိန်းလိုက်ရတယ်ထင်လဲ"

"ဆောရီးမာမီ။ သား အဲလိုမရည်ရွယ်ပါဘူး"

"အေး သား မရည်ရွယ်ဘူးဆိုရင် မာမီရည်ရွယ်တဲ့အတိုင်း သား မျက်စိကျတဲ့တစ်ယောက်ယောက်ကို ရွေးချယ်ဖို့ မမေ့နဲ့"

"ဟုတ်"

ပြီး ပြီးရော။

**မာမီ့စကားမဆုံးခင် သူ ခေါင်းညိတ်လိုက်ရသည်။ ဒီတော့မှ** မာမီ့မျက်နှာထားက ကျေနပ်ဟန်ပြောင်းလဲသွားသည်။

မာမီ့ရည်ရွယ်ချက်ကို သား မမေ့တဲ့အတွက် ကျေးဇူးတင်တယ် ကဲ ရော့"

မာမီက ပြောရင်းဆိုရင်း စားပွဲပေါ်ရှိ မာမီ့လက်ကိုင်အိတ်ထဲက စီဒီတစ်ချပ် ထုတ်ပေး၏။

"သီချင်းလား မာမီ"

သူ လှမ်းယူရင်းမေးတော့ မာမီ ရယ်မောလိုက်ပြီး –

"အို ဒီကလေးနှယ်၊ သီချင်းပဲ အာရုံရောက်နေပါလား"

"မဟုတ်ဘူးလား မာမီ"

"ဘယ်ကဟုတ်ရမလဲ။ အဲဒါ ညီ့ခံပွဲ မှတ်တမ်းခွေ။ အဲဒီထဲက မာမီ့မိတ်ဆွေတွေရဲ့ သမီးချောတစ်ရာကို သေချာပြန်ကြည့်။ ကြည့်





ပြီး စိတ်ကြိုက်ရွေး။ ရွေးပြီးရင် မာမီ့ကိုပြော"

ဒီတစ်ခါ သူ့ခေါင်းမညိတ်နိုင်တော့ပါ။

ကိုင်ထားတဲ့စီဒီချပ်ကိုသာ တွေတွေချည်း စိုက်ကြည့်နေမိသည်။

"ကဲ မာမီပြောတဲ့အတိုင်း ရွေး။ စိတ်ကြိုက်မတွေ့သေးရင် ထပ်ပြော။ နောက်ထပ် အယောက်တစ်ရာကိုဖိတ်ပြီး ပွဲလုပ်ပေးဦးမယ်။ ဟုတ်ပလား"

သူခေါင်းညိတ်ဖို့ထက် မာမီ့ကို မော့ကြည့်လိုက်သည်။ မာမီက သူ့ပခုံးကို ဖက်သလို သူ့နဖူးကိုလည်း မွှေးကြူပြီး ဆက်ပြော၏။

"ကဲ မာမီ ရတနာဆိုင်သွားတော့မယ်၊ ဘိုင်"

သူ ခေါင်းဆတ်လိုက်လျှင် မာမီက သဘောကျစွာပြုံး၍ ထွက်သွားသည်။

ဘယ်ကိစ္စမဆို မာမီ့ဆန္ဒအတိုင်းသာ လုပ်ဆောင်လေ့ရှိတဲ့ မာမီ။ ခုလည်း။

သူမတွေးချင်တော့ပါ။

သူ့အာရုံထဲမှာ မာမီရွေးချယ်ထားတဲ့ မိန်းမချောတစ်ရာ ရှိနေပါ။

ရှိနှင့်တာက တစ်ယောက်တည်း။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

နေ့သစ်ရဲ့ မနက်ခင်းက သာသာယာယာ။

ကျေးငှက်သံတွေကိုလည်း မြူးရွှင်စွာ ကြားနေရသည်။ နေခြည်ရန့် မွှေးသော လေပြည်ကလည်း ရှုလို့ကောင်းနေပါသည်။ ထို့ကြောင့် လှုပ်လှဲ့ နေတဲ့ အစိမ်းနုရောင် ပြတင်းပေါက်လိုက်ကာစလေးကို ဖယ်ပြီး ပတ်ဝန်း ကျင်ကို ရှုကြည့်မိသည်။

အထူးသဖြင့် သူ့အခန်းပြတင်းပေါက်မှတစ်ဆင့် အပေါ်စီးမြင် တွေ့ရသည့်မြင်ကွင်းတွေက လှပါဘိ။

ထိုစဉ် –

သူ့မြင်ကွင်းထဲ ပုံရိပ်တစ်ခု ပေါ်လာသည်။

သူတို့စံအိမ်နဲ့ မျက်နှာချင်းဆိုင်ရှိ ခြံဝင်းတစ်ခု၏မျက်နှာစာမှာ





တစ်ယောက်တည်း ဖန်ခုန်တမ်းဆော့ကစားနေတဲ့ ကလေးမတစ်ဦး။

သူ့ထက် နှစ်နှစ်လောက်ငယ်ပုံရသည်။

ဂါဝန်အဖြူရောင်လေးက အောက်နားတချို့ စုတ်နေပေမယ့် သူမပုံစံလေးက လန်းဆန်းနေသည်။

အထူးသဖြင့် ကျောလယ်အထိရှည်သော ဆံပင်ကောက် ကောက်လိမ်လိမ်လေးကို မျှော့ကြိုးလေးနဲ့ စုစည်းထားသည်က ဖန်ခုန် ထိုက်တိုင်း ဆံစလေးက ကျောပြင်ပေါ် လှုပ်ခုန်နေသည်မှာ ကြည့်လို့ အလွန်ကောင်း၏။

ထိုကောင်မလေးကို မနေ့ကလည်း သူမြင်ရသည်။

တိုက်ရှေ့မြေကွက်ကျယ်မှာ တစ်ယောက်တည်း ကြက်ဖခွပ် ဆန်း ကစားသလို တစ်ယောက်တည်း စိန်ပြေးတမ်းကစားနေသည်။

ထိုခြံက ကြီးကြီးဒေါ်စိန်နုနန်း၏ခြံ။ ထိုခြံမှာ ကလေးမရှိတာ သူသိသည်။ ကြီးကြီး ဒေါ်စိန်နုနန်းရယ်၊ ဘဘဦးသုတရယ်၊ ကြီးကြီးနဲ့ အသားသား လူပျိုကြီးဦးထွန်းမင်းရယ်။

ဂါဝန်စုတ်နဲ့ ထိုကလေးမလေးက ဘယ်ကရောက်လာတာ ထဲ။ တစ်ယောက်တည်း ဆော့ကစားနေလိုက်တာ ပျော်လို့ မြူးလို့။

သူသာ တစ်ယောက်တည်း အဖော်မဲ့လှသည်။

အဖော်နဲ့ကစားချင်တယ်လို့ မာမီ့ကို ပူဆာရင် မာမီမိတ်ဆွေ အထဲက သူနဲ့ရွယ်တူ ကလေးများကို ခေါ်ပေးလေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



စံစံ၊ ဖွဲ၊ သူရနဲ့ ထွန်းထွန်းတို့က မာမီကြည်ဖြူစွာ ကစားခွင့်ပေးထားသော သူငယ်ချင်းများ ဖြစ်ပေမယ့် သူတို့နဲ့ကစားရတာ သူ့စိတ်မပျော်ရွှင်ပါ။

စံစံက မိန်းကလေးတန်မဲ့ ညစ်ညစ်ပတ်ပတ် ဆဲတတ်၏။

ဖွဲ့က မှုန်ကုပ်ကုပ်ပုံစံနဲ့ စကားပြောရင် ဘုဘောက်။

သူရနဲ့ထွန်းထွန်းတို့က သူတို့နဲ့ဆော့တိုင်း အစအနောက်သန်သလို ခြေမြန်လက်မြန်ဖြင့် သူ့ကို ရိုက်ပုတ်လေ့ရှိသည်။

ဒါကြောင့် ထိုလေးယောက်နဲ့သူ မကစားချင်တော့ပါ။

သူ့တစ်ယောက်တည်း စံအိမ်ထဲ ဟိုဆော့ ဒီဆော့နဲ့ နေလာတာ။

ဒီအပတ် ကျောင်းပိတ်ရက်မှာ သူမလေးကို နှစ်ရက်ဆက်တိုက် မြင်ရတော့ သူမလေးနဲ့ ဆော့ရရင် သိပ်ကောင်းမှာပဲလို့ တွေး၏။

ထိုအတွေးနဲ့အတူ အောက်ထပ်အရောက် အပြေးကလေးဆင်းခဲ့၏။

"ဟိုင်း သားလေး"

ဒယ်ဒီက သူ့ကို လှေကားရင်းမှ ဆီးကြိုပွေ့ဖက်၍ နှုတ်ဆက်၏။ သူလည်း ဒယ်ဒီ့ကို ပြန်ဖက်၍ –

"ဒယ်ဒီ အလုပ်ရုံမသွားသေးဘူးလား"





"သားနိုးလာတာကို စောင့်နေတာ။ သားနိုးမှ သားကို နှုတ်ဆက်ပြီး ဒယ်ဒီသွားနေကြလေ"

"ဆောရီးဒယ်ဒီ။ ကျောင်းပိတ်ရက်မို့ သားအပျင်းကြီးပြီး အိပ်နေလိုက်တာ။ နောက်ဆို သား သတိထားပါ့မယ်။ ဒယ်ဒီအလုပ်ရုံသွားဖို့ နောက်မကျအောင်"

"ရပါတယ် သားရယ်။ သားထတဲ့အချိန်ထိ ဒယ်ဒီ စောင့်ပါ့မယ်။ သားကို စောင့်ရတာ ဒယ်ဒီ ပိုတောင်ပျော်သေးတယ်"

"အဟင့်၊ သားအဖတွေ ခုမှ အချွဲပိုမနေကြနဲ့။ စောစောတုန်းကတော့ ကိုကိုပဲ သားကိုမစောင့်တော့ဘူးဆို သွားတော့မှာတဲ့။ ဘရဏီက သားကို နှုတ်မဆက်ဘဲ မသွားပါနဲ့လို့ ပြောလို့မဟုတ်လား။ သားရှေ့မှာ တစ်မျိုး၊ သားကွယ်ရာမှာတစ်မျိုး"

ဒေါ်ဘရဏီက သားဖြစ်သူနဲ့ ခင်ပွန်းဖြစ်သူကိုကြည့်ရင်း မျက်စောင်းရွယ်လျက် ပြောသည်။

ဦးစိုးမင်းသူက ရယ်လိုက်ပြီး –

"အလကားပါ၊ သားမာမီပြောတာ မယုံနဲ့။ ဒယ်ဒီက သားကို နှုတ်ဆက်ပြီးမှသွားချင်တာ။ အလုပ်ရုံက အရေးတကြီး ဖုန်းဆက်လာလို့ ဒယ်ဒီသွားမလို့ပါ။ သားကို နှုတ်မဆက်ချင်လို့ မဟုတ်ဘူး"

"ရပါတယ်၊ မာမီကလည်း ဒယ်ဒီ့အလုပ် အရေးကြီးနေလို့တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အို သားလောက် ဘာမှအရေးမကြီးရဘူး"

မာမီက သူနဲ့ပတ်သက်ရင် ထိုမျှအထိ စိတ်ထားပြင်းထန်သူ ဖြစ်သည်။ မာမီ့စိတ်ကိုသိနေတာမို့ သားဖနှစ်ယောက် ရယ်နေလိုက်သည်။

သူက ဒယ်ဒီ့စိတ်ရင်းကို ပိုနားလည်သည်မို့။

"ဒယ်ဒီ အလုပ်ရှုံသွားတော့လေ"

ဒယ်ဒီ့ပါးပြင်ကို မွှေးမွှေးပေးရင်း သူ နှုတ်ဆက်လိုက်သည်။ ဒယ်ဒီကလည်း ပြန်မွှေးရင်း –

"အိုကေ ဘိုင်"

မာမီက လက်နှစ်ဖက်ပိုက်ထားရင်း မော့မော့ကြွကြွလေးဖြင့် ဒယ်ဒီ့ကို မကြည်သလိုလို ကြည့်၍ မေးဖျားလေးဆတ်၏။

သားကိုနှုတ်ဆက်ပြီးဆိုတော့ သွားတော့ဆိုတဲ့သဘော။

ဒယ်ဒီက မာမီ့အလိုကျရယ်။

သူ့ဆံပင်ထောင်ထောင်လေးကို တစ်ချက်ဖိပွတ်ရင်း ထွက်သွားလေသည်။ ဒယ်ဒီကိုယ်တိုင်မောင်းတဲ့ မာစီးဒီးကားဖြူလေး စံအိမ်ဝင်းထဲက ထွက်ခွာသွားတာကို အမြင်တဆုံး သူ ကြည့်နေလိုက်သည်။

ဒယ်ဒီ့ကားလေး သူ့မြင်ကွင်းထဲက ပျောက်ကွယ်သွားမှ –

"လာ့ သား၊ မနက်စာစားမယ်"





"ဟုတ်ကဲ့ မာမီ"

မာမီက ထမင်းစားခန်းထဲ တန်းဝင်သွား၏။ သူက မာမီ့နောက်က ချက်ချင်း လိုက်မသွားသေးပါ။

ခြံရှေ့ဘက် သုတ်ခနဲပြေးထွက်ကာ စံအိမ်ဝင်ပေါက် သံပန်း တံခါးပေါက်ကြားမှ တစ်ဖက်ခြံက၊ ကလေးမလေးကို ချောင်းကြည့်လိုက်သည်။

ကောင်မလေးက တစ်ယောက်တည်းကစားလို့ မောသွားပြီ ထင်တယ်။

အုတ်ခုံလေးပေါ် ခြေနှစ်ဖက်တွဲလောင်းချထိုင်ပြီး အမောဖြေနေသည်။

ထိုအခါ –

သူ့ခေါင်းထဲမှာ လက်ခနဲဆို အတွေးတစ်ခုရလိုက်သည်။ ထို ကောင်မလေး သူ့ကိုမြင်သွားအောင် တစ်ခုခုလုပ်ဖို့။

ဟုတ်တယ်။

သူ့အတွေးအတိုင်း စံအိမ်ပန်းခြံလေးနားမှာ မနေ့ကတည်းက သူ စားပြီး မကောက်သိမ်းရသေးတဲ့ ဘဲဥပုံစက်ရုပ်သေးသေးလေး ကို ပြေးကောက်၏။

ထိုစက်ရုပ်လေးကို ဆုပ်ကိုင်ပြီး အားအပြည့်ဖြင့် တစ်ဖက်ခြံ တွင်းသို့ ပစ်သွင်းလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာချင်းဆိုင်ခြံနှစ်ခြံရဲ့ကြားမှာ ပေငါးဆယ်အကျယ် ကားလမ်းသာခြားတာမို့ သူပစ်ပေါက်လိုက်တဲ့ စက်ရုပ်က သူမလေးရှေ့ ဆိုက်ဆိုက်ကျ၏။

ထိုအခါ –

သူမလေး တအံ့တဩနဲ့ စက်ရုပ်လေးကို ငုံ့ကြည့်၏။ ဒီစက်ရုပ်လေး ဘယ်ကလွင့်လာတာလဲ။ စူးစမ်းတဲ့အကြည့်လေးနဲ့ သူမလေးက မော့ကြည့်၏။

ထိုအခါ –

သူက သံပန်းကြားမှ လက်ထုပ်ပြီးဝှေ့ပြလိုက်သည်။

သူမလေး သူ့ကိုမြင်သွားလျှင် သူ ရယ်ပြ၏။

ဒင်းလေးက အစတော့ အံ့ဩနေသည်။

"သားရေ သား"

မာမီရဲ့ခေါ်သံကြောင့် သူမလေးကို သူ ဘာမှပြောချိန် မရတော့ပါ။ သုတ်ခနဲ ပြန်လှည့်ကာ စံအိမ်ထဲပြေးဝင်ပြီး။

"မာမီ သား လာပြီ"

ဟု အသံပေးလိုက်သည်။

နောက်ဆို မလွယ်ရေးချမလွယ်။

ဒါကြောင့်။

✿ ✿ ✿



## အခန်း (၅)

"သားရေ၊ စံစံတို့တွေ ဖုန်းဆက်တယ်။ သားနဲ့ကစားဖို့တဲ့။ သူတို့စောင့်နေကြတယ်။ သားသွားဖို့ ကားအဆင်သင့်ပဲ"

မာမီက လက်ကိုင်ဖုန်းချပြီး သူ့ကို လှမ်းပြော၏ သူက အခန်း ထဲက ခေါင်းပြူထွက်၍ –

"သား ရုပ်ပြစာအုပ်တွေ ဖတ်ဖို့ကျန်သေးလို့၊ ဒီအပတ် စံစံတို့နဲ့ သွားမကစားတော့ဘူး မာမီ"

"ဟွန်း၊ စာချည်းဖတ်နေရင်း ငြီးငွေ့မှာပေါ့။ ခဏတစ်ဖြုတ်သွားကစားလိုက်လေ။ နေ့လယ်စာစားချိန်ဆို မာမီ ပြန်ခေါ်ပေးမှာပေါ့"

"ရတယ် မာမီ၊ မနေ့ညနေက ကျောင်းဖွင့်ဖြိုးရေးအချိန်တွေမှာ အချိန်ပြည့်ကစားထားလို့ မာမီ။ ဒီနေ့ စာပဲဖတ်တော့မယ်။



www.burmeseclassic.com

www.burmeseclassic.com



မာမီ ခွင့်ပြုနော်"

"အေးပါ၊ စံစံတို့ကို မာမီ ဖုန်းဆက်ပြောလိုက်မယ်"

တော်သေးတယ်။

သူ့ဘက်က အလျှော့ကောင်းပေလို့။

မာမီ အောက်ထပ်ပြန်ဆင်းသွားသည်။ သူက အခန်းထဲ ပြန်ဝင်ကာ တံခါးပိတ်ပြီး ပြတင်းပေါက်လိုက်ကာစလေး လှပ်၍ တစ်ဖက်ခြံသို့ကြည့်၏။

တစ်ယောက်တည်း ကစားနေတတ်တဲ့ ထိုကောင်မလေးကို မမြင်ရတော့ပါ။ ထိုအခါ သူ့စိတ်မှာ ဟာခနဲဖြစ်သွားသည်။

ဟိုအပတ်က သူပစ်ပေးလိုက်တဲ့ စက်ရုပ်လေးနဲ့ တစ်နေရာရာမှာ ဆော့နေလို့လား။

သူတွေးရင်း တငေးတည်း ငေးကြည့်နေမိသည်။

ထိုစဉ် –

သုံးဆင့်စတီးချိုင့်လေးဆွဲပြီး ကြီးကြီးဒေါ်စိန်နန်းတို့ တိုက်ထဲက ထွက်လာတဲ့ သူမလေး။ သူ့ရင်မှာ လှိုက်ခနဲပျော်သွားသည်။

အောက်ထပ်ပြေးဆင်းမလို လုပ်ပြီးမှ မာမီ ရှိနေတယ်ဆိုတဲ့ အသိကြောင့် ခြေလှမ်းကို ဘရိတ်အုပ်လိုက်ရသည်။

ချိုင့်လေးဆွဲပြီး သူမ ဘယ်သွားမှာလဲ။

ပြတင်းပေါက်ကနေပဲ သူ ကြည့်နေလိုက်သည်။ သူမလေးက





ကြီးကြီးစိန်နန်းတို့ခြံတံခါးကထွက်ကာ သူတို့စံအိမ်ဘက် ကူးလာသည်။

စံအိမ်ခြံဝင်းတံခါးဝမှာ သူမလေးလာရပ်၏။

ခြံစောင့်ဦးဝင်းမောင်က သူမလေးကို မေးမြန်းပြီး ခြံတံခါးဖွင့် ပေးလိုက်သည်။ သူမလေးက ဦးဝင်းမောင်နဲ့အတူ စံအိမ်ကြီးဆီ ဦး ရည်လာလျှင် သူ ပြတင်းပေါက်နားက ခွာပြီး အောက်ထပ်ပြေးဆင်း လာခဲ့သည်။

"ဟဲ့ ဒါ ဘယ်သူလဲ၊ ဘယ်က ကလေးကို စံအိမ်ထဲခေါ်သွင်း လာရတာလဲ"

မာမီရဲ့ မနှစ်မြို့သံစူးစူးကြောင့် သူ ခြေလှမ်းတွေ တန့်သွား သည်။

"အန်တီစိန်နန်းက မမလေးကြိုက်တဲ့ ထမနဲလာပို့ခိုင်းတာ ပါ"

ဦးဝင်းမောင်ပြောလျှင် မာမီ့မျက်လုံးက သူမလေးဆီ မကြည့် ဘဲ ကျရောက်၏။ ဒါပြင် စတီးချိုင့်ကိုင်ထားတဲ့ သူမလက်ကို သာ ကြည့်၏။

ညှပ်ထားတဲ့သူမလက်သည်းလေးက စင်ကြယ်နေသည်။ ဆိုထားတဲ့ ဂါဝန်အပြာရောင်လေးက အရောင်လွင့်ပြီး ဟောင်းနေပေ သည့် သန့်၏။

ဆံပင်ကောက်ကို နောက်ဘက်မှာ နှစ်ဖက်ခွဲကျစ်ပြီး ချော



www.burmeseclassic.com

www.burmeseclassic.com



ပြင်မှာ အလျားလိုက်ချထားတဲ့ သူမလေးက သန့်ရှင်းနေသည်။

သူမလေးက စစ်ဆေးသလိုကြည့်နေသည့် မာမီ့ကို မျက်လုံးအဝိုင်းသားနဲ့ မော့ကြည့်၏။

အန်တီစိန်နန်းပို့လိုက်တာမို့ မာမီက သူမလက်ထဲက စတီးချိုင့်ကို ဆွဲယူသည်။

အိမ်ထိန်းဒေါ်ထွေး လက်ထဲကို ထိုချိုင့်လေးပြောင်းပေးရင်း သူမလေးကိုလည်း မာမီ အရိပ်တကြည့်ကြည့် ကြည့်နေတာ နှစ်မြို့ခြင်းတွေနဲ့ မဟုတ်ပါ။

ဆင်းရဲသူမလေးတစ်ဦး စံအိမ်ထဲ ဝင်လာခြင်းဆိုတဲ့စိတ်နဲ့ မာမီ အမြင်စူးနေခြင်း။

သူမက ခေါင်းလေးငုံ့လျက် ရပ်စောင့်နေသည်။

ဒေါ်ထွေးက ကမန်းကတန်း ချိုင့်လှယ်ပေးလိုက်လျှင် ထိုချိုင့်လေးကိုကိုင်ပြီး သူမလေး သွက်သွက်ထွက်သွား၏။

သူမလေး ထွက်သွားပြီးတာနဲ့ ဦးမောင်ဝင်းက ခြံတံခါးကို သော့ခတ်၏။ မာမီက ဦးမောင်ဝင်းကို လက်ယပ်ခေါ်ပြီး အမိန့်ပေး၏။

''နောက်တစ်ခါ အဲဒီကလေးမကို စံအိမ်ထဲခြေမချစေနဲ့။ ခြံပြင်ကနေပဲ အဆက်အဆံလုပ်''

''စိတ်ချပါ မမလေး''

သူမလေးကို မာမီ ထိုသို့ဆက်ဆံလျှင် သူ့စိတ်ထဲမှာ ကရုဏာ





သက်၏။ ထို့ကြောင့် မာမီအပြင်ထွက်တာကို အခွင့်ကောင်းယူပြီး ကြီးကြီးစိန်နန်းတို့တိုက်ကို ဖုန်းဆက်၏။

''မာမီ့အကြိုက် ထမနဲပို့ပေးတဲ့အတွက် ကျေးဇူးတင်တယ်ကြီးကြီး''

''ကြီးကြီးက သားမာမီအကြိုက်ဖြစ်တဲ့ ထမနဲကို ကိုယ်တိုင်ထိုးတိုင်း ပို့ပေးနေကျပါ မြေးရဲ့''

''အဲဒါကြောင့် ကျေးဇူးတင်ရတာပါ ကြီးကြီး။ ဒါနဲ့ ထမနဲပို့နိုင်းတဲ့ကောင်မလေးက ဘယ်ကလဲ''

''ကြီးကြီးတို့တိုက်မှာ ဝိုင်းကူဖို့ခေါ်ထားတဲ့ မိသန်းသန်းသမီးပျိုးလေးပါ။ ဘာဖြစ်လို့လဲ မြေးလေး''

''ပျိုးကလေးနဲ့ သားကစားချင်လို့''

''ဘုရားရေ''

ဒေါ်စိန်နန်း ရင်ဘတ်ကြီး ဖိမိသွားသည်။

''ပျိုးကလေးနဲ့ကစားဖို့''

''ဟုတ်တယ်ကြီးကြီး''

''အမယ်လေး၊ မြေးမာမီသိရင် မိုးမီးလောင်မှာကွဲ့။ သားကစားချင်ရင် သူရတို့ဆီသွားလိုက်လေ''

''ဟင့်အင်း၊ ပျိုးကလေးနဲ့ပဲ ကစားချင်တယ်။ အခု မာမီလည်းအိမ်မှာမရှိဘူး။ အဲဒါ ပျိုးကလေးကိုလွှတ်ပေးပါလား။ မာမီ မရှိတုန်း



www.burmeseclassic.com

www.burmeseclassic.com



ဆော့ချင်လို့။ ခဏလေးပါ ကြီးကြီး။ မာမီက ညနေမှ ပြန်ရောက်မှာလေ။ မာမီမလာခင် ပျိုးကလေးကို ကြီးကြီးဆီ လွှတ်ပေးလိုက်မယ်။ ကူညီပါ ကြီးကြီး၊ သားတစ်ယောက်တည်း ဖြစ်နေလို့၊ နော် ကြီးကြီး''

သူ တတွတ်တွတ်ပြောလိုက်တော့ ကြီးကြီး စာနာပုံရသည်။

''အေးပါ မြေးရယ်၊ အေးပါ''

ကြီးကြီးခွင့်ပြုလိုက်တော့ မောင့်ကမ္ဘာရင်မှာ လှိုက်ခနဲပျော်မြူးသွားသည်။

''ဒါမှ ကြီးကြီး။ ကြီးကြီးကို သားချစ်တယ်''

''အမယ် မြေးဆိုးလေး။ ဒါပဲ မဟုတ်လား''

''ဟုတ်''

သူ ခေါင်းလေးညိတ်ကာ ဖုန်းခွက်လေးချရင်း ကိုယ်လုံးလေးကို လှုပ်ခါ၍ တစ်ပတ်လည်အောင် က,လိုက်မိသည်။

✿ ✿ ✿



## အခန်း (၆)

နှုတ်ခမ်းလေးစေ့ပြီး ပြုံးလိုက်လျှင် ပျိုးလေးက အလွန်ချစ်ရာကောင်းသည်ဟု မောင့်ကမ္ဘာထင်သည်။

''ပျိုးကလေး၊ အဲလိုပဲပြုံးထား''

''ဘာဖြစ်လို့လဲ ဟင်''

''ပျိုးလေး ပြုံးနေတဲ့ပုံ ဆွဲပေးမလို့''

''ဟွန်း၊ မောင့်ကမ္ဘာက ပုံဆွဲတတ်တယ်ပေါ့လေ''

''နည်းနည်းပါးပါးပါ။ မာမီက ပုံဆွဲသင်တန်းတက်ခိုင်းလို့ …ချောင်းကြီးပိတ်တုန်းက ရန်ကုန်သွားလည်တော့ မာမီက ပုံဆွဲဆရာ …ပြီးသင်ပေးတာ။ အဲဒီတုန်းက မာမီက သင်ဆိုလို့ သင်ဖြစ်တာ။ …စ်လစာသင်ရိုးကုန် သင်ခဲ့တာ။ သင်ပြီးပြီးချင်း မာမို့ပုံဆွဲဖြစ်သေး



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဒီမှာကြည့်''

မောင့်ကမ္ဘာက စာအုပ်စင်ပေါ်မှ သူဆွဲခဲ့တဲ့ ပန်းချီဖိုင်တွဲကို ထုတ်ယူပြီးပြသည်။ ဒယ်ဒီပုံ၊ မာမီ့ပုံ၊ သူတို့ရဲ့စံအိမ်။ ရန်ကုန်က မာမီ့ရဲ့မာမီပုံ။

ပြီးတော့ စိတ်ကူးတည့်ရာဆွဲထားတဲ့ ရှုခင်းပုံ၊ ကားပုံ စသည်ဖြင့် သူဆွဲထားတဲ့ ပုံနှစ်ဆယ်ခန့်ရှိသည်။

ထိုပုံတွေက သက်ဝင်တဲ့ပုံတွေ မဟုတ်ပေမယ့် ပျိုးကလေးက သဘောကျနေသည်။

''အဲဒါဆို ဆွဲလေ''

''အိုကေ''

ပျိုးကလေးကို သူ့ခုတင်မှာ ခြေတွဲလောင်းချ၍ ထိုင်စေသည်။

ဆံပင်ကောက်လေးကျစ်ဆံမြီးနှစ်ဖက် ကျစ်ထားတဲ့ပုံစံလေးနဲ့ ပျိုးကလေးမျက်နှာလေးက ရှင်းသန့်နေသည်။ နှုတ်ခမ်းလေးစေ့ပြီး ပြုံးကာ သူ့ကိုစိုက်ကြည့်နေသည်။

ပန်းနုရောင်ဂါဝန်အဟောင်းလေးက သူ လက်စွမ်းပြတဲ့ ဆေးရောင်ကြောင့် တောက်ပနေလျှင် သူမလေးက ပို၍ ချစ်စရာကောင်းနေသည်။

သူဆွဲဖူးသမျှပုံတွေထဲမှာ ပျိုးကလေးပုံကိုဆွဲရတာ စိတ်ဝင်စား လက်ပါ အရှိဆုံးနဲ့ အချိန်အကြာဆုံးဖြစ်သည်။





သုံးနာရီခန့်လောက်ကြာတော့ ပျိုးကလေးပုံ ပီပြင်သွားသည်ဟု ထင်သည်။ သူ့ကိုသင်တဲ့ ပန်းချီသင်တန်းဆရာမြင်ရင်တော့ ဟိုနေရာ ဆိုတယ်၊ ဒီနေရာထပ်ဖြည့်ရဦးမယ် ... စသည်ဖြင့် ပြောဆိုမှာ သေချာပေမယ့် သူကိုယ်တိုင် စိတ်တိုင်းကျနေသည်။ ပျိုးကလေးကလည်း ထိုပုံလေးကိုကြည့်ရင်း မျက်ဝန်းလေးက ဝိုပြီးတောက်ပလျက်။

''မောင့်''

''ဟင်း''

''ဒီပုံလေး ပျိုးလေးကို လက်ဆောင်ပေးမလား''

''ယူလေ''

''အိုး ပျော်လိုက်တာ။ ပျိုးလေးက ပျိုးလေးပုံကို မှန်ထဲမှာပဲ မြင်ဖူးတာ။ ခုလို စာရွက်ပေါ်ဆွဲပြတာမျိုး တစ်ခါမှ မမြင်ဖူးဘူး။ မောင့်ကို ကျေးဇူးတင်တယ်၊ တကယ်ပြောတာ''

''အဲဒါဆိုရင် အပတ်တိုင်းလာကစားဖို့ မမေ့နဲ့''

''မေမေက နောက်အပတ်ဆိုရင် အိမ်မှာ နားရတော့မယ်တဲ့''

''ဘာဖြစ်လို့''

''မေမေက မောင်လေးမွေးတော့မှာ''

''ဟာ ဒါ ဒါဆို ပျော်စရာကြီးပဲ။ ပျိုးလေး မောင်လေးရတော့ မှာပေါ့''

''ဟုတ်တယ်၊ ပျိုး မောင်လေးရတော့မှာ။ အဲဒီတော့ ပျိုးနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကစားဖို့ အဖော်ရမှာလေ''

''မောင်လေးရတော့မှာမို့ မောင့်ကိုမေ့သွားမလား ပျိုးလေးရယ်''

''ဟင့်အင်း''

''မောင်လည်း ပျိုးလေးကို ဘယ်တော့မှမမေ့ဘူး''

''တကယ်''

''တကယ်ပေါ့''

သူပြောလျှင် ပျိုးကလေးက လက်သီးဆုပ်ပြီး လက်မလေးထောင်၏။ သူကလည်း လက်သီးဆုပ်၍ လက်မလေးထောင်ပြီး ပျိုးလေး လက်မနဲ့ဖိကပ်ထားလိုက်သည်။

ထိုစဉ် –

''သားရေ သား''

''ဟင် မာမီ''

နှစ်ယောက်သား လန့်သွား၏။

မောင့်ကမ္ဘာက ချက်ချင်းအသိဝင်လာကာ ပျိုးလေးလက်ကို ဆွဲပြီး ရေအိမ်ခန်းထဲ ပုန်းစေသည်။

သူက ဟန်မပျက်အောင်ထိန်း၍ ပန်းချီဆွဲဖို့ပြင်ဆင်နေလိုက်သည်။

''သား''

မာမီက ခေါ်သံနဲ့အတူ သူ့အခန်းထဲ ရောက်လာသည်။ သူက





ပန်းချီဆွဲတဲ့အထဲ အာရုံစူးစိုက်နေဟန်နဲ့ မကြားချင်ယောင်ဆောင်နေလိုက်သည်။

ဒေါ်ဘရဏီကမ္ဘာက သားဖြစ်သူကို အငေးသားကြည့်ရင်း ကြည်နူးသွား၏။ သားက သူမပုံကို အာရုံစိုက်ပြီး ရေးဆွဲနေသည် မဟုတ်လား။

ဒါကြောင့် သူမခေါ်တာ မကြားတာပေါ့။

နေပါစေ။

ဆွဲပါစေ။

သား အာရုံပျက်သွားတာမျိုး သူမ မလိုချင်ပါ။ ဒါကြောင့် ဒေါ်ဘရဏီကမ္ဘာ သားအခန်းထဲက ပြန်ထွက်ကာ အောက်ထပ်သို့ ပြန်ဆင်းသည်။

မာမ့်ခြေသံပျောက်သွားလျှင် သူ ကမန်းကတန်းထ၍ ပျိုးကလေးကို သန့်စင်ခန်းထဲကဆွဲထုတ်၏။

ပျိုးကလေးက ကြောက်လွန်းလို့ မျက်ရည်လေးဝဲနေသည်။

''လာ ပျိုး။ မြန်မြန်လာ''

ပျိုးလေးကို သူ လက်ဆွဲကာ သူ့အခန်းအပြင်ဘက်ထွက်၍ ဆိုက်နောက်ဘက်ဆွဲခေါ်သွားကာ နောက်ဘက်လှေကားက အပြေးဆင်း၏။

ထို့နောက် –



www.burmeseclassic.com

www.burmeseclassic.com



စံအိမ်ဝန်းကျင်ရှိ ပန်းဥယျာဉ်ထဲမှ သစ်ခွစင်နဲ့ကွယ်ကာ စံအိမ်ဝင်ပေါက်တံခါးဆီ အပြေးသွား၏။

ဦးမောင်ဝင်းကလည်း ရင်တထိတ်ထိတ်နှင့် တံခါးပေါက်ကို အဆင်သင့်ဖွင့်ထားပေးသည်။

ထိုကလေးမ ပြေးထွက်သွားမှ မောင့်ကမ္ဘာနဲ့ ဦးမောင်ဝင်း အသက်ဝဝရှူနိုင်သည်။ ထို့နောက် မောင့်ကမ္ဘာက လာလမ်းအတိုင်း ပြန်လှည့်ကာ သူ့အခန်းထဲ တန်းဝင်ပြီး ငြိမ်နေလိုက်သည်။

မတော်တဆ ပျိုးလေးကိုတွေ့သွားရင်။

ဟင့်အင်း။

မတွေ့ပါစေနဲ့။

✿ ✿ ✿

## အခန်း (၇)

"သန်းသန်း၊ ဆရာမက ဘာတဲ့လဲ"

ဖေဖေက ထမင်းစားဝိုင်းမှာ ဝင်ထိုင်၍မေး၏။ မေမေက ဖောင်းနေတဲ့ဗိုက်ကြီးကို လက်ကလေးတစ်ဖက်တင်၍ ဖေဖေမေးတာကို ရွှင်လန်းစွာပြော၏။

"သန်းတို့ ရက်တွက်တာမှားနေလို့ ဖြစ်မယ်တဲ့။ မွေးဖို့က တစ်လလောက်လိုသေးသတဲ့"

"တော်သေးတာပေါ့"

ဖေဖေက လက်ထဲစုထားတဲ့ ငွေနည်းနေတာကို တွေးရင်း ဒီလိုပြောလိုက်ဟန်တူသည်။ မေမေက ထမင်းခူးရင်းတန်းလန်းနှင့် မျက်မှောင်လေးကြုတ်၍ –

"ဘာဖြစ်လို့လဲ ကိုမျိုးထွန်း"



www.burmeseclassic.com

www.burmeseclassic.com



"ကိုတို့မှာ ငွေက နည်းနေသေးတယ်လေ၊ အဲဒါကို တွေးမိလို့ပါ"

"အဲဒီအတွက် စိတ်မပူပါနဲ့"

"ဘာဖြစ်လို့"

"မွေးဖွားဖို့ငွေလိုရင် ဒေါ်စိန်နန်းက ကူညီမယ်တဲ့"

"သူများပိုက်ဆံ အလွတ်မဲ့မယူချင်ဘူး မိန်းမရာ"

"သန်းလည်း အလကားမယူပါဘူး။ ဒေါ်ကြီးစိန်ဆီမှာ အလုပ်လုပ်ရင်း လခနဲ့ နှိမ်ပါလို့ပြောထားတယ်"

ဖေဖေနဲ့မေမေပြောနေတာကို ပျိုးကလေးက တိတ်တိတ်ဆိတ်ဆိတ် နားထောင်ရင်း ထမင်းပွဲအတွက် လိုအပ်တဲ့ တို့စရာ၊ ငါးပိထောင်းပန်းကန်ကို စားပွဲပေါ်တင်သည်။

"အေးပါကွာ၊ ကိုလည်း အချိန်ပိုအလုပ်ဆင်းဖို့ သူဌေးကို ပြောထားပြီးပြီ။ ဘာမှ အားမငယ်နဲ့"

"စိတ်ချပါ၊ သန်းလည်း အားတင်းထားပါတယ်။ မွေးဖွားဖို့နောက်တစ်လလောက် လိုသေးတယ်ဆိုတော့ အလုပ်လည်း လုပ်လို့ရသေးတယ်လေ"

"နားလိုက်တော့ မိန်းမရာ"

"အလုပ်က အပင်ပန်းကြီးမဟုတ်ပါဘူး။ ဒေါ်ကြီးစိန်က အရင်လို အဝတ်လျှော်နဲ့ ခြံရှင်းတာမျိုး မခိုင်းဘူး။ အချက်အပြုတ်ပဲ





လုပ်ကိုင်ပေးရတာ ကိုမျိုးရဲ့"

"ဒါဆို ဒီအပတ် ကျောင်းပိတ်ရင် သမီးလည်း မေမေ့နောက်လိုက်ရမှာပေါ့"

မေမေနဲ့အတူ ထမင်းပွဲဝိုင်းပြင်ပေးရင်း ပျိုးကလေး ဝင်မေးလိုက်သည်။ မေမေက ပြုံး၍ –

"လိုက်ရမှာပေါ့၊ သမီးရှိတော့ မေမေတောင် အဖော်ရသေးတယ်"

"ဟေး"

သူမလေး အားရဝမ်းသာ လက်ခုပ်လေးတီး၏။ မေမေနဲ့ဖေဖေက ပျိုးကလေးကို ကြည့်ရင်း ကြည်နူးလျက်။

"ကဲ ကိုယ်တို့မိသားစု ထမင်းလက်ဆုံစားကြစို့ကွာ၊ ထမင်းစားတော့မယ်ကွာ"

"ဟုတ်ကဲ့ ဒီမှာ လက်ဆေးရေ ဖေဖေရဲ့"

ပျိုးကလေးက လက်ဆေးရေခွက်လေး ဖေဖေ့ကို ကမ်းပေးလိုက်သည်။ ဖေဖေက လက်ဆေးပြီးတော့ သူမလည်း ဖေဖေနဲ့မေမေအလယ်ဝင်ထိုင်ကာ မိသားစု တစ်ပျော်တစ်ပါး စားကြ၏။ ပဲဟင်းချိုချိုနှယ်။ ငါးပိထောင်းစပ်စပ်နဲ့ တို့စရာရယ်၊ ကြက်ခြေထောက်၊ ကြက်ခေါင်းဟင်း တစ်ပန်းကန်ရယ်က သူမတို့မိသားစုအတွက် နတ်သုဒ္ဓါသဖွယ်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"မောင့်ရေ၊ ဟော့ မောင့်"

"ငါတို့လာတယ်ကွ"

သူရတို့ခေါ်သံကြားရတာနဲ့ မောင့်ကမ္ဘာ စိတ်ပျက်စွာ ခေါင်းကုတ်လိုက်၏။

"ဟော့မောင့်၊ ငါတို့လာပြီကွ"

ထွန်းထွန်းအသံက ပိုကျယ်လာသည်။

"မောင့်ကမ္ဘာ တံခါးဖွင့်ဦးကွာ"

ဖွဲ့အသံက အကျယ်လောင်ဆုံးဖြစ်၏။ ထိုအခါ မောင့်ကမ္ဘာ ငြိမ်နေ၍မရတော့ပါ။ လသာဆောင်ကနေ ဟိုဘက်ခြံဝင်းကို မျှော်ကြည့်နေရာမှ နောက်ပြန်လှည့်ခဲ့ရသည်။





"လာပြီကွာ"

စိတ်မပါစွာ ပြောဆိုရင်း ပိတ်ထားတဲ့ သူ့အခန်းတံခါးကို မောင့်ကမ္ဘာ ဖွင့်ပေးရ၏။

"မောင့်၊ မင်း နေနိုင်လွန်းတယ်ကွ"

ရှေ့ဆုံးကဝင်လာတဲ့ ဖွဲ့ ပြော၏။

"ဟုတ်သားပဲ မောင့်ရယ်။ စံတို့နဲ့ မောင့် လာမကစားတာ ဘယ်နှစ်ပတ်ရှိပြီလဲ"

"မင်းက မကစားဘဲနေနိုင်လွန်းတယ်"

အခန်းထဲဝင်တဲ့ သူ့သူငယ်ချင်းတွေ တစ်ယောက်တစ်ခွန်း ပြောကြသည်က သူတို့နဲ့ သွားမကစားလို့ အပြစ်မြင်စွာ။

သူက ဣန္ဒြေမပျက်ဘဲ –

"ငါ စာအုပ်ဖတ်နေလို့ကွ"

"ဟာ မင်းကလည်း စာဖတ်တာ တခြားအချိန် ဖတ်လို့ရရဲ့သားနဲ့"

"ဟုတ်သားပဲ၊ စနေ တနင်္ဂနွေက ငါတို့အားလုံး တစ်ပျော်တပါး ဆော့လို့ရရဲ့နဲ့။ အဲလိုနေ့ကို မင်း သဘောကျခဲ့တယ် မဟုတ်လား"

ထွန်းထွန်း ဒဲ့မေးလျှင် သူ မညာချင်ပါ။ ခေါင်းညိတ်လိုက်၏။ ထိုအခါ ထွန်းထွန်းက သူ့ပခုံးကိုဖက်၍ –

"သဘောကျရင် ဘာလို့မလာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါ သူ မဖြေဖြစ်ပါ။ စံစံက မျက်စောင်းထိုးကာ –

''ပြောလေ၊ ဘာဖြစ်လို့ စံတို့နဲ့ လာမကစားတာလဲ''

မောင့်ကမ္ဘာ ဣန္ဒြေမပျက် ခေါင်းရမ်းရင်း –

''ငါ ပြောပြီးပြီပဲ၊ စာအုပ်ဖတ်နေလို့ပါဆို''

''ငါ မယုံဘူးကွ''

သူရပြောလျှင် သူ့မျက်ခုံးနှစ်ဖက် အလိုလို လှုပ်ကြွသွား၏။ ထွန်းထွန်းနဲ့သူရက သူ့အခန်းထဲရှိ မြင်းရုပ်ကြီးကို တက်စီးရင်း ပြိုင်တူလိုလို မေး၏။

''ဘာလို့မယုံတာလဲ''

''ဟာ မင်းက စာဖတ်တာထက် ငါတို့ကောင်တွေနဲ့ ကစားရတာ ပိုပျော်နေရဲ့နဲ့။ ခု ဒီတစ်ပတ် နှစ်ပတ်အတွင်းမှာမှ စာအုပ်ဖတ်တဲ့ဘက် အာရုံပြောင်းသွားတာဆိုတော့ ရိုးရိုးတော့မဟုတ်ဘူး''

မလွယ်ပါလားဆိုတဲ့ အမြင်မျိုးနဲ့ မောင့်ကမ္ဘာ ပခုံးလေးတွန့်ကာ ကစားစရာ တယ်လီဖုန်းခွက်ကို ကောက်ယူရင်း အရုပ်ဗီရိုထဲ ကောက်ထည့်လိုက်သည်။

စံစံက လက်တစ်ဖက် ခါးထောက်ထားလျက်နဲ့ –

''ဟုတ်တယ်၊ ငါတို့နဲ့ မကစားချင်တာ အကြောင်းရှိရမယ် မောင့်။ ဟုတ်တယ်မဟုတ်လား''

''ဟာ ဘာအကြောင်းမှမရှိဘူး စံစံရာ''





''အဲဒါဆိုရင် နင်ညာတာပဲ''

''ဘာ''

သူ နောက်လှည့်လိုက်လျှင် စံစံနဲ့ မျက်နှာချင်းဆိုင် ဖြစ်သွားသည်။ စံစံက သူ့ကို စူးစူးစိုက်စိုက်ကြည့်ရင်း –

''ဟုတ်တယ်လေ နင်ညာတာ''

''ဟာ ငါက ဘာလို့ညာရမှာလဲ စံစံရာ''

မောင့်ကမ္ဘာ မလုံမလဲပြောရင်း စံစံရှေ့က ရှောင်ထွက်ခဲ့သည်။ နွဲ့က သူ့နောက်ကလိုက်လာရင်းပြောသည်။

''ဟုတ်တယ် မောင့်။ ငါတို့ကို ညာမနေနဲ့ကွ''

''ဘာမှမညာဘူး။ မယုံရင် မာမီ့ကိုမေးကြည့်။ ငါ စာဖတ်တယ်၊ ပြီးတော့ ပန်းချီဆွဲတာ ပြန်လေ့ကျင့်နေတယ်''

''အရှူး''

ထွန်းထွန်းက ထုံးစံအတိုင်း သူ့ကို ရှုတ်ချ၏။

''ဟုတ်တယ် နင် ရူးနေပြီ မောင့်''

စံစံက ပို၍ မာမာတင်းတင်းပြော၏။

''ငါကတော့ မင်းရူးနေတာထက် ငါတို့ကောင်တွေနဲ့ မကစားတာက ငါတို့ထက်ကောင်းတဲ့ ကစားဖက်တွေ့နေလို့ ဟုတ်တယ်နော် မောင့်။ ဟုတ်တယ် မဟုတ်လား''

နွဲ့က အတင်းအကျပ်မေး၏။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါလည်း ဖြစ်နိုင်တယ်"

ထွန်းထွန်း မှတ်ချက်ပေးသလို သူ့ပခုံးကို အတင်းဆွဲယူ၍ သူတို့ဘက် လှည့်စေသည်။

ဒီလို ဝိုင်းအုံပြီး အတင်းအကျပ်မေးမြန်းပြောဆိုတာ ခံနေရတော့ မောင့်ကမ္ဘာ ချွေးပြန်စပြုလာသည်။

"ပြောလေ၊ မင်းရနေတဲ့ ကစားဘက်က ဘယ်သူလဲ"

"ငါတို့ကောင်တွေနဲ့ အဆင့်တူလား။ တူရင် မိတ်ဆက်ပေးရမယ်ကွ"

သူရတို့ တောင်းဆိုသည်က အမိန့်ပေးသလို။

"ဘာဆိုင်လဲကွ"

သူ့ဘက်က ခံပြင်းစွာ လွှတ်ခနဲမေးချလိုက်၏။ ထိုအခါ စံစံတို့ ပို၍ခံပြင်းစွာ သူ့ကို ဝိုင်းကြည့်၏။

"ပြောလေကွာ။ မင်း သူငယ်ချင်းအသစ်ရနေလို့ မဟုတ်လား"

ဖွဲ့က သူ့ပခုံးကို တွန်းထိုး၍မေးခြင်း။ သူ့ဘက်က တကယ်တင်းသွား၏။

"ဟ မင်းတို့ ငါ့ကို ပုလိပ်စစ်လာမစစ်နဲ့ကွ"

"အောင်မာ၊ မင်းက လူပါးဝလို့"

ထွန်းထွန်းက သူ့ကို လက်သီးနဲ့ရွယ်၏။





"တောက် --- မသားက"

စံစံက သူ့ကို ဖိဆဲ၏။

"ငါတို့ကောင်တွေထက် အဆင့်နိမ့်တဲ့ဟာနဲ့ ကစားနေတာဖြစ်မယ်။ ဒါကြောင့် ဒီကောင် ငါတို့နဲ့ယှဉ်ပြီး မပြောနိုင်တာမျိုး"

သူရဖိပြောလျှင် မောင့်ကမ္ဘာ ဒေါသထွက်လာသည်။

သူ့စံအိမ်သာမက သူ့အခန်းထဲကပါ ရောက်လာကြပြီး အတင်း အကျပ် မေးမြန်းပြောဆိုနေတာက လက်ပါ ခြေပါနဲ့။

အဲဒါကို သူ မကြိုက်လှပါ။

ဒါကြောင့် သူ့ရှေ့မှာရှိနေတဲ့ ထွန်းထွန်းတို့ကို တွန်းဖယ်ရင်း–

"မင်းတို့သွားကြ"

"ဘာ"

"မောင့် နှင်က စံတို့ကို နှင်တယ်ပေါ့လေ"

စံစံတို့တစ်တွေ ဒေါသထွက်ကုန်သည်။

"ဟုတ်တယ်၊ နှင်တယ်။ မင်းတို့စရိုက်တွေကို မကြိုက်လို့ ငါ လာမကစားတာ၊ ရှင်းပြီလား။ မင်းတို့ပြန်ကြတော့"

မောင့်ကမ္ဘာ သည်းမခံတော့ပါ။

သူပြောဆိုနှင်ထုတ်လိုက်တော့ စံစံတို့လေးယောက် သည်းမခံ နိုင်တဲ့အထိ ဒေါသဖြစ်ရလေပြီ။

"လက်စသတ်တော့ ငမောက်က ဒီလိုကိုး။ ဟင်း ဟင်း



www.burmeseclassic.com

www.burmeseclassic.com



ဟင်း ငါတို့ကို လျှို့ဝှက်ထားလို့ မရဘူး။ မင့်သူငယ်ချင်းအသစ်က ဘယ်ကလေကဝလဲဆိုတာ ငါတို့ စုံစမ်းလိုက်မယ်''

''စိတ်ချ၊ တစ်ပတ်မကြာဘူး၊ အဖြေပေးစေရမယ်''

''လာ သူရ သွားမယ်''

စံစံက ပြောဆိုရင်း သူရတို့ကို ဦးဆောင်၍ ခေါ်ထုတ်သွား၏။

''ဟုတ်တယ်၊ ငါတို့ ဖော်ထုတ်မယ်။ အဲဒီတော့မှ နင့်မျက်ခွက်ကို တည့်တည့်ကြည့်ပြီး ပြောမယ်''

''ငါတို့ကောင်တွေထက်ညံ့တဲ့ဟာနဲ့ ကစားဘက် လုပ်ထားတာဆို မောင့် မလွယ်ဘူးကွ''

''တွေ့ကြသေးတာပေါ့ကွာ''

သူငယ်ချင်းတွေက သူ့ကို ဘလိုင်းချည်း ပြောဆိုပြီး ထွက်သွားကြသည်။ ကျွတ်။ ပြဿနာကောင်တွေ။

သူတို့နဲ့ သွားမကစားတာနဲ့ ပြဿနာလာရှာနေသည်။ ပြဿနာရှာတာက ရိုးရိုးလေးမဟုတ်ဘူး။

ပွဲကြမ်းကြမ်းဖြစ်စေမယ့် ပြဿနာမျိုး။

တောက်။ သူရတို့ ခွစီးထားတဲ့ မြင်းရုပ်ကြီးကို သူ ခြေထောက်နဲ့ ကန်ပစ်လိုက်၏။

မင်းတို့နဲ့ ဘယ်တော့မှ အဖက်မလုပ်ဘူးကွ။

✿ ✿ ✿



## အခန်း (၉)

''သားရေ''

''ဗျာ မာမီ''

မောင့်ကမ္ဘာက ကျောင်းလွယ်အိတ်ထဲ အချိန်စာရင်းနဲ့ တိုက်ပြီး စာအုပ်တွေဆီထည့်နေရာမှ ထူးလိုက်သည်။

''မာမီ အပြင်သွားမလို့သားရဲ့''

သူ့ရင်ထဲမှာ လှိုက်ခနဲ ဝမ်းသာသွားကာ စာအုပ်ထည့်နေရာမှ ...ဆီပြေးသွား၏။

ကျောက်စိမ်းရောင် ရယ်ဒီမိတ်ဝမ်းဆက်နဲ့ အစွမ်းကုန်လှနေ ...မာမီက သူ့ကို ဆီးပွေ့၏။

''မာမီ ကြာမှာလားဟင်''



www.burmeseclassic.com

www.burmeseclassic.com



"အဟင့် ကြာမယ်သားရဲ့။ ဘာဖြစ်လို့လဲ"

"မေးကြည့်တာပါ"

"သား ဘာလိုချင်လဲ"

"အပြန်မှာ ရှမ်းခေါက်ဆွဲဝယ်ခဲ့ပေးပါ။ ဒယ်ဒီပြန်လာရင် ဒယ်ဒီနဲ့အတူစားဖို့"

"အိုကေ၊ မာမီဝယ်ခဲ့မယ်"

"ကျေးဇူးပဲမာမီ"

"အင်း မာမီက အပြင်မှာကြာမှာဆိုတော့"

"ရတယ်မာမီ၊ သား စာအုပ်ဖတ်ရင်း စောင့်နေလိုက်မယ်"

"အိုကေ၊ ကိုမောင်ဝင်းရေ သားကို ဂရုစိုက်ဦး"

မာမီက သူ့ကို ပွေ့ဖက်ထားရာမှ ဖြေလွှတ်လျှင် သူ[illegible] မာမို့ပါးပြင်လေးကို ဖွဖွမွှေး၍ နှုတ်ဆက်လိုက်သည်။

"စိတ်ချပါ မမလေး"

ဦးမောင်ဝင်းပြောလျှင် မာမီက စိတ်ချလက်ချဖြစ်လျက် [illegible] ခေါင်းလေးကို ဖွဖွပွတ်၍ ဒရိုင်ဘာစက်အသင့်နှိုးထားတဲ့ ကား[illegible] တက်သွား၏။

မာမီပါသွားတဲ့ကားလေး ထွက်ခွာသွားလျှင် မောင့်က[illegible] လက်သီးလေးဆုပ်၍ လက်ရုံးကိုလည်း အားရပါးရ ဆန့်လိုက်[illegible]

ဦးမောင်ဝင်းက သူ့ကိုအားပေးသယောင်နဲ့ မျက်စိတစ်[illegible]





[illegible]ိတ်ပြသည်။

မာမီက အပြင်မှာကြာမှာဆိုတော့ အိုကေပေါ့။

ဝမ်းသာစိတ်နဲ့အတူ သူ တိုက်ထဲပြန်ပြေးဝင်ပြီး ကြိုးကြိုးဒေါ်[illegible]နန်းကို ဖုန်းဆက်လိုက်၏။

မကြာပါဘူး။

ပျိုးကလေးက သူတို့စံအိမ်ဘက်ကူးလာသည်။

မောင့်ကမ္ဘာက စံအိမ်အဝင်ဝကနေ ပျိုးကလေးလက်ကိုဆွဲယူ[illegible]ဆိုက်သည်။

"လာ ပျိုးလေး"

"အန်တီရောဟင်"

ပျိုးကလေးက ဟိုဟိုဒီဒီ ဝေ့ကြည့်ရင်း ကြောက်စိတ်လေးနဲ့[illegible]ရှာသည်။ မောင့်ကမ္ဘာက ခေါင်းလေးရမ်း၍ –

"မာမီအပြင်သွားတယ်"

"တကယ်"

"တကယ်ပေါ့ လာ၊ မာမီကြာမှလာမယ်တဲ့"

"အဲဒါဆိုရင် အချိန်ကြာကြာ ကစားရမှာပေါ့နော်"

"အင်း၊ အကြာကြီးကစားရမယ် ပျိုးလေးရဲ့"

"အဲဒါဆိုရင် ဘာတန်းကစားကြရင် ကောင်းမလဲ"

ပျိုးကလေးမေးလျှင် သူ ဦးစွာပြောသည်က –



www.burmeseclassic.com

www.burmeseclassic.com



"မုန့်စားတန်းကစားကြမယ်လေ"

"ဟယ် မောင့်ကလည်း"

"အဟုတ်ပြောတာ။ ပျိုးလေး ဗိုက်ဆာနေတယ် မဟုတ်လား"

"အင်း"

ပျိုးကလေး မညာချင်ပါ။

ပျိုးကလေးက အဆာပြေစားဖို့ မေမေ့ကို ထမင်းကြမ်းခဲဆီဆမ်းပေးဖို့ ပြောနေတုန်း ကြီးစိန်က မောင့်ဆီသွားကစားပါဆိုတာနဲ့ ပြေးလာခဲ့တာ။

"အဲဒါကြောင့် မောင့်ပြောတာ။ မုန့်စားတမ်းကစားကြမယ်"

"မုန့်က မုန့်အစစ်လား"

"အစစ်ပေါ့ ပျိုးလေးရဲ့။ ဒယ်ဒီဝယ်ပေးတဲ့မုန့်တွေ အများကြီးပဲ။ မောင့်တစ်ယောက်တည်း စားကုန်တာ မဟုတ်ဘူး။ ဒါကြောင့် ပျိုးလေးနဲ့ အတူစားမယ်၊ စားရင်းကစားမယ်ပြောတာ။ လာ"

မောင့်က ပြောရင်းဆိုရင် ပျိုးလေးလက်ဖျားကိုဆွဲကာ သူ့အခန်းရှိရာ အပေါ်ထပ်သို့ ခေါ်တက်သွားသည်။

ပျိုးကလည်းလည်း အားရဝမ်းသာ လိုက်ပါသွားကာ။

✿ ✿ ✿



## အခန်း (၁၀)

"ဟိတ် စံစံ၊ နင်သိခဲ့တဲ့သတင်းထူးက ဘာလဲ"

စံစံက သူ့ရတို့ရှိနေတဲ့ အခန်းထဲ ခြေချရုံရှိသေးသည်။ ထွန်းထွန်းက ဦးဆုံးမေး၏။

စံစံ ချက်ချင်းမဖြေသေးပါ။ ထွန်းထွန်းတို့စားနေတဲ့ ချောကလက်ဝေဖာတောင့်ကို မျက်စိကျကာ ဖျတ်ခနဲ ဆွဲလုပြီး အရင်စား၏။

"စံစံ နင်"

ထွန်းထွန်းက မျက်စောင်းတစ်ချက်ထိုးပြီး စံစံလုစားနေတဲ့ ချောကလက်ဝေဖာတောင့်ကို ပြန်လုဖို့ပြင်သည်။

ဖွဲ့က ဟန့်တားရင်း –

"ပြောလေဟာ၊ နင်သိထားတဲ့ သတင်းထူး"



www.burmeseclassic.com

www.burmeseclassic.com



ချော့ကလက်တောင့် လုစားခံရလို့ မကျေမနပ်ဖြစ်နေတဲ့ ထွန်းထွန်းကို စံစံ ဘုကြည့်ကြည့်၏။

သူရက စံစံမိုလ်ကျတာကို သည်းမခံချင်ပါ။ သို့သော်လည်း ဖွဲ့သိချင်နေသလို သူရကလည်း စံစံပြောမယ့်သတင်းထူးကို သိချင်နေတာမို့ သည်းခံကာ။

''စံ အစားပုတ်မနေနဲ့။ ပြောစရာရှိတာ မြန်မြန်ပြောစမ်းဟာ''

''အောင်မာ၊ နင်တို့တစ်တွေ ယောက်ျားလေးဖြစ်ပြီးတော့ ငါ့လောက်တောင် အသုံးမကျတဲ့ဟာတွေ။ ချော့ကလက်လေး လုစားခံရတာများ မျက်စောင်းထိုး ဘာထိုးနဲ့။ ငါ့ဥစ္စာနဲ့ ချွတ်ရိုက်ရရင် နာကုန်ဦးမယ်''

စံစံက ထုံးစံအတိုင်း ရင့်ရင့်ရိုင်းရိုင်းပြော၏။

''တောက် ကောင်မ၊ နင်က မိန်းမပီပီ ပဲမများနဲ့။ အနိုင်မကျင့်နဲ့။ ငါထိုးလိုက်ရ၊ အခွက်ပြဲဖို့ရှိတယ်''

ထွန်းထွန်း သည်းမခံနိုင်စွာ လက်သီးရွယ်ရင်းပြော၏။ စံစံက လက်ဝါးရွယ်ပြီး ထွန်းထွန်းဆီပြေးကပ်၏။

''ကဲ တော်ကြတော့ကွာ''

သူရနဲ့ဖွဲ့က နှစ်ယောက်စလုံးကို ကြားကနေ တားရင်း စိတ်မရှည်ဖြစ်ရလေသည်။

''ပြောစရာရှိရင် မြန်မြန်ပြောကွာ''





''တစ်ယောက်တစ်မျိုးနဲ့ ခရီးမရောက်တော့ဘူး။ ကဲ ပြောဘာသတင်းလဲ၊ ထူးတယ်ဆိုတာ''

စံစံက ချော့ကလက်ဝေဖာကို လက်စသတ်စားပြီး လက်ကိုဘောင်းဘီတိုလှလှလေးမှာသုတ်၏။

ပြီးမှ ဆိုဖာပေါ် အခန့်သားဝင်ထိုင်ပြီး စတိုင်ထွားထွားနဲ့ပြော၏။

''အေး ပြောမယ်ဟဲ့။ တကတည်း ငါရတဲ့သတင်းထူးဆိုတာ အကောင်စုတ်မောင့်ကမ္ဘာလေ''

''မောင့်''

''မောင့် ဘာဖြစ်လို့လဲ''

''ဘာဖြစ်ရမလဲ။ ငါတို့နဲ့မကစားတာ အကြောင်းမဲ့မဟုတ်ဘူး''

''ဒါဆို အကြောင်းရှိတာပေါ့''

**''ရှိပါ့ အကောင်ရဲ့''**

''နင်ကလည်း ပြောရင်းဆိုရင်း စကားလုံးရင့်မလာနဲ့။ မြန်မြန်ပြော။ မောင့်ကမ္ဘာက ဘာအကြောင်းကြောင့် ငါတို့နဲ့မကစားရတာလဲ''

''အစုတ်ပလုတ်ကောင်မနဲ့ တိတ်တိတ်လေးကစားနေတာလေ''

''ဘာ''

သူရက မယုံနိုင်အောင်ဖြစ်သွားသည်။ ဖွဲ့က သိချင်စိတ်



www.burmeseclassic.com

www.burmeseclassic.com



လောလောဖြင့် တအံ့တသြမေး၏။

"အစုတ်ပလုတ်ကောင်မ ဟုတ်လား၊ ဘယ်ကအစုတ်ပလုတ်မနဲ့လဲ"

"ဘွားဘွားအိမ်မှာ အိမ်စေလုပ်တဲ့ မိသန်းသန်းဆိုတဲ့ အဒေါ်ကြီး သိတယ်မဟုတ်လား"

"သိတယ်လေ၊ ငါ့မာမီတောင် အရင်တုန်းက ဒေါ်သန်းသန်းကို ခေါ်နိုင်းသေးတာပဲ"

ထွန်းထွန်းက ဝင်ပြော၏။

"အေး အဲဒီအဒေါ်သန်းသန်း သမီး ပျိုးကလေးဆိုလား ပျက်ကလေးဆိုလား အဲဒီကောင်မနဲ့ ကစားနေတာ ဟဲ့"

"ဟုတ်လို့လား"

"အိုးဟို့။ ငါ့မျက်စိနဲ့တပ်အပ်မြင်တာပါဆို"

"ဘယ်တုန်းကလဲ"

ဖွဲ့က တိကျသေချာအောင်မေး၏။

မေးတာကလည်းအကြောင်းရှိ၏။ စံစံက တစ်ခါတစ်ရံ အလိမ်ဇာတ်လမ်းတွေ လုပ်ပြောတတ်သူမဟုတ်လား။

ဒါကြောင့်မေးလျှင် စံစံက ဖွဲ့ပေါင်ကို ဖျတ်ခနဲလှမ်းရိုက်ပြီး–

"ကောင်စုတ်၊ ငါ့ကိုများ မယုံသလို ဘာလိုလိုနဲ့။ ဒီမှာ စံစံတို့က တပ်အပ်မြင်မှမြင်တယ်လို့ပြောတာ၊ နားလည်လား။ မနက်က





ဘွားဘွား အိမ်သွားနေတဲ့အချိန်မှာ ကားပေါ်ကနေ လှမ်းခနဲမြင်ရတာ။ အဲဒီကောင်မက မောင့်တို့စံအိမ်ထဲ ပြေးဝင်သွားတာ။ ငါက သေချာအောင် ကားဒရိုင်ဘာကို ခြံကျော်မောင်းခိုင်းပြီး ခြံထောင့်စည်းရိုးကြားက အပေါက်လေးကနေ ချောင်းကြည့်တာ။ အစအဆုံးမြင်ရတယ်"

"ဟင် ဒါ ဒါဆို မောင့်က ငါတို့တွေကို သူငယ်ချင်းမတော်တော့ဘူး၊ အဲဒီလိုလား"

"ဟုတ်မှာပေါ့၊ ဟိုကောင်မနဲ့ ကစားနေရတော့ ငါတို့ကို ရှောင်လိုက်တဲ့သဘော"

"အဲဒါဆိုရင်တော့ ငါမကျေနပ်ဘူး"

ထွန်းထွန်းကို စံစံတို့အားလုံး စိုက်ကြည့်ပြီး –

**"ငါတို့လည်း မကျေနပ်နိုင်ဘူးကွ"**

"သေချာတာပေါ့။ ငါဆို အဲဒီကောင်မကို ဆွဲရိုက်ချင်တာအော့၊ ဆန်မရာ၊ မောင့်နဲ့ကစားရဲရတယ်လို့"

စံစံက မျက်နှာချည်း ပုတ်ပုတ်ပွပွပုံစံပြောင်းရင်း အဆက်ဆုတ် ပြော၏။

"ပြီးတော့ မောင့်ကိုလည်း မကျေနပ်ဘူး"

"အဲဒီတော့ နင်က ဘာလုပ်မယ်စိတ်ကူးလဲ စံစံ"

သူရတို့လည်း မကျေမနပ် ဝိုင်းမေးကြသည်။ စံစံက နေရာ ဘော လူကြီးပုံစံနဲ့ လက်နှစ်ဖက် နောက်ပစ်၍ သူရတို့သုံးယောက်ရှေ့



www.burmeseclassic.com

www.burmeseclassic.com



ခေါက်တုံ့ခေါက်ပြန် လျှောက်၏။

ပြီးတော့ တဟင့်ဟင့်နဲ့ရယ်ပြီး –

"ဟင့် ဟင့် ဟင့်၊ စံစံတို့ကို ဒီလိုကြောသွားရမတဲ့လား"

"အဲဒီတော့"

"အဲဒီတော့ ဘာဖြစ်ရမလဲ ဖွဲ့ရဲ့။ မောင့်ကော အဲဒီကောင်မကော ခွာပြဲသွားအောင်လုပ်ရမှာပေါ့ဟ"

"ဘယ်လိုလုပ်မှာလဲ"

"ငတုံးကောင်ရဲ့"

ထွန်းထွန်းကို စံစံဖိပြောလိုက်သည်။ ပြီးမှ တစ်ဆက်တည်း ပြော၏။

**"မောင့်နဲ့ အဲဒီပျိုးကလေးကို အန်တီက ကစားခွင့်ပြုမှာ** မဟုတ်ဘူး။ ငါသိတယ်"

"ဟင်"

"ဒါ ဒါဆို"

"ဟုတ်တယ်၊ ပျိုးကလေးနဲ့ မောင့် အတူတူကစားတယ်ဆိုတာ သိရင် အန်တီဘရဏီ ထမီအလံထူပြီး လုပ်ပစ်မှာလေ။ ဒါကြောင့် ဒီကိစ္စ အန်တီဘရဏီသိအောင်လုပ်ရမယ်"

"အဲဒါဆို တိုင်ပြောလိုက်ကွာ"

"တိုင်ပြောတာထက် လက်တွေ့ပြလိုက်တာက ပိုထိရောက်





တယ်"

စံစံပြောတာကို သူရဲတို့တစ်တွေ သဘောကျသွားသည်။ စံစံက သူတို့အားလုံးထဲမှာ အလည်ဆုံး အရင့်ဆုံးနဲ့ အရိုင်းဆုံး။

ဘယ်ကိစ္စမဆို ဖြတ်ထိုးဉာဏ်က နှာတစ်ဖျားသာနေသည်။ ခုလည်းကြည့်၊ တိုင်တာက လက်တွေ့မကျဘူး။

လက်တွေ့ပြလိုက်တာက အန်တီဘရဏီ့စိတ်ကို ဝုန်းခနဲ တောက်လောင်စေမည် မဟုတ်လား။

"ဟုတ်တယ် စံစံ၊ ဒင်းတို့နှစ်ယောက် ကစားနေတုန်း လက်ပူးလက်ကြပ်ပြလိုက်၊ အဲဒါအကောင်းဆုံးပဲ"

"စိတ်ချ၊ အဲဒီအကောင်းဆုံးဆိုတာကို အမြန်ဆုံးပဲ လုပ်တော့မယ်။ လာ သွားစို့"

"ဘယ်ကိုလဲ"

"ဟဲ့ ငတုံးတွေ ပြန်မမေးနဲ့၊ "လိုက်ခဲ့ကြ"

စံစံက အဲသလို ကလေးဆိုးမလေးပါ။

သူရဲတို့ကလည်း စံစံ့ကို မလွန်ဆန်ကြပေ။

စံစံခေါ်တဲ့အတိုင်း ချက်ချင်းပဲ စုပြုံလိုက်ခဲ့ကြသည်။ ဟုတ်တယ်၊ ဒီကိစ္စ အမြန်ဆုံးလုပ်တာအကောင်းဆုံးပဲကွ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"လာ ပျိုးလေး"

"ဒီနေ့ ဘာတမ်းကစားမှာလဲ"

"စက်ဘီးစီးတမ်း ကစားမလားလို့"

မောင့်ကမ္ဘာပြောလျှင် ပျိုးကလေး သဘောကျသွား၏။

"ကောင်းတယ် မောင့်။ ပျိုးလေး စက်ဘီးစီးချင်နေတာ ကြာပြီ။ ပျိုးလေးမှာ စက်ဘီးမရှိလို့ မစီးဖူးသေးဘူး"

"အိုကေ၊ ဦးမောင်ဝင်းရေ၊ စက်ဘီးထုတ်ခဲ့ပေးပါလား။ ကျွန်တော်တို့ ခြံထဲမှာ စက်ဘီးပတ်စီးမလို့"

"အေးပါကွ"

ဦးမောင်ဝင်းကလည်း မောင့်ကမ္ဘာပြောတဲ့အတိုင်းပင် မောင့်





ကမ္ဘာရဲ့ကစားစရာပစ္စည်း သိုလှောင်ထားတဲ့အခန်းထဲက စက်ဘီး အသစ်လေး သွားထုတ်ပေး၏။

"နင် နင်းတတ်လား ပျိုးလေး"

"ဟင့်အင်း"

ပျိုးကလေး ခေါင်းခါသည်က ချစ်စဖွယ်ကောင်းသလို ရိုးသား မှုတို့နှင့် စင်ကြယ်နေသည်။

မောင့်ကမ္ဘာက ပျိုးကလေးကို စိုက်ကြည့်မိရင်း စံစံတို့နဲ့ ဆိုက်ချင်းမတူညီတဲ့ ပျိုးကလေးကို ပို၍ ခင်မင်တွယ်တာသွား၏။

ပျိုးလေးက စံစံ့လို စကားပြောမရှိင်းပါ။ သူရတို့လိုလည်း သူ့ကို အနိုင်မကျင့်ပါ။ ပျိုးလေးနဲ့ကစားရတာ သူ့စိတ်ကျေနပ်မှုရသလို အထိုက်လည်းပျော်သည်။ ဒါ့ပြင် အကြိမ်ကြိမ်တွေ့ဆုံပြီး ကစားချင်တဲ့စိတ် ဆိုလည်း ဖြစ်၏။

ပျိုးကလေးကို တမျှော်တည်းမျှော်နေရတာ မောင့်ဘက်က စိတ်ရှည်လက်ရှည်ရှိလေသည်။

ပျိုးလေးလာပြီးဆိုတာနဲ့ ကစားဖို့ခေါ်ရ၏။

ခုတလော မာမီ အပြင်ထွက်သွားတာများနေတာမို့ မောင့်တို့ အခွင့်အရေးအရများနေသည်မဟုတ်လား။

"လာ ပျိုးလေး"

ဦးမောင်ဝင်း ယူလာပေးတဲ့ စက်ဘီးကို မောင့် လက်တစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ထိန်းကိုင်ထားရင်း ကျန်လက်တစ်ဖက်နဲ့ ပျိုးလေးကို ဆွဲခေါ်သည်။

ပျိုးလေးကလည်း ဝမ်းသာစွာ။

"ပျိုးလေးကို သင်ပေးဖို့လား"

"အေးလေ၊ သင်ပေးရမှာပေါ့"

"ဖြစ်ပါ့မလား မောင့်ရဲ့"

"ဘာလို့မဖြစ်ရမှာလဲ။ လာ မောင့်က စက်ဘီးလက်ကိုင် ထိန်းပေးမှာပေါ့"

မောင့်အတင်းပြောတာနဲ့ ပျိုးလေးသည် စက်ဘီးကိုခွပြီး ထိုင်ခုံမှာ ထိုင်ဖို့ ကြိုးစား၏။

"အို"

စက်ဘီးလက်ကိုင်လည်သွားတာမို့ ပျိုးလေး ဟန်ချက်ပျက်သွား၏။ သို့သော်လည်း မောင့်က လက်ကိုင်ငြိမ်အောင် ထိန်းကာ ပျိုးလေးကို ရဲရဲထိုင်စေသည်။

ပျိုးကလေးကလည်း မောင့်ထိန်းထားပေးတာမို့ စိတ်ချသည်။ မောင့်က လက်ကို တစ်ဖက်ကထိန်းလျှင် ကျန်လက်တစ်ဖက်နဲ့ ဖင်ထိုင်ခုံကို ထိန်းကိုင်ပြီးတွန်း၏။

နှုတ်ကလည်း –

"နင်းလိုက်ပျိုးလေး၊ ခြေနင်းပေါ် ခြေဖဝါးတင်ပြီး အားထည့်နင်းလိုက်"





"အေးပါဟ၊ ဟာ နင်းလို့ရတယ် မောင့်ရဲ့"

"နင်း ရဲရဲနင်း။ လက်ကိုင်ကို မြဲမြဲကိုင်ထား။ ပြီးရင် လမ်းကြောင်းကိုကြည့်"

ပျိုးကလေးက မောင့်ပြောတဲ့အတိုင်း လက်ကိုင်ကို မြဲအောင်ကိုင်ရင်း လမ်းကြောင်းကိုကြည့်သည်။ ခြေနင်းကိုလည်း နင်းနေရတာမို့ စက်ဘီးလက်ကိုင်က မငြိမ်။

ဟိုရမ်း ဒီရမ်းနဲ့။

"ရတယ် ရမ်းပါစေ။ စိတ်ငြိမ်ငြိမ်ထားပြီးနင်း။ သူ့ဘာသူ ငြိမ်လာလိမ့်မယ်"

မောင့်က ထိန်းပေးရင်း ပျိုးလေးက ကြိုးစားနင်းရင်းနဲ့ ခြံရှေ့ နဲ့ခြံပတ်လည်လမ်းမှာ လေးငါးဆယ်ပတ် ပြည့်လာသည်။ ထိုအခါ ပျိုးလေး လက်ကိုင်ထိန်းလာနိုင်ကာ လက်ကိုင်ငြိမ်လာသည်။ ပုံမှန်လည်း နင်းလို့ ဖြောင့်လာသည်။

ပျိုးလေး လက်ကိုင်ထိန်းပြီး ပုံမှန်နင်းနိုင်လာတော့ မောင့်က လက်ကိုင်ထိန်းထားတဲ့ သူ့လက်တစ်ဖက်ကို ပျိုးလေး သတိမထားမိအောင် မသိမသာ ဖြေလွှတ်လိုက်သည်။

ထို့နောက် ထိုင်ခုံပါ လက်လွှတ်၍ ပျိုးလေးနင်းတဲ့နောက် တကောက်ကောက်လိုက်၏။

"နင်း ဖြည်းဖြည်းမှန်မှန်နင်း၊ ဟုတ်ပြီ၊ နင်းထား။ ပျိုးလေး



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပြီ။ နင်း နင်း ဖြည်းဖြည်းနင်း''

မောင့်က တကောက်ကောက်လိုက်ရင် ပျိုးလေးလက်ကိုင် ရမ်းနေရင် ဝင်ထိန်း။ ပြန်လွှတ်လိုက်နဲ့ အရာရာကို သတိလက်လွတ် ဖြစ်ကုန်သည်။

ဦးမောင်ဝင်းကလည်း ဒီကလေးနှစ်ယောက်ကိုကြည့်ရင်း သဘောကျ တငေးတည်းငေးနေမိတာက ဘာကိုမှ သတိမရစွာ။

ထိုစဉ် –

စံစံတို့ လေးယောက်ပါလာတဲ့ကားနဲ့ ရှေ့ဆင့်နောက်ဆင့် ရပ်လာတဲ့ကားက ဒေါ်ဘရဏီကမ္ဘာကား။

ကြည့်စမ်း။

တောက်။

သူမက သားကို ရွေးလိုစိန်လို ဥပြီးမွေးထားတာ။

ခုတော့ သူမဥပြီးမွေးထားတဲ့သားက ဂါဝန်စုတ်နဲ့ ကောင်မလေး စက်ဘီးနင်းရာနောက် တကောက်ကောက်လိုက်နေရတာ ရွှေးသံရွှဲရွှဲနဲ့။

သား စက်ဘီးကို မတန်မရာ ယူစီးရုံသာမကဘူး။ သားကို အနောက်က တကောက်ကောက်လိုက်စေတဲ့အဖြစ်။

ဒေါ်မေဘရဏီကမ္ဘာ မျက်လုံးမှာ ဒေါသကြောင့် ရဲတွတ်သွားတာ –





''တွေ့ပြီမဟုတ်လား အန်တီဘရဏီ''

စံစံ မေးဖျားလေးထိုးပြီးပြောလို့မဆုံးသေးပါ။ ဒေါ်ဘရဏီ ခြံဝင်းထဲသို့ လေဟုန်စီးသလိုရောက်သွားကာ –

မြက်ခင်းဝိုင်းကို စက်ဘီးပတ်စီးလာတဲ့ ထိုကောင်မလေးကို ဒေါ်ဘရဏီ ဆွဲပြီး တွန်းပစ်လိုက်၏။

''ကောင်မ''

''ဝုန်း''

''အား''

အဖြစ်အပျက်က ထင်မှတ်မထားတာမို့ အားလုံး ကြောင်သွား ကြ။

တွန်းပစ်လိုက်တဲ့အရှိန်နဲ့ ပျိုးလေးနဲ့ စက်ဘီးလုံးထွေးကာ ကျွန်း ကရစ်အခင်းလမ်းပေါ်ကျ၏။

''ဟီး ဟီး ဟီး''

ကျတဲ့အရှိန်နောက်မှာ ပျိုးကလေး ငိုသံကြီးကြားရ၏။

''ပျိုး''

မောင့်က စိုးရိမ်တကြီးနဲ့ ပျိုးလေးကို လဲကျနေတဲ့စက်ဘီး ကြားထဲမှ ဆွဲထုတ်၏။

''ဟီး''

''ဟင် ပျိုးလေး''



www.burmeseclassic.com

www.burmeseclassic.com



ပျိုးလေးရဲ့ငိုသံနောက်မှာ နှာကျင်ရှုံ့မဲ့သော မျက်နှာအောက် မေးဖျားဆီမှ သွေးတို့ရဲကာ တကောက်ကောက် ယိုကျကုန်၏။

"သား လာစမ်း"

ဒေါ်ဘရဏီက သားကို လှမ်းဆွဲ၏။

"မာမီ"

"သား တိုက်ပေါ်တက်စမ်း၊ ဟိတ် အလေနတော့မလေး ခုချက်ချင်း ငါ့ခြံဝင်းထဲက ထွက်သွား။ ဦးမောင်ဝင်း ရှင်တို့ ဘာလုပ်နေကြတာလဲ။ ကလေကဝတွေ ခြံထဲရောက်နေတာ မမြင်ကြဘူးလား မြန်မြန်ဆွဲထုတ်"

ဒေါ်ဘရဏီ အမိန့်စကားတွေနောက်မှာ အိမ်စေတွေလည်း ထိတ်လန့်ကုန်သည်။ ဦးမောင်ဝင်း ခြေမကိုင်မိ လက်မကိုင်မိဖြစ်ကာ-

"မမလေး"

"ဆွဲထုတ်စမ်း"

"ဟုတ်"

"မာမီ"

"သားမိုက်၊ ပါးစပ်ပိတ်ထားစမ်း။ ခင်သစ်တို့ ထွေးထွေး သားကိုခေါ်သွားစမ်း"

"မာမီ ပျိုးလေးသွေးတွေနဲ့"

"တောက် မြန်မြန်ခေါ်ထုတ်သွား"





"ဟီး ဟီး ဟီး"

ပျိုးကလေးက မေးဖျားမှ သွေးတွေ အရှိန်နဲ့ ယိုစီးကာ လူသွားလမ်းတစ်လျှောက် သွေးစက်ခင်းထားသလို ဖြစ်၏။

"ကောင်းတယ် ကောင်စုတ်မ"

"ဟီး ဟီး ဟီး"

စံစံတို့က ပြောလည်းပြော ရယ်လည်းရယ်။

"မာမီ မတရားဘူး။ ဟိုမှာ ပျိုးလေး ဒဏ်ရာရသွားတာ။ မာမီကြောင့်၊ ပျိုးလေး"

"ပါးစပ်ပိတ်စမ်း ဖြန်း"

ဒေါ်ဘရဏီ စိတ်ထိန်းထားလို့မရတော့ပါ။ မတို့ရက် မထိရက် ချစ်ရှာတဲ့သားကို ပါးပိတ်ရိုက်တဲ့အထိ ပေါက်ကွဲသွား၏။

ပါးအရိုက်ခံရတဲ့အရှိန်နဲ့ သားက ခွေခနဲ့ကျကာ၊ ထို့နောက်မှာ အိမ်အတွင်း ငိုသံကြီးစိုးသွား၏။

"ဟီး ဟီး ဟီး"

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

''သမီး သမီးလေး''

''ဟီး ဟီး ဟီး မေမေ''

ဒေါ်သန်းသန်း သမီးဖြစ်သူကို စိုးရိမ်တကြီး ပြေးပွေ့လိုက်လျှင် ရင်ဘတ်တစ်ခုလုံး သွေးတွေရဲနေတာ မြင်ရတော့ သူမ မိုက်ခနဲဖြစ်ကာ ဝုန်းခနဲ လဲကျသွားသည်။

''မေမေ ဟီး ဟီး ဟီး၊ မေမေ၊ ကြီးစိန်ရေ ကြီးစိန်''

''ဟဲ့ ဟဲ့ အမယ်လေး ဘာတွေဖြစ်ကုန်ပြီလဲ''

ဒေါ်စိန်နုန်း တိုက်ထဲကနေ ကမန်းကတန်း ပြေးလာပြီးကြည့်၏။ သမီးဖြစ်သူက သွေးစက်လက်၊ မအေဖြစ်သူက ရုတ်တရက်သွေးတွေမြင်တော့ လန့်ကာ သတိလက်လွတ် လဲကျသွားခြင်း။





''ဟဲ့ ဟဲ့ လာကြဦး''

ဒေါ်စိန်နုန်းက ခြံစောင့် ဦးသာမောင်ကိုခေါ်ရင်း ဒေါ်သန်းသန်းကို ဝိုင်းထူချီမကာ ဆရာဝန်ခေါ် ဘာခေါ်နဲ့ အလုပ်ရှုပ်သွား၏။

''သမီး''

''ဟီး မေမေ''

ဒေါ်သန်းသန်း သတိရလာတော့ သမီးကိုဖက်၍ ငိုချမိသည်။ ငိုနေတဲ့ ပျိုးကလေးကို စိတ်ရှည်ရှည်နဲ့ မေးမြန်းတော့မှ အကြောင်းစုံသိရတော့သည်။

ဖြစ်ရလေကွယ်။

ထိုသားအမိကို ကရုဏာသက်ရသလို ဘရဏီကမ္ဘာကိုလည်း ကြည်မလင် ဖြစ်၏။

သားသမီးချင်း ကိုယ်ချင်းစာစိတ်မရှိတာ အံ့သြပါရဲ့။

မေးဖျားပြနေတဲ့ဒဏ်ရာကြီးက နည်းနည်းနောနော မဟုတ်ပါ။ လေးချက်တိတိ ချုပ်ရတဲ့အထိ။

ခမျာ ကိုယ်ဝန်ရင့်မာကြီးတစ်ဖက်၊ ဒဏ်ရာရနေတဲ့ သမီးတစ်ဖက်နဲ့။

''ဒေါ်ဒေါ်အပြစ်ပါ သန်းသန်းရယ်။ ဒေါ်ဒေါ်အပြစ်ပါ။ ဒေါ်ဒေါ် ခွင့်ပြုလို့ ခုလိုဖြစ်ရတာ''

''ဟင့် ဟင့်၊ မတော်တဆဖြစ်တာဆိုရင် သန်း ခံနိုင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့''

''ဒေါ်ဒေါ်သိပါတယ်ကွယ်၊ ကဲ ကဲ စိတ်ကိုလျှော့။ ဆရာဝန်ပေးတဲ့ ဆေးတွေ အချိန်နဲ့သောက်ဖို့ မမေ့နဲ့။ ညည်းကော ညည်းသမီးကော။ ဦးသာမောင်ရေ သန်းသန်းတို့သားအမိကို ပြန်ပို့လိုက်။ ကိစ္စရှိရင် ဒေါ်ဒေါ့်ကို ဖုန်းဆက်ဟုတ်ပြီလား။ လိုတာရှိလည်း ပြော၊ အားမနာနဲ့''

ထိုသားအမိကို ဒေါ်စိန်နန်း ချော့မော့ဖျောင်းဖျကာ နေအိမ်ပြန်ခွင့်ပေးလိုက်ရသည်။

သို့သော်လည်း –

ရင်ထဲမှာ သည်းမခံချင်တာမို့။

✿ ✿ ✿

## အခန်း (၁၃)

''ဘရဏီရယ်၊ သားကို လက်ပါမြေပါ ရိုက်ပုတ်ဖို့ မလိုပါဘူး''

''ကိုကိုက ဘရဏီ့ကို အပြစ်တင်နေတာလား''

''မဟုတ်ရပါဘူးကွာ''

ဦးစိုးမင်းသူက သားပါးပြင်ထက်က ရဲတွတ်နေတဲ့ လက်ဖဝါးရာကိုကြည့်ရင်း စိတ်မချမ်းမြေ့စွာပြောဏ်။

''မဟုတ်ရဘူးဆိုရင် ကိုကိုဝင်မပြောနဲ့။ သားကို ရိုက်မိလို့ ဘရဏီ့အသည်းနှလုံး ဘယ်လောက်နာကျင်ရလဲဆိုတာ ဘရဏီအသိဆုံးပဲ''

''အဲဒါဆိုလည်း ဘာလို့ရိုက်ရတာလဲကွာ''

''ဟွန်း ရိုက်ရမယ်၊ ဘရဏီ့သားကို ဘရဏီ ရင်ထဲကသည်းထဲ



www.burmeseclassic.com

www.burmeseclassic.com



ညပြီး မွေးထားတာ မဟုတ်ဘူး။ ရင်ထဲမျိုချထားသလို ပိုက်ပိုက်ထွေးထွေး မွေးခဲ့တာ။ ဘယ်ကလေကချေမနဲ့မှ''

''ကျွတ် ဘရဏီရယ်၊ ကလေးချင်းကစားတာပဲ''

ဒေါ်ဘရဏီကမ္ဘာစကားမဆုံးခင် ဦးစိုးမင်းသူ ဖြတ်ပြော၏။ ထိုအခါ ဒေါ်ဘရဏီကမ္ဘာ ဆွေ့ဆွေ့ခုန်သွားပြီး ခင်ပွန်းသည်အပါး ပြေးကပ်လာကာ –

''အဆင့်ချင်း အတန်းချင်းတူလို့လား ကိုကို''

''အဲဒါကြောင့် ခက်တာပေါ့ ဘရဏီရဲ့''

''အို ဘာမှမခက်ဘူး၊ သားအတွက် ကစားဖော်တွေရှိတယ်။ တန်ရာတူရာနဲ့ ကစားခွင့်ပေးထားပြီးပြီ။ ပြောရင်းဆိုရင်း ဒေါ်သထွက် ထွက်လာတယ်။ အဲဒါမောင်ဝင်းကြောင့် ခြံထဲ အဲဒီဟာမလေး ပေးမဝင် ပါနဲ့ဆို ပေးဝင်တယ်။ အဲဒါကြောင့် ဒင်းကိုလည်း အလုပ်ဖြုတ်ပစ်လိုက်ပြီ''

''ဟင်''

ဦးစိုးမင်းသူ ပိုပြီးနားမလည်အောင်ဖြစ်ရလေသည်။

''ဟင်ခနဲဖြစ်မနေနဲ့ကိုကို၊ အန်တီစိန်နန်းကိုလည်း ဘရဏီ မကျေနပ်ဘူး''

''မကျေနပ်တော့ ငါ့ကို ညည်း ဘာလုပ်ချင်လဲ ဘရဏီ''

ဒေါ်စိန်နန်း စံအိမ်ထဲဝင်လာရုံနဲ့ အားမရပါ။ လက်တစ်ဖက်ကို ပါ ခါးထောက်ရင်း မေး၏။





ဒေါ်ဘရဏီကမ္ဘာက သားဇော်နဲ့မို့ တစ်ဝမ်းကွဲယောက္ခမ သော သာသော မမှုတော့ပါ။

ဒေါ်နန်းရှေ့ ဖျတ်ခနဲတိုးသွားပြီး –

**''ဘရဏီ့သားကိုစွ အန်တီ ဘာမှ စိမ်ခွင့်မရှိဘူး။ ဘယ်** ကလေကချေမနဲ့မှ ပေးကစားခွင့်မရှိဘူး။ ခုလို **ကစားခွင့်ပေးတဲ့** အန်တီ့ ကို ဘရဏီမုန်းတယ်''

''တောက် ညည်း''

''ဟုတ်တယ်၊ ဘရဏီ့သားက ဘရဏီ့သဘောအရ ဘရဏီ ကစားခွင့်ပေးတဲ့သူနဲ့ပဲ ကစားရမယ်''

''အေး ညည်းခွင့်ပေးတဲ့ ငါ့မြေးမအရင်းစံစံက ပျိုးကလေးလို ညှိကျေးမှုမရှိဘူး။ စံစံ ဘယ်လောက်ရိုင်းလဲဆိုတာ ဘွားအေဖြစ်တဲ့ငါ သိတယ်။ ဒါကြောင့် မောင့်ကမ္ဘာရဲ့ဆန္ဒကို ငါက ကြည်ဖြူတာ။ ကြည်ဖြူလို့ပေးကစားတာ။ အဲဒါကိုပဲ ညည်းက လူကြီးတန်မဲ့ လုပ်လိုက် တာ။ မအေချင်း ကိုယ်ချင်းစာကြည့်စမ်း''

''မစာနိုင်ဘူးအန်တီ၊ ဘရဏီက ပေါက်လွှတ်ပဲစားမွေးထား တာတ်ဘူး။ ဝင်းနဲ့ခြံနဲ့ အထိန်းအကွပ်နဲ့ မွေးထားတာ။ အဲဒီအတွက် ဘယ်ကလေကဝကိုမှ အဝင်မခံဘူး။ အန်တီမကျေနပ်ရင်လည်း ဘရဏီ အမှာက ဂရုမစိုက်ဘူး။ အဲဒီဟာမကို ဒီထက်မက လုပ်ပစ်ဖို့ ဘရဏီ အညွှန်ရှိတယ် အန်တီ''



www.burmeseclassic.com

www.burmeseclassic.com



"အေး ညည်းက သွေးနားထင်ရောက်ပြီး လုပ်ချင်ရာလုပ်နေတာ၊ ငွေရှိလို့ ဂုဏ်ရှိနေလို့ မဟုတ်လား"

"ကိုယ့်ထိုက်နဲ့ကိုယ့်ကံပဲအန်တီ"

**"အေး၊ အဲဒီထိုက် အဲဒီကံဖြစ်တာက သူတို့လို အလုပ်သမား**တွေ သစ္စာရှိလို့၊ လုံ့လဝီရိယရှိလို့ နားလည်ရဲ့လား။ ပျိုးကလေးအစေ မျိုးထွန်းဆိုရင် ညည်းလင်ရဲ့ကျောက်တွင်းလုပ်ငန်းမှာ ဘယ်လော အားကိုးရတဲ့အလုပ်သမားလဲ၊ ဒါတွေကို နင်မသိဘူးလား။ အားကိုးရ ကိုယ့်အလုပ်သမားကို ကိုယ်မငဲ့ရုံမကဘူး အလုပ်သမားကောင်းရဲ့မျက် မထောက်ထားတဲ့ ညည်းလိုမိန်းမ၊ ဘယ်တော့ဘာဖြစ်လာမလဲဆို စောင့်ကြည့်လိုက်၊ တောက်"

ဒေါ်စိန်နုန်း ဒလဟောပြောချကာ စံအိမ်ထဲက ထွက်သွားေ သည်။ ဒေါ်ဘရဏီကမူ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်ကာ တော ခတ်၏။

"တောက်"

တောက်ခတ်ပြီးလည်း ဒေါ်စိန်နုန်းကို ကျိတ်ဆဲ၏။

"———— မကြီး"

ဦးစိုးမင်းသူ စိတ်ပျက်လက်ပျက် ကြည့်နေရာမှ ခေါင်းရမ်း ဆေးရှိန်နဲ့ အိပ်ပျော်နေတဲ့ သားကို ပွေ့မ၍ သူတို့ အိပ်ခန်းထဲ မွေ့ရာထူထူပေါ် အသာအိပ်စက်စေသည်။





သားက ဘရဏီရိုက်လိုက်တဲ့အရှိန်နဲ့ ချက်ချင်း ကိုယ်တွေပူ ကာ အပူရှိန်တက်လာသည်။

ဒါကြောင့် ဆရာဝန်ခေါ်ရ၏။

တစ်ခါဖူးမှ လက်ဖျားလေးနဲ့ အတို့မခံရဖူးတဲ့ မိခင်က ဒေါသ ကြီး ရိုက်တယ်ဆိုတော့ သားစိတ်ထိခိုက်သွားတာလည်း ပါမည်။

ပြီးတော့ –

ဟိုကလေးမဒဏ်ရာရပြီး သွေးတွေတောက်တောက်ကျတာ ရတော့ စိတ်ခံစားချက်တွေ ပိုဆိုးကာ မအေကို ပြန်ပြောတော့ အေကလည်း ရိုက်၏။

ခုတော့ သားရဲ့စိတ်နဲ့ ကိုယ် ဝေဒနာခံစားရ၏။

မယားဖြစ်သူလည်း ပေါက်ကွဲလွန်ကာ။

ရှေ့ဆက် ဘာတွေဖြစ်စေမလဲ။ ဦးစိုးမင်းသူ မတွေးချင်တော့ပါ။

လောလောဆယ်မှာ လက်ငါးချောင်းဒဏ်ရာရဲနေတဲ့ သားပါး ပြင်နုနုလေးကို တယုတယပွတ်ရင်း။

အကြိမ်ကြိမ် သက်ပြင်းချနေမိသည်။

ထိုစဉ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"သန်းသန်းရယ်၊ ဘာဖြစ်လို့ သမီးကို အဲဒီကောင်လေးနဲ့ ပေးကစားရတာလဲ"

"ပြောပါပကော၊ သန်း ခွင့်ပြုတာမဟုတ်ပါဘူးဆို"

ဦးမျိုးထွန်း သက်မရှည်ကြီး ချမိသွားသည်။

သွေးထွက်များသလို လေးချက်တိတိ ချုပ်လိုက်ရတဲ့ ဒဏ်ရာကြောင့် သမီးခမျာ ကြောက်လန့်စိတ်ဖြင့် အဖျားသွေးပါတက်လာသည်။

ဆရာဝန်က စိုးရိမ်စရာမရှိဘူးပြောပေမယ့် ဖခင်အနေနဲ့ စိုးမိနေဆဲဖြစ်သည်။ ဆေးရှိန်နဲ့ အိပ်ပျော်နေရှာတဲ့ သမီးဖြစ်သူကို တစိမ့်စိမ့်ကြည့်ရင်း လင်မယားနှစ်ယောက် စိတ်မချမ်းမသာဖြစ်နေရသည်။





ဖနီးသည်က ခံပြင်းနေဆဲ။

"ဒေါ်စိန်နန်းက ပေးကစားလိုက်ပါဆိုလို့ သန်း ခေါင်းညိတ်လိုက်ရတာ။ သမီးလေးလည်း အဖော်အဖက်နဲ့ ကစားပါစေဆိုတဲ့ စေတနာနဲ့"

"ဟုတ်ပါတယ်၊ သန်းကို ကိုမျိုးက အပြစ်ပြောနေတာ မဟုတ်ဘူး။ ဒါပေမဲ့ ကိုယ်နဲ့ အခြေအနေချင်းမတူဘူးဆိုတဲ့ ပေတံနဲ့တိုင်းတာပြီး ခွဲတိုင်းခြားထားတဲ့ သူနဲ့မှ သမီးကို သွားကစားစေတော့ ဖြစ်လာတဲ့ ရလဒ်က မမြင်ရက်စရာပုံစံမျိုးနဲ့။ ကိုယ်ပြောနေတာ အဲဒီသဘော"

"ကောင်လေးကလည်း လိုက်လိုက်လဲ့လဲ့ဆိုတော့ သန်းလည်း သတိလက်လွတ်ဖြစ်သွားမိတယ်။ နောက်ဆက်တွဲ ဘာတွေဖြစ်လာမလဲဆိုတာ မတွေးလိုက်မိဘူး။ အဲဒီအတွက် သမီးလေးခံလိုက်ရတာ သန်း အသည်းနာလှတယ် ကိုမျိုးရယ်"

ဖနီးသည်က ပြောရင်းဆိုရင်း မျက်ရည်လည်လာသည်။ အိပ်ပျော်နေရာမှ တစ်ချက်လွန့်ပြီး ရှိုက်နေတဲ့သမီးလေးကို ဖွဖွဖက်ရင်း မျက်ရည်တွေ မကျမိအောင် မျက်တောင်လေး ပုတ်ခတ်လုပ်နေရသည်။

ဦးမျိုးထွန်းက ဖနီးသည်ပခုံးကို ဖွဖွဆုပ်ကိုင်၍ အားပေးသယောင် ပြုရင်း –

"ဒေါ်စိန်နန်းအိမ်သွားရင် သမီးကို ခေါ်မသွားနဲ့တော့



www.burmeseclassic.com

www.burmeseclassic.com



သန်းရယ်''

''သန်းလည်း မသွားတော့ဘူး''

ဦးမျိုးထွန်း လေးလေးနက်နက် ခေါင်းညိတ်လိုက်၏။

''ကောင်းတယ်၊ သမီးလေးကို တစ်ယောက်တည်း ထားခဲ့လို့ မဖြစ်ဘူး။ ပြီးတော့ သန်းလည်း မွေးရဖွားရတော့မှာဆိုတော့ အလုပ်နားလိုက်တာ အကောင်းဆုံးပဲ''

''သန်းလည်း အဲဒါပဲ ဒေါ်စိန်နန်းကိုပြောခဲ့တယ်။ ဒေါ်စိန်နန်းကတော့ အတော်လေး စိတ်မကောင်းဖြစ်နေတယ်။ သူ့အပြစ်မကင်းသလို လည်းခံစားနေရတယ်။ သန်းကိုလည်း ထပ်တလဲလဲ တောင်းပန်တယ်လေ''

''ဘာပဲဖြစ်ဖြစ် ကြီးစိန်ကိုတော့ ကိုမျိုးလေးစားပါတယ်။ ယုံကြည်ပါတယ်။ ဒေါ်ကြီးစိန်နန်း တောင်းပန်နေလေ ကိုမျိုး ပိုပြီးအားနာရလေပဲ''

''ဟုတ်တယ် ကိုမျိုးရယ်''

''ဒေါ်ကြီးစိန်နန်းကြောင့် သန်းတို့မိသားစု ပြေလည်လာတာ ကလေးမွေးဖို့ဖွားဖို့ ငွေလေးစုဆောင်းနိုင်တာလေ။ အဲဒီအတွက် ဒေါ်ကြီးစိန်နန်းကို သန်း အပြစ်မမြင်ပါဘူး။ သန်းရင်ထဲမှာ ထိရှ တာက ဒေါ်ဘရဏီကမ္ဘာရဲ့စိတ်ဓာတ်ကို''

''ဟုတ်တယ်၊ သူ့ယောကျ်ားနဲ့သူက ဆီနဲ့ရေလိုပဲ။ တစ်





စ်ခါ ရွှေတွင်းဘက်ရောက်လာရင် ပြောလိုက်တဲ့စကားတွေက င်စီးရုံမကဘူး မောက်မာလွန်းပြီး နားကြားပြင်းကတ်လွန်းတယ်။ ကြောင့် ရွှေတွင်းဘက် ဒင်းမလာပါစေနဲ့လို့ အလုပ်သမားတွေ တောင်းနေရတာမျိုး။ ဒီကိစ္စနဲ့ပတ်သက်ပြီး ဘာတွေဆက်ဖြစ်လာဦး ဲမသိဘူး သန်းသန်းရယ်''

ပြောရင်း ဆိုရင်း ဦးမျိုးထွန်း ရင်လေးစွာ သက်မရှည်ကြီး ၏ သန်းသန်းလည်း လေးပင်စွာသက်မချကာ။

''ဟုတ်တယ်နော်၊ ကိုမျိုးက သူတို့အလုပ်သမား၊ မတော် ဆ အလုပ်ဖြုတ်လား ဘာလားဆိုရင်''

ဒေါ်သန်းသန်း ရှေ့ဆက်မပြောသာတော့ပါ။ ရင်ထဲမှာ တွေး ဒီတွေးနဲ့ မွန်းကျပ်သွား၏။

ဦးမျိုးထွန်းက ဇနီးသည်ရင်ထဲမှာ ဘာသောကရောက်နေလဲ တာ နားလည်နေတာမို့။

''သန်းရယ်၊ ဒီလောက်လည်း စိုးရိမ်မနေပါနဲ့ကွာ။ ဒီကိစ္စက ဘရဏီကမ္ဘာ ရင့်သီးလွန်းတာ သိသာနေတာပဲ။ ကဲ ကဲ ခေါင်း အေးထား။ ဟိုဒီတွေးပြီး သန်း စိတ်အပင်ပန်းခံမနေနဲ့။ သန်း ည်း စိတ်ကျန်းမာ၊ လူကျန်းမာဖြစ်ဖို့လိုတယ်။ အဲဒီတော့မှ ကိုယ်တို့ ားစု ငြိမ်းချမ်းမှာ။ တော်ကြာ သမီးနိုးလာလို့ရှိရင် ချော့မော့ရဦး ယ်''



www.burmeseclassic.com

www.burmeseclassic.com



"အင်းပါ ကိုမျိုးရယ်"

ဒေါ်သန်းသန်း စိတ်ကိုလျှော့လိုက်ရသည်။

ဟုတ်တယ်။

သမီးလေးနိုးလာရင် ချော့မော့ရဦးမယ်။ သမီးလေးက ဒီဘ ချုပ်ပြုရတဲ့ဒဏ်ရာမျိုး တစ်ခါမှမရဖူးပါ။

မထင်မှတ်ဘဲ သွေးဖြိုင်ဖြိုင်ကျတဲ့အထိ ခုလို ဒဏ်ရာကြီး တာဆိုတော့ -

အင်း -

သမီးလေးကို ချော့မော့ဖို့ ခွန်အားမွေးရပါတော့မယ်။

သမီးဟာ သူတို့လင်မယားမှ ဦးဦးဖျားဖျားဖြစ်တည်လာ အသီးအပွင့် ရတနာလေးမဟုတ်လား။

✿ ✿ ✿

## အခန်း (၁၅)

"ဘာပြောတယ်ကိုကို"

ဒေါ်ဘရဏီကမှာ ဒေါ်သတကြီးမေး၏။ ဦးစိုးမင်းသူက နံရံမှာ ချိတ်ထားတဲ့ အပြင်ခံအင်္ကျီကို ချိတ်မှဖြုတ်ယူရင်း -

"ဘရဏီပြောနေတာ အဓိပ္ပာယ်မဲ့လွန်းတယ်"

"ဘာ"

ဒေါ်ဘရဏီ အသံနက်ကြီးနဲ့ အော်ဟစ်သလို ခင်ပွန်းသည် အက်မောင်းကို အားနဲ့ဆွဲယူပြီး -

"ဘာက အဓိပ္ပာယ်မရှိတာလဲ ကိုကို"

"ကျွတ် ဘရဏီ၊ ဘရဏီ စဉ်းစဉ်းစားစားပြောစမ်းပါကွာ။ တယ်ဆို ဘရဏီ့ကြောင့် ဟိုကလေးမ ဒဏ်ရာရသွားတာ။ သား



www.burmeseclassic.com

www.burmeseclassic.com



သမီးချင်း စာနာမှုမရှိတဲ့အပြင် သူ့အဖေကိုပါ အလုပ်က ဖြုတ်ပစ်ရမယ် ဆိုတော့ လွန်လွန်းမနေဘူးလား''

''အို လွန် လွန်းပါစေ၊ ဘယ်သူမှ ဂရုစိုက်စရာမလိုဘူး ကိုယ့်အလုပ်သမား ကိုယ်အလုပ်ဖြုတ်တာ ဘယ်သူ့ကို သောက်ဂရုစိုက် မလဲ''

''ဘယ်သူ့ကိုမှ ဂရုမစိုက်ရင်တောင် ကိုယ့်စိတ်ဓာတ်နဲ့ ကိုယ့် စာရိတ္တကို ဂရုစိုက်ရမယ် ဘုရားဒကာ။ ဘုရားဒကာတောင်းဆိုတဲ့အတိုင်း ကို မလိုက်လျောနိုင်ဘူး''

''ဟင်''

ဒေါ်ဘုရားဒကာ မျက်လုံးကြီးပြူးကျယ်သွား၏။ သူမ ယ ယောက်ျားက ထိုမျှထိ သူမအပေါ် အလေးမထားတော့ဘူးလား

ဘုရားရေ။

ဒေါ်ဘုရားဒကာကမူ မျက်ရည်ပေါက်ပေါက်ကျ၏။

''ဟင့် ဟင့် ဟင့်''

ဦးစိုးမင်းသူက အပြင်ခံထပ်ဝတ်ရင်း ဇနီးသည်ကို စိ မသက်မသာဖြစ်သလိုနဲ့ ငဲ့ကြည့်၏။

''ဒယ်ဒီ''

မောင့်ကမ္ဘာက မိဘနှစ်ပါးရဲ့ တင်းမာမှုကို လျော့ပေါ့စေ သည်။ ဒါကြောင့် ဒယ်ဒီ့နား အပြေးကလေးသွားရင်း ခေါ်လိုက်သ





ဦးစိုးမင်းသူက အနားရောက်လာတဲ့ သားကို ပွေ့ဖက်လိုက် း တစ်ရှိုက်နမ်း၏။

မောင့်ကမ္ဘာက မာမီမမြင်အောင် ဒယ်ဒီ့ကို မျက်စိတစ်ဖက် ပြလိုက်ပြီး –

''မာမီပြောတဲ့အတိုင်း လုပ်ပေးလိုက်ပါ ဒယ်ဒီရယ်နော်''

ဦးစိုးမင်းသူက သားမျက်စိမှိတ်ပြတာကို သဘောပေါက်သွား ထို့ကြောင့် ခေါင်းတဆတ်ဆတ်ညိတ်ရင်း ငိုနေတဲ့ဇနီးသည်ပခုံးကို က်တစ်ဖက်နဲ့ ပွေ့ဖက်လိုက်၏။

''ဆောရီးဘုရားဒကာ၊ ကိုကို့အတွက် ဘုရားဒကာ အရေးကြီးတယ်။ ရားဒကာ သဘောပါနော်၊ ဘုရားဒကာ''

''ဟင့် ဟင့် ဟင့်၊ အခုမှ ဘုရားဒကာက ဘာအရေးကြီးတာလဲ။ း''

ဒေါ်ဘုရားဒကာက ပခုံးပေါ်မှ ခင်ပွန်းသည်လက်ကို ပုတ်ချ၏။ အခါ ဦးစိုးမင်းသူ သက်မချရင်း သားကို ငုံ့ကြည့်၏။

သားက အသာနေဆိုတဲ့သဘောနဲ့ သူ့ကို လက်ကလေးပြကာ င်အပါး ကပ်သွား၏။

''မာမီ''

''မခေါ်နဲ့ သွား''

''မာမီရယ်၊ မာမ့်ကို သားချစ်ပါတယ်။ နောက်တစ်ခါ ပျိုးလေး



www.burmeseclassic.com

www.burmeseclassic.com



နဲ့ သားမကစားတော့ဘူး။ ဒယ်ဒီကလည်း ပျိုးလေးအဖေကို အလုပ်ထုတ်မယ်တဲ့။ မာမီက ပျိုးလေးအဖေကို အလုပ်ထုတ်ဖို့ တောင်းဆိုတယ် မဟုတ်လား''

''ဟွန်း အခုမှ လာမပြောကြနဲ့။ ဘရဏီက ဒါဆို ဒါပဲ။ ဟိုဟာ ဒီဟာဆို ဘယ်လိုမှ လက်သင့်ခံရလို့မဟုတ်ဘူး''

မာမီက စိတ်မပြယ်စွာပြောဆိုရင်း ဒယ်ဒီနဲ့သူ လက်လှမ်းမမီတဲ့ ဆိုဖာပေါ်သွားထိုင်လိုက်သည်။

မောင့်ကမ္ဘာက မျက်ခုံးလေးပင့်ကာ သဘောကျစွာပြုံး၏။ ဒယ်ဒီ့ကိုလည်း မျက်ရိပ်နဲ့အချက်ပေး၏။

ဒယ်ဒီက သဘောပေါက်ဟန်ဖြင့် မာမီနားရွှေ့သွား၏။

သူက လှစ်ခနဲဆို အခန်းထဲက ပြေးထွက်၏။

အခန်းပြင်ရောက်တော့ ခြေလှမ်းတန့်ကာ ပန်းနုရောင်လွင့်နေသော လိုက်ကာစလေးကို အသာဖယ်၍ ချောင်းကြည့်လိုက်သည်။

ဒယ်ဒီက မာမှီအပါး ထိုင်ချလျှင် မာမီက မကျေနပ်စွာ ကိုယ်လုံးလေးရွှေ့၏။ ဒယ်ဒီက မာမီရွှေ့တဲ့အတိုင်း လိုက်ရွှေ့ရင်း မာမှီကိုယ်လေးကို အတင်းဖွေ့၏။

''ကိုကိုနော်''

''ဆောရီးဘရဏီရယ်၊ ကိုကိုတောင်းပန်တယ်ကွာ။ ဘရဏီ့သဘော ဟုတ်ပြီလား''





ဒယ်ဒီကပြောလည်းပြောရင်း မာမှီပါးပြင်လေးကိုလည်း ...နမ်းပေးရင်းချော့၏။

''အဲ ဖယ်၊ ရှင်နော်၊ ကလေးရှေ့မှာ''

ဦးစိုးမင်းသူက ရယ်ရင်း –

''သားမရှိပါဘူးကွာ။ အပြင်ထွက်သွားပြီ ဘရဏီရဲ့''

ဒေါ်ဘရဏီက ကိုကိုပြောတာ ဟုတ်မဟုတ် အခန်းထဲ ဝေ့...ည်၏။ သားကိုမမြင်ရမှ ကိုကိုချော့မြူလာတာကို လက်သင့်ခံမိ၏။

''ဟွန်း ခုမှ''

''ဘရဏီကို ချစ်တာကိုး''

''ဟွန်း ချစ်တာတဲ့။ အခုမှ ဘာချစ်တာလဲ။ ဘရဏီ့ဆန္ဒကို ...နှံရုံမကဘူး။ ဘရဏီ့ကို မျက်ရည်ကျအောင်လုပ်ပြီးတော့''

''အဲဒီအတွက် ဘရဏီကျေနပ်အောင် အတိုးချပြီး လိုက်...ာပါ့မယ်''

''သွား အပိုတွေ''

''မပိုဘူး ဘရဏီအချစ်ကလေးရဲ့''

ဒယ်ဒီ့စကားမဆုံးခင် မာမီက ကျေနပ်ပြုံးနဲ့ မျက်စောင်းထိုး... ဒယ်ဒီက မာမှီကိုဖွေ့ဖက်ရင်း နှုတ်ခမ်းလေးကို တယုတယ ...မ်း

လက်တစ်ဖက်ကလည်း သူ့ဘက်လှမ်း၍ လက်မထောင်ပြ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သူလည်း လက်မလေးထောင်ကာ –

ဒယ်ဒီနဲ့မာမီနဲ့ဝေးရာ သူ့အခန်းဘက် ခြေဦးပြန်လှည့်ခဲ့သည်။

ခုချိန်မှာ သူ့အလိုချင်ဆုံးက ဒယ်ဒီ့အပေါ် မာမီ စိတ်ဆိုးပြေဖို့။

မာမီ စိတ်ဆိုးပြေဖို့လည်း ဒယ်ဒီက ဒယ်ဒီ့ဆန္ဒနဲ့ဒယ်ဒီ လုပ်ဆောင်လို့ရမယ်လေ။

အထူးသဖြင့် –

ပျိုးလေးဖေဖေ့ကို အလုပ်ဆက်လုပ်စေဖို့။

✿ ✿ ✿

## အခန်း (၁၆)

"ဘာ"

ဖုန်းပြောရင်း ဘာခနဲ ခုန်ထွက်သွားတဲ့မာမို့အသံက ထိတ်လန့်မှုလွှမ်းကဲ့စွာ။

ထိုအခါ

ခွပ်ခနဲ ခွပ်ခနဲမြည်အောင် ပန်းသီးအလုံးလိုက်ကို အားရပါးရ ကိုက်စားနေသည့် မောင့်ကမ္ဘာလက်ထဲက ကိုက်လက်စပန်းသီးပါ လွတ်ကျသွား၏။

"ဘာ ဘာပြောတယ်၊ မြန် မြန်ပြောစမ်း ဦးပွ။ မြန်မြန်ပြောစမ်း"

အနိမ့်အမြင့်မညီတဲ့ မာမို့အသံက ပြာတူးလျက် ရှန်းထွက်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်။ မောင့်ကမ္ဘာက မာမီ့အပါး ပြေးသွားရင်း ဖုန်းခွက်ဆီ နားကပ်ထောင်၏။

တစ်ဖက်က ဦးပွကလည်း ကတုန်ကယင်နဲ့ ဆက်ပြော၏။

"ဒီ ဒီလိုပါ သူဌေးကတော်။ မြေစာပုံကြီး ပြိုအကျမှာ သူဌေးက မြေစာပုံအောက် ရောက်သွားတယ်၊ အဲဒါ"

"ဘာ ဘာ မဟုတ်ဘူး၊ ရှင်တို့ဘာလုပ်နေကြလဲ ငါ့ယောကျ်ားကို မြန်မြန်ဆွဲထုတ်။ ငါ အခုလာခဲ့မယ်။ ဂျလောက်"

မာမီက ဖုန်းပြောရင်းတန်းလန်း ဖုန်းခွက် လွှတ်ချကာ ကမူးရှူးထိုး ပြေးထွက်သွား၏။

"မာမီ"

သူ့ခေါ်သံတောင် မာမီမကြားတော့ပါ။

ကားကို ကိုယ်တိုင်မောင်းပြီး ပြေးထွက်သွား၏။ ထိုအခါ သူကလည်း ဒရိုင်ဘာခေါ်၍ ကားထုတ်ပြီး ကျောက်တွင်းရှိရာလိုက်ခဲ့၏။

"ဟင်"

မြေစာပုံကြီးထဲက ပြန်ကယ်ထုတ်နိုင်ပေမယ့် ဒယ်ဒီ့အသက်ပါမလာ။

ဘုရားရေ။ မောင့်ကမ္ဘာ မယုံအောင်ဖြစ်သွား၏။

မာမီက ဒယ်ဒီ့ကိုယ်လေး တလှုပ်လှုပ်နဲ့ အော်ခေါ်ရင်း ငိုချ၏။





"ကိုကို ဘာကြောင့် အဖြစ်ဆိုးရတာလဲ။ ဘာကြောင့်လဲ၊ ...သို့ပြောကြစမ်း။ ပြော။ ရှင်တို့မမြင်ကြဘူးလား၊ ဟင်"

မာမီက မယုံနိုင်အောင်ဖြစ်ကာ ပြောဆိုရင်း အလုပ်သမား ...သက် လှည့်မေး၏။ ဒယ်ဒီ့အလုပ်သမား အယောက်သုံးဆယ်နီးပါး ... ချက်နှာအပျက်ပျက်နှင့် ခေါင်းရမ်း၏။

ဦးပွက စိတ်မသက်မသာဖြင့် –

"အဲဒီမြေစာပုံက အမြင့်ပိုင်းမေးတင်လျက်ရှိနေတာမျိုး။ ...ဌေးက ဟိုဘက်တွင်းသွားမယ်ဆိုပြီး အဲဒီနားက ဖြတ်အသွားမှာ ...စာပုံကြီး ပြိုကျသွားတာ။ မြေစာပိသွားတာကို မျိုးထွန်း မြင်မြင်ချင်း ...အော်တယ်။ မျိုးထွန်းအော်သံကြားချင်း ကျွန်တော်တို့အားလုံး ...ဘူကြတယ်။ ဒါပေမဲ့ မြေစာတွေ ထပ်ထပ်ပြိုကျတော့ ကျွန်တော် ... ဘူကယ်ဖို့ခက်သွားတယ်။ မြေစာတန့်သွားတာနဲ့ မျိုးထွန်းနဲ့အတူ ...တော်တို့ အခဲစွန့်ပြီး ကူကယ်တယ်၊ ကူကယ်လို့ရပေမယ့် သူဌေး"

"တော်တော့ မပြောနဲ့၊ ငါ့ယောကျ်ားကို နင်တို့ လုပ်ကြံလိုက် ... မျိုးထွန်း နင် ငါ့ယောကျ်ားကို လုပ်ကြံလိုက်တာ မဟုတ်လား"

မာမီက ဒယ်ဒီ့ကိုပွေ့ထားရာမှ လွှတ်ချကာ ပျိုးလေးအဖေဆီ ...သွားပြီး ဆောင့်တွန်း၏။ မထင်မှတ်ဘဲ အတွန်းခံရလို့ ပျိုးလေး ... လွင့်စဉ်သွားလျှင် မာမီက အနီးအနားမှာရှိနေတဲ့ ပေါက်ပြားကြီး ... ဆွဲယူပြီး ခုတ်ချ၏။



www.burmeseclassic.com

www.burmeseclassic.com



"သူခွေးကတော်"

"ခင်ဗျား မှားမယ်နော်"

"ခင်ဗျား လွန်မယ်နော်"

အလုပ်သမားတွေ မာမီ့ကို ဝိုင်းဆွဲသော်လည်း ဦးမျိုးထွန်းကိုပဲ အသည်းအသန်မဲကာ အော်ဆဲတာက ရှိုင်းရှိုင်းစိုင်းစိုင်း။

မကြာပါဘူး။ ဖေဖေ့ရဲ့အဒေါ်ကြီး ကြီးစိန်နုန်းနဲ့ ဖေဖေ့အမျိုးတွေ ရောက်လာပြီး မာမီ့ကို ဆွဲခေါ်သွား၏။

မာမီ့ခမျာ သွေးရူးသွေးတန်းနဲ့ အသည်းကွဲရင်ကွဲ ငိုယိုသတ်အလုပ်သမားတွေနဲ့ ဦးမျိုးထွန်းကို ဆဲရင်း နှလုံးသားဆူပွက်နေတော့သည်။

သူက ဒယ်ဒီ့ရုပ်အလောင်းကို ဖက်ထားရင်း ဘယ်လိုမှ လက်မခံနိုင်အောင် ခံစားရလေသည်။

အဲဒီအတွက် သူ ဘယ်သူ့ကိုမှ အပြစ်မမြင်ရက်ပါ။ အထူးသဖြင့် ပျိုးလေးဖေဖေ့ကို။ မာမီက ပျိုးလေးဖေဖေ့အပေါ် အငြိုးကြီးလျက်။ ပျိုးလေးကို ဒဏ်ရာရအောင် မာမီလုပ်ခဲ့လို့ ပျိုးလေးဖေဖေဒယ်ဒီ့ကို လုပ်ကြံတယ်ပေါ့။

ဒီလိုနဲ့။

✿ ✿ ✿



## အခန်း (၁၇)

"ညည်းပြောသလို စွပ်စွဲသလို မဟုတ်ဘူး ဘရဏီရယ်"

"ဘာလို့ မဟုတ်ရမှာလဲ။ ဟီး ဟီး ကိုကို့ကိုလုပ်ကြံတာ။ ဘရဏီသိတယ်။ ခင်းကို ဘရဏီ အလုပ်ဖြုတ်ခိုင်းလိုက်တာ။ အဲဒါတွေအားလုံးအတွက် ခင်းလက်တုံ့ပြန်တာ"

"ဘရဏီ မျက်စိနဲ့တပ်အပ်မြင်လို့လား"

သရဖီမေးလျှင် ဘရဏီ ဒေါသတကြီးဖြစ်ကာ အစ်မဖြစ်သူကို စားပွဲပေါ်ရှိပန်းအိုးနဲ့ ကောက်ပေါက်ဖို့ရွယ်၏။

သရဖီက ကိုယ်လေးယို့၍ရှောင်ရင်းပြော၏။

"ညည်းစိတ်ထင်တိုင်း လိုက်လုပ်နေလို့မရဘူး ဘရဏီ။ ဒီလူတွေအားလုံး ပြောဆိုကြတာက ညည်းစွပ်စွဲတာ လွန်နေသတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"လွန် လွန် ဘရဏီက လင်တစ်ယောက်လုံး အဆုံးရှုံး ထားရတာ"

"အေးလေ၊ ညည်းစိတ်နဲ့ညည်း ထင်သလိုစွပ်စွဲ၊ လုပ်ချင် လုပ်။ ငါတော့ ညည်းလုပ်ချင်ရာကို လိုက်လုပ်ပေးဖို့ စိတ်မဝင်စားဘူး ဒီမြို့မှာ ညည်းနဲ့ ညည်းသားနှစ်ယောက်တည်းနေ။ ညည်းကို ခေါ်လို့ ရင် ငါပြန်မယ်"

"ပြန် ပြန်၊ ပြန်တော့အေးတယ်။ ဘရဏီဘာသာ လုပ်မယ်"

မာမီ့အစ်မ ဒေါ်သရဖီနဲ့အမျိုးတွေက ဒယ်ဒီရက်မလည် ပြန်သွားကြတာ မာမီရဲ့စွပ်စွဲချက်ကို လက်မခံနိုင်လို့ဖြစ်သည်။

မာမီက ဦးမျိုးထွန်းကို အမှုဖွင့်မယ်၊ ဘာမယ်နဲ့ လုပ် သည်။ နောက်တော့ အလုပ်သမားတွေဘက်ကလည်း သည်းမခံ အောင်ဖြစ်ကာ –

"ခင်မျှားကြီးကိုလည်း ကျုပ်တို့အမှုဖွင့်မယ်။ စေတနာကို ကားတာ။ မတရားစွပ်စွဲခံရတာတွေအတွက်"

"စွဲ စွဲ စွဲ၊ ကြိုက်သလောက်စွဲ"

ဒီလိုနဲ့ ခွန်းကြီးခွန်းငယ်ဖြစ်ကာ မာမီ့ဘက်က လိုက်ပါတဲ့ တစ်ဦးတစ်ယောက်မှမရှိတော့ မာမီပဲ ဒေါသကြီးစွာနဲ့ နောက်ဆုတ်

ထို့နောက်

ဒယ်ဒီရက်လည်ပြီးလျှင် –





"သား ဒယ်ဒီနောက် မာမီလိုက်နေပေးခဲ့တာ။ ခုတော့ သား ဒယ်ဒီက မာမီတို့ကိုထားသွားပြီ။ အဲဒီအတွက် မာမီ ဘယ်လိုမှ မခံစား နိုင်ဘူး သားရယ်။ သားဒယ်ဒီရဲ့စံအိမ်က မာမီတို့အတွက် ငရဲပဲ။ အဲဒီငရဲကို မာမီ မခံစားနိုင်ဘူး။ မာမီတို့ပြန်မယ်၊ ဘယ်ဆွေမျိုးမောင်နှမ၊ အစ်မရင်းနဲ့မှ နီးနီးကပ်ကပ်မနေဘူး။ မာမီတို့သားအမိ သီးခြားနေမယ်၊ လွတ်လွတ်ကင်းကင်းနေမယ်။ သားဒယ်ဒီကို အဆုံးရှုံးခံလိုက်ရတဲ့ ဒီမြေပေါ် မာမီ တစ်သက်ခြေမချတော့ဘူး။ ဒီနေ့ကစပြီး သားဟာမာမီ၊ မာမီဟာသားပဲ။ မာမီပြောသမျှ သားနာခံရမယ်၊ ဒါပဲ"

မာမီက နာနာကျင်ကျင်ပြောဆိုတာတွေရဲ့နောက်မှာ တကယ် စီမံတော့၏။ ဒယ်ဒီပိုင်တဲ့ မိုးကုတ်ကစံအိမ်ကို ပိတ်ကာ အတွင်းပစ္စည်း တွေယူရင်း မာမီနဲ့သူ ရန်ကုန်ပြောင်းနေ၏။

ဘယ်အမျိုးနဲ့မှလည်း မာမီ အဆက်အဆံမလုပ်ချေ။

သူ့ကိုလည်း မာမီ့စိတ်တိုင်းကျ စီစဉ်၏။ သူ ဆယ်တန်းအောင် ပြီးတဲ့နောက်မှာ အမေရိကပို့ပြီး ပညာသင်စေသည်။

မာမီက စိန်တိုက်တွေ တစ်ခုပြီးတစ်ခုဖွင့်ကာ စီးပွားရေး ခွဲ့ထွင်ရင်း သူရှိရာ အမေရိကနဲ့ ရန်ကုန် အိမ်ဦးနဲ့ကြမ်းပြင်လို သွားလာ နေခဲ့တာ။

အမေရိကမှာတောင် မာမီ့စိန်တိုက် ရှိသည်။

ကျောင်းပြီးတော့ မာမီက သူ့ကို ပြန်ခေါ်ပြီး အနားမှာထားကာ



www.burmeseclassic.com

www.burmeseclassic.com



စိန့်တိုက်တွေကို ဦးစီးဖို့ သွန်သင်တော့၏။

ဒီလိုနဲ့ သူဟာ မာမို့သဘောအတိုင်း နေခဲ့မိသည်။

ဘာဖြစ်လို့လဲဆိုတော့ ဒယ်ဒီ့ကို အဆုံးရှုံးခံလိုက်ရကတည်းက မာမီဟာ သူနဲ့ပတ်သက်ပြီး အသည်းဆုံးဖြစ်၏။

ဒါကြောင့် –

သူကလည်း မာမီစေရာအတိုင်း ဖြစ်တည်လာတာ ခေါက်နှ ကျိုးလေပြီ။

သို့သော် –

မေးဖျားမှာ ဒဏ်ရာနဲ့ မိန်းကလေးကို မထင်မှတ်ဘဲ ပြန်တွေ့ ရလျှင် သူ့ရင်ထဲ နှစ်ပေါင်းများစွာ သိုဝှက်ထားတဲ့ မိန်းကလေးနာမည် ပေါ်ထွက်ခဲ့ပြီ။

ပျိုးလေးရယ်။

ပြန်ဆုံကြစို့။

✿ ✿ ✿



## အခန်း (၁၈)

"သားရေ"

"ပြောပါ မာမီ"

"ရွှေမှုန်ပဝါရဲ့မာမီက ညစာစားဖို့ မာမီတို့ကို ဖိတ်ထားတယ် ...ရဲ့"

မာမီကပြောဆိုရင်း ရွှင်ရွှင်ကလေးရယ်၏။ သူ့ပခုံးကိုလည်း ...ိုင်၍ မငြင်းအောင် မျက်နှာပေးဟန်ပြုတာမို့ သူ ခေါင်းညိတ်လိုက် ...ည်။

"ဟုတ်ကဲ့ မာမီ"

ထိုအခါ မာမို့မျက်နှာက ရတနာအရောင်စုံလို ဝင်းလက် ...က –



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ၊ မာမီ အကြောင်းပြန်လိုက်မယ်"

"ဟုတ်ကဲ့မာမီ၊ သား အရောင်းစင်တာအားလုံးက တက်လာတဲ့ လချုပ်စာရင်းတွေ စစ်လိုက်ဦးမယ်မာမီ၊ ညနေစာဆိုတော့ အချိန်ရသေးလို့ပါ"

"အေး အဲဒါဆို မာမီပြန်မယ်"

"ဟုတ်ကဲ့မာမီ၊ ရွှေလေပြေ မာမီပြန်မယ် လိုက်ပို့ဦး"

သူခေါင်းညိတ်ရင်း မာမီရဲ့အတွင်းရေးမှူးမလေးကို လှမ်းပြောလိုက်သည်။ အတွင်းရေးမှူး ရွှေလေပြေ ချက်ချင်းထပြီး မာမီ့ရှေ့ရောက်လာသည်။

မာမီက ဆိုဖာခုံလည်ထိုင်ခုံမှထကာ အနက်ရောင်ပြောင်ဝင်းနေသည့် လက်ဆွဲသားရေအိတ်ကို လက်ကောက်ဝတ်မှာ ဟန်ပါပါချိတ်၍ သူ့ခေါင်းလေးကို ချစ်စနိုးပုတ်ကာ ထွက်သွားလေသည်။

ရွှေလေပြေနဲ့မာမီထွက်သွားလျှင် သူ မသိမသာ သက်မချသည်။ မိန်းကလေးဘက်က ဖိတ်တဲ့ပွဲကို သူငြင်းချင်သည်။ ဒါပေမဲ့ မာမီက သွားစေချင်တယ်ဆိုမှတော့ သူ့ဘက်က ငြင်းဆန်ဖို့ ခွန်အားနည်းလှသည်။

ဘာဖြစ်လို့လဲဆိုတော့ မာမီ့ကို သူ ငဲ့ညှာရမည် မဟုတ်လား။ အကြောင်းကတော့ မာမီပြောသလို မာမီဟာသား၊ သားဟာ မာမီပဲ

✿ ✿ ✿



## အခန်း (၁၉)

"သချာလို့လား"

"သေချာတယ်လို့ ကိုယ်ထင်တယ် ဝင်းယံ"

သူ အလေးအနက်ပြောလျှင် ဝင်းယံက ခေါင်းတစ်ချက်ဆတ်ခနဲ...

"အဲဒီတော့ ကိုယ် ဘာလုပ်ပေးရမလဲ"

"အဲ့ကောင်မလေးနဲ့ ကိုယ် စကားပြောကြည့်ချင်တယ်။ ပိုသေချာသွားအောင်"

"အိုကေ၊ ကိုယ်ခေါ်ပေးမယ်လေ။ နာမည်က ဘာ၊ မင်းခုနက ပြောတာ"

"ပျိုးကလေး။ မေးဖျားမှာအရွတ်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ခဏစောင့်"

ဝင်းယံပြောဆိုရင်း သူ့ကို ညှော်ခံနေတဲ့စားပိုင်းမှ ထွက်သွား သည်။ သူသာ ထိုင်စောင့်နေရင်း စိတ်တွေလှုပ်ရှားနေမိသည်။

သူ့စိတ်ထဲမှာတော့ အလိုလို သေချာနေသည်။

ထိုမေးဖျားမှာ အရွတ်ထင်နေတဲ့သူမက ပျိုးကလေးလို့၊

ငယ်ရုပ်နဲ့ယှဉ်ရင် သိသိသာသာပြောင်းလဲနေတဲ့သူမ။ ကျေး ပြုပြီး မလှည့်စားပါနဲ့ ကံတရားရယ်။

သူ့စိတ်ထင်တဲ့အတိုင်း သူမက ပျိုးကလေး။ ပျိုးကလေး သူမ ဖြစ်ပါစေ။ ထိုသို့ဆုတောင်းရင်း ဝင်းယံကိုအားကိုးနေသည် မဟုတ်လား။

ဝင်းယံက ဒီဟိုတယ်ပိုင်ရှင်ရဲ့သား။

အမေရိကမှာတုန်းက ပညာသင်ဘက်။ သူက အရင်ဦး ပြန်လာခြင်း။ ဝင်းယံပြန်ရောက်တာ နှစ်ရက်ပဲရှိသေးသည်။

သူတို့ဆုံရအောင်ချိန်းတော့ ဒီဟိုတယ်ရဲ့ သီးသန့်ပါလာမှာ အဲဒီတော့မှ ဒီဟိုတယ်ပိုင်ရှင်ရဲ့သားမှန်း သူသိသည်။

သူ့မွေးနေ့အထိမ်းအမှတ်ကို မာမီက ဒီဟိုတယ်မှာ စီစဉ် သည် မဟုတ်လား။ ဒါကြောင့် သူမလေးနဲ့ ပြန်ဆုံရတာ။ အဲဒီအတွက် ကံတရားကို အကြိမ်ကြိမ်ကျေးဇူးတင်နေမိသည်။

ဝင်းယံက ဒီဟိုတယ်ပိုင်ရှင်ရဲ့သားဆိုတော့ ဒီဟိုတယ်ဝန်ထမ်း





ဖြစ်တဲ့ သူမနဲ့ ဆက်သွယ်လို့ လွယ်ကူနေ၏။

ဒါကြောင့်

ဝင်းယံကို အကူအညီတောင်းလျှင် ဝင်းယံက ထိုမိန်းကလေး ကို ခေါ်ယူဖို့ ထွက်သွားသည်။

သူ့မှာသာ စိတ်လှုပ်ရှားမှုတွေနဲ့ ဂဏာမငြိမ်ဖြစ်လျက်။

ပါလာထဲကဆိုဖာပေါ်ထိုင်လိုက်၊ ထလိုက်နှင့်။ ဟိုလျှောက် ဒီလျှောက် ပြုနေမိသည်။

ထိုစဉ်

ဝင်းယံရဲ့ခြေသံနှင့်အတူ ခြေလှမ်းလှမ်းလိုက်လျှင် ထဘီစ အား လှုပ်ခတ်သွားတဲ့အသံသာသာလေး လွင့်လာသည်။

သူ့စိတ်မငြိမ်စွာ လှည့်ကြည့်မိသွားသည်။

ဝင်းယံရဲ့နောက်မှာ လက်ဖဝါးလေးနှစ်ဖက်ကို ဆုပ်လျက်သား နဲ့ ပါလာတဲ့သူမ။

ဟိုတယ်ယူနီဖောင်း ကျောက်စိမ်းရောင်ထမီနှင့် ပိတောက် ရောင် ကုတ်အင်္ကျီလေး တွဲဝတ်ထားတဲ့သူမဟန်က ကျော့ရှင်းနေလျှင် သူမလေးကို တငေးတည်းငေးကြည့်ဖြစ်၏။

ဒါ့ပြင် –

မျက်တောင်လေး ပုတ်ခတ်လုပ်နေတဲ့ သူမမျက်ဝန်းအိမ်မှ အရိပ်တချို့ကို သူခံစားလို့ရနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် –

သူမရှေ့တိုးသွားလျှင် ဝင်းယံက အလိုက်သိစွာ မိတ်ဆက်ပေး၏။

"ဒါ ကိုယ့်သူငယ်ချင်း မောင့်ကမ္ဘာ"

"ဟုတ်ကဲ့"

သူမလေး မပွင့်တစ်ပွင့်ခေါင်းညိတ်၍ တစ်ဆက်တည်းပြောသည်က –

"ကျွန်မ ကဗျာသစ်ပါ" တဲ့။

"ဟင်"

သူ့မျက်ဝန်းအစုံမှာ မယုံနိုင်အောင် ဖြစ်သွား၏။ သူ့မျက်လွှာလေး စင်းချထား၏။

ဝင်းယံက သူမကို တစ်ချက်ကြည့်၍ သူ့ပခုံးကို ဖျစ်ညှစ်၍ ပြောသည်။

"ဟုတ်တယ် သူငယ်ချင်း။ သူ့နာမည်က ကဗျာသစ်တဲ့"

"ဆောရီး၊ ကိုယ့်ငယ်သူငယ်ချင်းလေးလို့ ကိုယ်ယူဆလို့ပါ မကဗျာသစ်။ စိတ်မရှိပါနဲ့၊ ကျွန်တော်တို့ကွဲသွားတာ နှစ်နှစ်ဆယ်လောက် ရှိမယ်ထင်တယ်"

"ဒါပဲမဟုတ်လား သစ်ကိုခွင့်ပြုဦး"

သူမက ထိုသို့ပြောရင်း ဘယ်သူ့ခွင့်ပြုချက်ကိုမှ မစောင့်ဘဲ ထွက်သွား၏။

"ပျိုးလေး"

သူ့ရင်ထဲမှာ လွတ်ခနဲခေါ်လိုက်ပေမယ့် ခေါ်သံက လည်မျိုထဲမှ ရုန်းထွက်ပြီး လိုက်သံလေးနဲ့အတူ လွတ်ထွက်သွား၏။

ထိုခေါ်သံနောက်မှာ သူမ ခြေလှမ်းတွေ တန့်မသွားအောင် အသည်းထိန်းလိုက်ရသည်။

"မောင့်"

"ဆော ဆောရီး ဝင်းယံ၊ ကိုယ့်ရင်ထဲမှာ ငြိနေလို့ပါ။ ကိုယ့်ကို နားလည်ပေးကွာ"

"ရပါတယ်၊ ကိုယ်က မင်းသူငယ်ချင်းပါ။ ကဲ ကိုယ်တို့ နေ့ သယ်စာ စားရအောင်။ နေ့လယ်စာ ပြင်နိုင်းလိုက်တော့မယ်။ အိုကေနော် သူငယ်ချင်း"

သူ စိတ်မသက်သာစွာ သက်မချလိုက်မိသည်။

သူမက ကဗျာသစ်တဲ့။

ဟင့်အင်း။

သူ မယုံချင်ဘူး။

တကယ်ပါ ပျိုးလေးရယ်။

မောင့် လက်မခံချင်ဘူးကွ။

✿ ✿ ✿







www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

“ဟင့်အင်း”

မောင့်ကမ္ဘာ အိပ်လို့မရဖြစ်ကာ ခေါင်းတစ်ချက်ရမ်းရင်း ဝုန်းခနဲ ထ၏။ သူ့မျက်ဝန်းထဲမှာ နှိုင်းယှဉ်ပြီး မြင်ယောင်နေတာက–

ပျိုးကလေးနဲ့ ကဗျာသစ်။

ငယ်စဉ်က ပျိုးကလေးခြေလှမ်းဟန်၊ လမ်းလျှောက်တဲ့ဟန်လေးက ကဗျာသစ်လမ်းလျှောက်တဲ့ဟန်၊ ခြေလှမ်းတဲ့ဟန်နဲ့ တူနေတယ်လို့ မောင့်ကမ္ဘာ ခံစားသိနဲ့သိနှင့်နေသည်။

ဒ့ါပြင် –

နှုတ်ခမ်းပါးပါးလေးနဲ့ မျက်ဝန်းဝိုင်းလေးကလည်း ပျိုးကလေး ငယ်စဉ်ကအတိုင်း။





မေးဖျားကဒဏ်ရာကြောင့် ရလာတဲ့အမာရွတ်က ဘယ်လိုမှ ဖျောက်ဖျက်လို့မရတဲ့ သင်္ကေတ။

ပြီးတော့ သူ့ကို ရင်ဆိုင်မကြည့်ရဲတဲ့ ကဗျာသစ်မျက်ဝန်းထဲက ခံစားမှုပုံရိပ်တွေ။ ဒါတွေကို ပြန်မြင်ယောင်ရင်း မောင့်ကမ္ဘာ ဝိုပြီး ဆက်မခံနိုင်အောင် ဖြစ်ရ၏။

ဒါကြောင့် –

ညအချိန်မတော်ကြီး ဖြစ်နေတာကိုလည်း သူ မမှုနိုင်တော့ပါ။ ဝင်းယံကို ဖုန်းဆက်ရင်း သူမလိပ်စာတောင်းယူလိုက်သည်။

ဝင်းယံက သူ့စိတ်ခံစားချက်ကို နားလည်ပေးနိုင်တာမို့ ညကြီး မင်းကြီး ဖုန်းဆက်ပြီး လိပ်စာတောင်းတာကို မငြူစူပါ။ ဟိုတယ်မန်နေဂျာကို ချက်ချင်းမေးမြန်း၏။

ဟိုတယ်မနေဂျာပြောတဲ့လိပ်စာကို မောင့်ကမ္ဘာကို ပြန်ပြောခြင်းဖြင့် အကူအညီပေးနေမိသည်။

မောင့်ကမ္ဘာက ထိုလိပ်စာကလေးကို ရင်ထဲစွဲနေအောင် မှတ်ရင်း အိပ်ခန်းထဲကထွက်ခဲ့သည်။ ညမို့ တိတ်ဆိတ်ငြိမ်သက်နေ၏။

အထူးသဖြင့် –

မာမီ့အိပ်ခန်းဘက်သွားရင်း စိတ်လှုပ်ရှားစွာ နားစွင့်ရသေးသည်။ ဒီအချိန်က အိပ်မောကျနေချိန်မို့ မောင့်ကမ္ဘာအတွက် ကံကောင်းသွား၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဂိုထောင်ထဲက ကားကိုထုတ်ရင်း စံအိမ်နောက်ပေါက်တံခါးကို ကိုယ်တိုင်ဖွင့်ထွက်ခဲ့သည်။

စံအိမ်ရှေ့ဝင်ပေါက်မှာ ညစောင့်ရှိနေတယ် မဟုတ်လား။ သူထွက်သွားတာကို ဘယ်သူမှ မသိဖို့အရေးကြီး၏။

အရေးကြီးတာ ပျိုးကလေးနဲ့တွေ့ရဖို့။ တစ်နည်းပြောရရင် ကဗျာသစ်ဟာ ပျိုးကလေးဆိုတာ ပိုပြီးလက်ခံနိုင်ဖို့။

သူမလေးလိပ်စာအတိုင်း၊ မြို့ပြင်ဆင်ခြေဖုံးရပ်ကွက်လေးဆီ တစ်ရှိန်ထိုး မောင်းခဲ့မိသည်။

အမှတ် – ၁၀၈ (ဂ)၊ သရဖီလမ်း။

ထိုလမ်းကြမ်းထဲ သူ့ကားလေး ခက်ခက်ခဲခဲမောင်းဝင်ရ၏။ လမ်းက မြေသားလမ်း၊ မိုးရာသီမို့ ဗွက်တွေထနေသည်။

သို့သော်လည်း ကားဘီးတစ်ပတ်ချင်း လိမ့်မောင်းလျှင် အဆင်ပြေ၏။ သရဖီလမ်းရဲ့ အစွန်းကျကျ သူမအိမ်လေး။

အိမ်လေးက အခန်းတွဲထောင့်အစွန်ဆုံး။

ထိုအိမ်လေးရှေ့ ခြံဝင်းရှေ့မှာ ပိန္နဲပင်ကြီးရှိ၏။ ထိုပိန္နဲပင် အောက် အမှောင်ရိပ်မှာ သူ့ကားလေး ထိုးရပ်လိုက်သည်။

ညက တိတ်ဆိတ်နေဆဲ။

သူကတော့ စိတ်တွေလှုပ်ရှားကာ အိမ်လေးဝန်းကျင်ကို ငုံ့ကြည့်မိသည်။ အိမ်တံခါးတွေက ပိတ်ထား၏။





သို့သော် ခြံစည်းရိုးအတွင်းဘက် ပိန္နဲပင်၏အမှောင်ရိပ် အောက် ဆိုင်ခုံလေးထိုင်နေတဲ့ မိန်းကလေး။

မှောင်ရိပ်ထဲဖြစ်ပေမယ့် သူမ အသားအရည်က ဖြူဝင်းစွာ ဆင်ပေါ်နေပါသည်။ ဆံပင်ရှည်ပျော့ပျော့လေးကို ဖားလျားချထားလျှင် သူမ မျက်နှာဝိုင်းလေးက လပြည့်ဝန်းနှယ်။

နဖူးပြေပြေနဲ့ နှာတံလေးများစင်းလျက် နှုတ်ခမ်းလေးစေ့ထားပုံက တစ်ငေးတည်း ငေးချင်စရာကောင်းနေတော့သည်။

ပျိုးကလေး။ တီးတိုးခေါ်မိတဲ့အသံနောက်မှာ။

သူ့ရင် အခုန်မြန်ကာ။

သူမစိုက်စိုက်ကြည့်နေတဲ့ ဖုန်းပေဂျာပေါ်မှာ ဓာတ်ပုံလေးကို သူ လှမ်းမြင်ရ၏။

ထိုပုံက သူ ပန်းချီဆွဲပေးခဲ့တဲ့ ပျိုးကလေးငယ်စဉ်ကပုံ။

ခုတင်ပေါ် ခြေတွဲလောင်းချ၍ ပြုံးပြုံးလေး ထိုင်နေတဲ့ပုံ။

ဒါဆို သူ့စိတ်ထဲက သေချာမှုက ပိုပြီး သေချာနေပြီ။

ပျိုးလေးဟာ ကဗျာသစ်။ ကဗျာသစ်က ပျိုးကလေး။

ဟုတ်တယ်။ သူ့ရင်ထဲ မှတ်ချက်ပေးမိသည်က အသေချာဆုံး ဖြစ်ရလေပြီး။

ဒါကြောင့်။

✿ ✿ ✿



www.burmeseclassic.com

## အခန်း (၂၁)

"အို"

ဆတ်ခနဲဆို လက်ကိုင်ဖုန်းလေး အလုခံရလျှင် သူမမျက်ဝန်း လေး ပြူးကျယ်သွား၏။

ဒါ့ပြင် သူမလက်ထဲက ဖုန်းလုလိုက်တဲ့သူကို မြင်လိုက်ရသော် သူမရင်ထဲက နာမည်တစ်လုံး ခုန်ထွက်သွား၏။

"မောင့်"

"ပျိုးလေး"

သူ့ရင်ထဲမှာ ဝမ်းသာလှိုက်မြူးသွားကာ ရင်ခုန်သံတွေ အလွန် အမင်း မြန်ဆန်သွား၏။

ထို့ကြောင့် –





ပျိုးလေးကို သတိလက်လွှတ် ပွေ့ဖက်လိုက်မိသည်။

"မောင့်"

ပျိုးလေးက သူ့လက်တွေကို ဖယ်ဖို့ ကြိုးစားရင်း အသံတွေ တုန်ယင်စွာခေါ်သည်။

မောင့်က မြတ်နိုးစွာ ပွေ့ဖက်ထားဆဲနှင့်။

"ပျိုးလေးရယ်၊ မောင့်ကို ဘာဖြစ်လို့ ညာနေတာလဲဟင်၊ မောင့်ကို ဘာလို့ ညာရက်တာလဲကွာ"

"ဟို ဟို ပျိုးလေးညာတာ မဟုတ်ပါဘူး။ တကယ်ပါ"

"ဒါဆို ဘာလို့ ကဗျာသစ်လို့ပြောရတာလဲ"

"အဲဒါက ပျိုးလေးနာမည်ကို ဖေဖေနဲ့မေမေက ပြန်ပြောင်း လိုက်တဲ့ နာမည်အသစ်"

"ဟင် ဒါဆို"

"ဟုတ်တယ် မောင့်။ မောင့်တို့ပြောင်းသွားပြီး မေမေက အဲဒီအဖြစ်အပျက်ကို ပျိုးလေးကို မေ့စေဖို့ ပျိုးလေးနာမည်ကို ပြောင်း ပေးခဲ့တယ်။ ပြီးတော့ အဲဒီမြို့ကနေ ပျိုးလေးတို့ ပြောင်းရွှေ့နေကြ တယ်။ အဲဒီပတ်ဝန်းကျင် အဲဒီအဖြစ်အပျက်တွေနဲ့ ဝေးရာပြောင်းရင် လုံးဝမေ့သွားဖို့ ပတ်ဝန်းကျင်အသစ်မှာ ပျိုးလေးကို ကြီးပြင်းစေခဲ့ တယ်"

"ပျိုးရယ်"

www.burmeseclassic.com



“အခု မောင့်က ဘယ်ကဘယ်လို ရောက်လာတာလဲ”

“ပျိုးလေးကို သတိရလို့ ကဗျာသစ်ဆိုတာထက် ပျိုးလေးလို့ပဲ မောင့် ခံစားနေရတယ်။ အိပ်လို့လည်း မပျော်ဘူး၊ အိပ်လို့လည်း မရဘူး။ ဒါကြောင့် ပျိုးလေးလိပ်စာကို ဝင်းယံကတစ်ဆင့်မေးပြီး လာခဲ့တာ”

“မောင့်ရယ် အန္တရာယ်များလိုက်တာ”

“ပျိုးလေးက ကဗျာသစ်လို့ အပြောခံရတာ မောင့်နှလုံးသား အတွက် ပိုပြီး အန္တရာယ်များစေတယ်”

“ဘာဖြစ်လို့”

“မောင့်က ပျိုးလေးကို ပျိုးလေးအဖြစ်ပဲ ခံစားချင်တယ်”

“အင်းလေ၊ အခု ပျိုးလေးက ပျိုးလေးပဲ မဟုတ်လား”

“ဒီပုံလေးကြောင့် ပိုသေချာတာပေါ့ ပျိုးလေးရယ်”

ပျိုးလေးကိုယ်ကို ဖက်ထားရာမှ ဖြေလွှတ်ကာ သူ ဆုပ်ကိုင် ထားသော သူ့မလက်ကိုင်ဖုန်းလေးကို ပျိုးလေးရှေ့ ဖွင့်ပြလေ၏။

ပျိုးလေးက ထိုပုံလေးကို မြတ်နိုးစွာကြည့်၍ ကြည်နူးစွာ ပြုံးမိသွားသည်။

မောင့် လက်ဆောင်ရေးဆွဲပေးတဲ့ ထိုပုံလေးက ပျိုးရဲ့ သံသေတ္တာလေးထဲက စက္ကူအိတ်ထဲမှာ ရှိနေသည်။

သတိရတိုင်း ထုတ်ထုတ်ကြည့်ရလွန်းလို့ နွမ်းလျနေပြီ။ ထို့နောက် လက်ကိုင်ဖုန်းလေး ဝယ်လာနိုင်တဲ့အခါကျမှ ထိုပုံလေးကို





ပျိုးရဲ့လက်ကိုင်ဖုန်းထဲမှ ဓာတ်ပုံရိုက်ပြီး ထည့်ထားတာ ခုဆို နှစ်နှစ် လောက်ရှိပြီ မဟုတ်လား။

“ဒီပုံလေးသိမ်းထားတဲ့အတွက် ပျိုးလေးကို မောင့် ကျေးဇူး အများကြီးတင်ပါတယ်”

“မောင့်လည်း ပျိုးလေးကို မမေ့တဲ့အတွက် ကျေးဇူးအထူးပါ ပဲရှင်”

“မေ့စရာလား ပျိုးလေးရယ်”

သူ လိုက်လိုက်လှဲလှဲပြောလျှင် ပျိုးလေးက ကျေနပ်အားရ ပြုံးသည်။

“ဒါနဲ့ပျိုးလေး၊ ဝင်းယံတို့ဟိုတယ်မှာ အလုပ်ဝင်တာ ကြာပြီ လား”

“တစ်နှစ်ကျော်ပြီ”

“ပျိုးလေးမေမေနဲ့ ဖေဖေရော”

“ရှိတယ်၊ ဖေဖေက အဝေးပြေးကားနောက်လိုက်တယ်။ မေမေက ရပ်ကွက်ဈေးမှာ ဟင်းရွက်ရောင်းတယ်။ ပျိုးမှာ မောင်လေး တစ်ယောက်ရှိသေးတယ်”

“ဟာ နှစ်ယောက်တောင်”

“ဟုတ်တယ်၊ အဲဒီတုန်းက မေမေ့ဗိုက်ထဲမှာ မောင်လေး ပါပြီ။ အခု သူက တက္ကသိုလ်တက်နေပြီး မောင့်ရဲ့”



www.burmeseclassic.com

www.burmeseclassic.com



"ပျိုးကိုချစ်ရဲ့လား"

"မောင်လေးလား"

"အင်း"

"ချစ်တာပေါ့၊ ဒါပေမဲ့ ဆိုးတယ်"

"ဘယ်လို ဆိုးတယ် ဟုတ်လား"

"အင်း ဆိုးတယ်၊ အထူးသဖြင့် ပျိုးလေးနဲ့ပတ်သက်ရင် တအားဆိုးတာ"

"ဘယ်လို ပျိုးလေးနဲ့ပတ်သက်ရင်"

"ဟုတ်တယ်၊ ပျိုးလေးကို လိုက်ကြိုက်နေတဲ့ကောင်လေးတွေကို မြင်တာနဲ့ ထိုးမယ် ကြိတ်မယ်နဲ့ ရန်ရှာတတ်တာလေ"

ပျိုးလေးက ပြောရင်း ပြုံးလျှင် ပျိုးလေးမျက်နှာနုနုလေးက ပန်းနုရောင်လွှမ်းသွား၏။

ထိုအခါ -

ပျိုးလေးမျက်နှာလေး ပို၍ လှသွားသည်ဟု မောင့်ခံစားရ၏။

"မောင့်ကိုရော ရန်ရှာမလား"

"ဟွန်း၊ မောင့်က ပျိုးလေးနောက် တကောက်ကောက်လိုက်ကြိုက်နေတဲ့သူမှ မဟုတ်တာ"

ပျိုးလေး စကားမဆုံးခင် သူ့ခေါင်းလေး အသာရမ်းမိသွားသည်။ သူက ပျိုးလေးကို ကြိုက်လို့ တကောက်ကောက်လိုက်မယ့်သူ





ဟုတ်ဘူး။

မြတ်နိုးမှုတွေနဲ့ တန်ဖိုးထားရင်ခုန်ရသူ။

"မောင်ငယ်က ခုမှကိုးတန်း"

"မောင့်ကတော့ ခုချိန်ထိ တစ်ယောက်တည်းပဲ"

ပျိုးလေးက သက်မမောလေးချရင်း မောင့်ကို စာနာစွာ ကြည့်၏။ မောင့်ကလည်း ပြန်ကြည့်လျှင် -

ရွှန်းဝင့်သော နှစ်ဦးသားအကြည့်တို့ တငြိငြိတွယ်ကာ မျက်ချင်း ခွာနိုင်ဖို့ ခဲယဉ်းသွားလေပြီ။

ထိုအခါ -

တိတ်ဆိတ်သောညရှုခင်း၏ မှောင်ရီရီအရိပ်အောက်မှာ ာဝန်းနှစ်စုံ ရွှန်းမြသွားလျှင်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"သား သားရေ"

မနက်ကိုးနာရီခွဲနေပြီး သားက အောက်ထပ်ဆင်းမလာသော ထိုအခါ ဒေါ်ဘရဏီကမ္ဘာ အပေါ်ထပ်တက်ရင်း သားကို တကြော်ကြော် ခေါ်သည်။

"သား ဒေါက် ဒေါက်"

အခန်းတံခါးခေါက်ရင်း ထပ်ဆင့်ခေါ်၏။

"သားရေ သား"

အခန်းတံခါးခေါက်သံ၊ ဖွင့်သံ၊ ခေါ်သံတွေ အဆက်မပြတ် ကြားရလျှင် မောင့်ကမ္ဘာ နိုးသွား၏။

"သား"





"မာမီ"

သူ မျက်လုံးပွတ်ရင်း အိပ်မှုန်စုံမွှားနဲ့ ထူးလိုက်ရသည်။ မာမီက ...င်ဆီလျှောက်လာရင်း –

"သား ညက စောစောမအိပ်ဘူးထင်တယ်"

"ဆောရီးမာမီ"

"မာမီ အပြစ်ပြောနေတာမဟုတ်ဘူး။ မာမို့သားလေး ...ာရေး ထိခိုက်မှာစိုးလို့"

"မဟုတ်ဘူးမာမီ၊ ညက အဲ"

သူ့စကားလုံးတွေ လမ်းတစ်ဝက်မှာ တန့်သွား၏။ မာမီက ...င်မှာ တင်ပါးလွှဲထိုင်၍ သူ့နဖူးကိုစမ်းရင်း စူးစမ်းသလို မေး၏။

"ညက ဘာဖြစ်လို့လဲသား"

"ဟို ဟိုဗျာ၊ အင်တာနက်သုံးတာများသွားလို့ အိပ်ချိန်နောက် ...ားတာ မာမီ"

မောင့်ကမ္ဘာ ကမန်းကတန်း ဖြေရှင်းချက်ပေးလိုက်ရသည်။ ...ာ သူ့စကားကိုယုံကြည်ဟန်တူသည်။

အပြုံးချိုချိုလေးနဲ့ ခေါင်းညိတ်ပြီး –

"သားရယ်၊ အချိန်ဆိုတာ ထည့်တွက်မှပေါ့။ အိပ်ချိန်မှန် ...န်မှန်ဖို့ အရေးကြီးတယ်လေ။ ဟော ခုပဲကြည့်၊ မနက်စာစားချိန် ...ာ်ကျနေပြီး"



www.burmeseclassic.com

www.burmeseclassic.com



''ခဏလေး မာမီ၊ သား ရေမြန်မြန်ချိုးလိုက်မယ်''

''ရတယ် ဖြည်းဖြည်းလုပ်၊ မနက်စာကို သားအခန်းမှာပဲ ပြင်ပြင်နိုင်းလိုက်မယ်။ သွား ရေချိုး၊ မာမီစောင့်နေမယ်''

မောင့်ကမ္ဘာ တုံ့နှေးမနေတော့ပါ။ အိပ်ရာပေါ်ကထပြီး ရေချိုးခန်း တန်းဝင်ရ၏။

ကံကောင်း။

ညက ပျိုးကလေးဆီ ထွက်သွားခဲ့တဲ့ သူ့ဖြစ်စဉ်ကို မရိပ်မိ ရိပ်မိလို့ကတော့။

✿ ✿ ✿

## အခန်း (၂၃)

''ဟိုင်း၊ အန်တီ ဘရဏီ''

ပေါင်လယ်လောက်ရှိတဲ့ ရွှေဝါနုရောင် ကိုယ်ကြပ်အင်္ကျီလေး ပေါ် ဝစ်စကုပ်ပုံ အပါးသားလေး ထပ်တင်ထားတဲ့ ဒီဇိုင်းနဲ့ ပြုံးတွေ့နေတဲ့ မိန်းကလေးက ဒေါ်ဘရဏီကို အားပါးတရ ဝင်ဖက်၏။

ဒေါ်ဘရဏီကလည်း အားရဝမ်းသာ ပြန်ဖက်ရင်း –

''စံစံလေးရယ်၊ လှလိုက်တာကွယ်။ အန်တီ မျက်စိမှားနေသလားကွယ်၊ ဟင့် ဟင့် ဟင့်''

''အန်တီကလည်း စံ့ကိုမြှောက်နေပြန်ပြီ''

''တကယ်ပြောတာ စံလေးရဲ့။ စံလေး တအားလှလာတယ်။ ... အန်တို့ဆီ တကူးတကလာလည်တာ အန်တီဝမ်းသာတယ် စံရဲ့''



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း အန်တီဘရဏီပဲ စံတို့ကိုအဆက်ဖြတ်ထားပြီးတော့"

"အန်တီဘရဏီ ခံစားခဲ့ရတဲ့ သောကတွေကြောင့် သမီးရယ်"

"စံတို့လည်း အန်တီတို့နဲ့ အဆက်အသွယ်ပြတ်သွားတော့ ရင်ထဲမှာ ဟာသွားတာပဲ။ နောက်မှ မာမီ့မိတ်ဆွေတွေကတစ်ဆင့် အန်တီဘရဏီအကြောင်း သဲလွန်စရတာနဲ့ အပီအပြင်စုံစမ်းပြီးလာခဲ့တာ"

"ကျေးဇူးတင်လိုက်တာ သမီးရယ်၊ ဒါနဲ့ သမီးတစ်ယောက်တည်းလာတာလား"

"သုံးယောက်ပါသေးတယ်"

"ဘယ်သူတွေတုံး"

ဒေါ်ဘရဏီကမ္ဘာ ဝမ်းသာစိတ်လေးနဲ့ မေးလိုက်၏။ စံစံက နောက်ဘက်လှည့်ရင်း လက်ညှိုးထိုးပြလိုက်သည်။

မော်ဒန်ဘွိုင်းတွေလို စမတ်ကျနေတဲ့လူရွယ်သုံးယောက်ကိုမြင်လျှင် ဒေါ်ဘရဏီ ပို၍ အံ့သြသွား၏။

"သူရတို့ ထွန်းထွန်းတို့ မဟုတ်လား"

"ဟုတ်တယ် အန်တီ၊ ကျွန်တော်က ဖွဲ့၊ ဒီမှာ သူရနဲ့ ထွန်းထွန်း"

"ကြည့်စမ်း၊ လှလိုက်လာတာကွယ်"

"အန်တီ သားတို့ကို မှတ်မိသားပဲ"





"ဟဲ့ မှတ်မိတာပေါ့။ တအားလှနေလို့ အံ့သြသွားတာ။ ကြည့်ဦး၊ လေးယောက်စလုံးက ကိုးရိုးယားမင်းသား၊ မင်းသမီးတွေအောက်မေ့ရတယ်၊ တကယ်။ လာ လာကြ"

ဒေါ်ဘရဏီကမ္ဘာက အားရဝမ်းသာနှင့် စံစံတို့လေးယောက်ကို စိန်တိုက်ရှိ အထူးညှေ့ခန်းဆောင်ထဲ ခေါ်သွင်းသွား၏။

စံစံက အန်တီ့ကို ဖက်ထားရင်း တတွတ်တွတ်ပြော၏။

"အန်တီကလည်း စံတို့ငယ်ငယ်တုန်းကနဲ့ မတူဘူး"

"ဘယ်လိုမတူတာလဲ သမီးရဲ့"

"အန်တီလည်း မော်ဒန်ဆန်ဆန် လှလာတယ်"

"အံမယ်၊ မြှောက်နေပြန်ပြီ၊ ဒီကလေးတွေ"

"တကယ်ပြောတာအန်တီရဲ့၊ ဖက်ရှင်ဒီဇိုင်းကအစ အပြင်အဆင်၊ အခြယ်အသတွေကိုလည်း ကြည့်ဦး။ ဖလန်းဖလန်းဖြစ်နေတာလေ။

"ဟင့် ဟင့် ဟင့်၊ ပြောရှာ့မယ်၊ ဒီကလေးတွေ"

ဒေါ်ဘရဏီကမ္ဘာ ပိုသဘောကျသွားသည်။ သူမက နဂိုကတည်းက အလှအပကြိုက်သူ"

အိမ်နေရင်းတောင် ဖက်ရှင်ကျကျဝတ်စားတတ်သူ။

ခုလို စိန်တိုက်ပိုင်ရှင်အဖြစ် ရုံးခန်းမှာထိုင်ရတော့ မိတ်ကပ်နဲ့ဆံပင်ကို ဗျူတီပါလာမှာ နေ့တိုင်း ပြင်ဆင်သလို ရတနာဒီဇိုင်းဆန်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း ဖက်ရှင်နဲ့လိုက်ဖက်အောင် ဝတ်တတ်၏။

အထူးသဖြင့် –

ကိုးရီးယားမိတ်စကပ်နဲ့ တွဲလျက် ဝတ်ရတဲ့ ဖက်ရှင်ဒီဖိုင်းတွေ ကလည်း အလန်းစားတွေမို့ ဒေါ်ဘရဏီကမ္ဘာကို မြင်သူတိုင်း ငေးဖြစ် လေသည်။

အဲဒါကိုပဲ စံစံတို့ပြောလေတော့ သူမလည်း သဘောမကျ မနေသာ။

"တကယ်ပြောတာ အန်တီ၊ အန်တီနဲ့ စံစံ ပြိုင်ရင်တော့ စံစံလှတာ ဘေးရောက်သွားမယ်"

သူရဝင်ပြောလျှင် စံစံက မျက်စောင်းထိုး၏။

"ဟုတ်သားပဲကွ"

ဖွဲကလည်း ထောက်ခံလျှင် –

"ဖွဲနော် ငါလုပ်လိုက်ရ"

"အမှန်အကန် အပြောခံရရင် စံစံ နာတတ်တာ ငယ်ငယ် အကျင့်အတိုင်းပဲ အန်တီ"

ထွန်းထွန်းလည်း ဝင်ပြောတော့ စံစံ နှုတ်ခမ်းချွန်ပြလိုက်၏ က အလိုမကျစွာ။

ဒေါ်ဘရဏီကမ္ဘာက စံစံ နှုတ်ခမ်းလေးကို ချစ်စနိုးဆွဲ၍–

"အလကားပါ သမီးရယ်။ သမီးနဲ့အန်တီ့ကိုယှဉ်လို့ ရမတဲ့လား





သမီးအလှက ငယ်နုတဲ့အလှ၊ အန်တီက အဘွားကြီးဖြစ်နေပြီး သမီးရဲ့"

"တွေ့လား၊ စံစံလှတယ်တဲ့"

"အေးပါ၊ နင် လှပါတယ်"

"ကဲပါသားတို့ရယ်၊ စံစံလေးကို ဝိုင်းမနောက်ပါနဲ့။ ခများ ... မကောင်းဖြစ်နေလိမ့်မယ်"

အန်တီဘရဏီကမ္ဘာက စံစံဘက်တော်သားမို့ စံစံမျက်နှာ ... ဝင်ပြလိုက်သည်။

သူရတို့က စံစံ့ကို ဝိုင်းနောက်ချင်သေးသည်။

သို့သော်–

အန်တီ့ကိုငဲ့လို့ မနောက်ဖြစ်တော့ပါ။

"ကဲ ထိုင်ကြ၊ သမီးတို့"

"ဟုတ်ကဲ့အန်တီ"

ကနုတ်ပန်းနဲ့ ဘောင်ခတ်ထားတဲ့ ဆိုဖာလှလှကြီးပေါ်မှာ ... တို့ ဝင်ထိုင်ကြ၏။

အန်တီက ချက်ချင်းပဲ ဝန်ထမ်းကောင်မလေးကို ခေါ်ပြီး ... သောက်စရာ စီစဉ်ခိုင်း၏။ စံစံက အန်တီဘရဏီရဲ့ နောက်ခံနေကို ... သဘောကျ၏။ ဒါ့ပြင် တစ်စုံတစ်ယောက်ကိုလည်း သတိရနေ သည်မို့ ... ချင်တာကို လွှတ်ခနဲ မေးချလိုက်၏။

"အန်တီရေ ဖွမောင့်ကောဟင်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဘရဏီ အပြုံးလေးဝင့်စွာ စံစံကိုစိုက်ကြည့်၍ –

"ရှိတာပေါ့ သမီးရဲ့"

"ဟယ် စံ မောင့်နဲ့တွေ့ချင်တယ်။ သူရတို့လည်း တွေ့ချင်တယ် မဟုတ်လား"

စံစံက သူရတို့ကိုပါ ဆွဲပြောလေ၏။ သူရတို့လည်း စံစံ့အလိုကျ ခေါင်းညိတ်ကြ၏။ အန်တီ့အပြုံးက ပို၍ ပို၍ တောက်ပသွားကာ

"တွေ့ရမှာပေါ့ သမီးရယ်။ သားနဲ့တွေ့ဖို့ အန်တီ အကောင်းဆုံး စီစဉ်ပေးမယ်။ သူငယ်ချင်းတွေ လွတ်လွတ်လပ်လပ် တွေ့ကြရော မဟုတ်ပြီလား"

"အင်း"

စံစံ ဝမ်းအသာဆုံးဖြစ်ကာ အန်တီဘရဏီပါးပြင်လေးကို ဖွဖွမွှေးလိုက်ပြီး –

"အဲဒါကြောင့် အန်တီ့ကိုပိုချစ်ရတာ"

"ဟင့် ဟင့် ဟင့်"

"အကဲမ"

သူရတို့ မှတ်ချက်ပေးတာကို စံစံမမှုပါ။ ဘာဖြစ်လို့လဲဆိုတော့

✿ ✿ ✿



## အခန်း (၂၄)

"ပျိုးလေး"

"အဲ မောင့်"

"မေးတာ ဖြေဦးလေ"

ပျိုးလေး မျက်နှာလှလှလေးက ပန်းသွေးရောင်စွတ်ဖြန်းလိုက်သလို အလှသွေးကြွယ်သွားလေ၏။

ဒါ့ပြင် မလုံမလဲစိတ်ဖြင့် ဆုပ်ကိုင်ခံထားရတဲ့ လက်ဖဝါးနုနုလေးကို မောင့်လက်ထဲမှ လွတ်အောင် ရုန်း၏။

"ဟို ပျိုးလေး၊ အလုပ်ချိန်ရှိသေးတယ် မောင့်ရဲ့"

"အလုပ်ချိန်"

"ဟုတ်တယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



မောင့်က ရယ်မောရင်း ပျိုးလေး၏လက်ဖဝါးနုနုကို ဖျစ်ဆုပ်လိုက်၏။ ပျိုးလေးက ကျန်လက်တစ်ဖက်နဲ့ မောင့်လက်ကို ဖယ်ရှားလျှင် -

"ပျိုးလေးရယ်၊ ဝင်းယံကို မောင့်ပြောပြီးသားပါ။ စိတ်ချ ပျိုးလေးကို အလုပ်ရှင်ဆူမှာမဟုတ်ဘူး"

"ဟွန်း ဘာပဲဖြစ်ဖြစ် ပျိုးလေးက ဝန်ထမ်း။ ဝန်ထမ်းဆိုတော့ ဝန်ထမ်းအသိရှိရမယ်။ ဒါကြောင့်ပြောတာ။ ပျိုးလေးအလုပ်ခဏနားချိန်မှာ မောင့်နဲ့တွေ့တာ မောင့်က အချိန်ဆွဲနေတာ မကောင်းဘူး။ တခြားလုပ်ဖော်ကိုင်ဖက်တွေကို အားနာရမယ် မောင့်ရဲ့"

"အားနာရင် မြန်မြန်ဖြေလေ။ မောင့်မေးတာကို ပျိုးလေးဖြေပေါ့။ ပျိုးလေးမှာ ချစ်သူရှိလား"

ပျိုးလေးက ရှက်မျက်စောင်းရင့်ရင့်ထိုးပြီး -

"မေးစရာလားလို့"

"မေးစရာပေါ့ပျိုးလေးရဲ့၊ ပျိုးနဲ့မောင့် ဝေးခဲ့တာ ငယ်ငယ်ကတည်းက ပြန်ဆုံကြတာ အရွယ်ရောက်နေပြီးဆိုတော့ မောင့်တို့ ဝေးနေတဲ့ ကာလရှည်မှာ ပျိုးလေးစိတ်နဲ့ နှလုံးသားပြောင်းလဲဖို့ အချိန်အများကြီး ရတယ်လေ။ ဟုတ်ဖူးလား"

"ဟွန်း သူပဲ ပြောတတ်တယ်"

"တကယ်ပြောတာ ပျိုးလေးရဲ့"





"မောင့်မှာကော ချစ်သူရှိလား"

"အံမယ်၊ မောင့်မေးခွန်းနဲ့မောင့်ကို ပြန်ချည်တာပေါ့လေ"

"ဟုတ်ပါဘူး"

"ဟုတ်ဘူးဆိုရင်၊ မောင့်မေးတာ အရင်ဖြေ"

"ဟင့်အင်း၊ ပျိုးလေးမေးတာကို အရင်ဖြေ"

ပျိုးလေး ခေါင်းတရမ်းရမ်းနဲ့ပြော၏။ အရင်ဖြေတဲ့။ မောင့်အမှာက နှုတ်ခမ်းလေးစေ့ကာ ပြုံးမိသွားသည်။

ပျိုးကလေးက မလုံမလဲဖြင့် -

"ဖြေလေ"

"ဟွန့် ဖြေပါ့မယ် ပျိုးကလေးရယ်"

မောင်က ပြောရင်းနဲ့ ပျိုးကလေးမျက်နှာလေးကို စိုက်ကြည့်၏။ အိုင်းရှဲဒိုး ဘာညာ မသုံးပေမယ့် ပျိုးလေးမျက်ဝန်းမှာ နက်မှောင်တာ မျက်တောင်လေးများ ညိုကော့နေသည်။

"အိုး ပြောမယ်ဆိုပြောလေ။ လူ့ကို ဘာလို့စိုက်ကြည့်နေရတာလဲ"

"ဆော ဆောရီးပျိုးလေး"

မောင့်ကမှာက မလုံတဲ့စိတ်ကလေးနှင့် ဗျာပျာသလဲပြောရင်း ပျိုးလေးမေးခွန်းကိုဖြေမိ၏။

"မောင့်မှာ ချစ်သူရှိနေမှတော့ ပျိုးလေးကို တကူးတက မေးပါ့



www.burmeseclassic.com

www.burmeseclassic.com



စရာမလိုဘူးလေ"

"ဟွန်း ဝေ့လည်လည်နဲ့"

"တကယ်ပြောတာ၊ မောင့်မှာ ချစ်သူမရှိဘူး။ ပျိုးလေးမှာ ကော"

"အင်း"

ပျိုးလေးက တည်ငြိမ်သောဟန်လေးနှင့် မတင်မကျပြော၏။ မောင့်ကမ္ဘာက အားမလိုအားမရဖြစ်ကာ ပျိုးလေးလက်မောင်းကို ဆုပ်ကိုင်ပြီး လှုပ်ခါရင်းမေး၏။

"အင်းဆိုတာဘာလဲ။ ရှိတာလား မရှိတာလား"

"ရှိတယ်လည်းပြောလို့ရတယ်၊ မရှိဘူးလည်း ပြောလို့ရတယ်"

"ဘယ်လို"

"ဟိုလေ၊ ပြောရမယ်ဆိုရင် ဖေဖေပေါ့"

"ပျိုး ဖေဖေ၊ ပျိုးဖေဖေက ဘာတဲ့"

"ဖေဖေ့ကားပိုင်ရှင်ရဲ့သား ကိုထူးအံ့နဲ့ ပျိုးလေးကို စေ့စပ်ပေး ထားတယ်"

"ဘာ"

မောင့်ကမ္ဘာ စိုးရိမ်တကြီးဖြစ်ကာ ထိုင်နေရာမှ ဝုန်းခနဲထ သည်။ ပျိုးလေးလည်း ကမန်းကတန်း ထရပ်၍ –





"ဟို ဟိုလေ၊ ပျိုးလေးက ဖေဖေတို့ စီစဉ်တာကို မငြင်းရဲဘူး အဲဒါကြောင့်ပါ"

"ဒါ ဒါဆို ဒီလက်စွပ်က"

ပျိုးလေးရဲ့ဘယ်ဘက်လက်သူကြွယ်မှာ ဆင်ထားတဲ့ ကျောက် ...လေးတစ်လုံးပါသည့် ရွှေသားလက်စွပ်ပါးပါးလေးကို ကြည့်ရင်း မောင့်ကမ္ဘာ မေးလိုက်၏။

ပျိုးလေးက မလုံမလဲဖြင့် သူမလက်ကလေးကို ဝှက်ဖို့လုပ်၏။ မောင့်ကမ္ဘာက ပျိုးလေးလက်ကို ဦးစွာဆွဲယူရင်း –

"ပြောလေ၊ ဒါ စေ့စပ်တဲ့သင်္ကေတပေါ့ ဟုတ်လား"

ပျိုးလေး ခေါင်းပဲညိတ်လိုက်သည်။ မောင့်ကမ္ဘာက လေပူ ...ချက် မှုတ်ထုတ်ရင်း –

"ပျိုးလေးရယ်၊ ဒါပေမဲ့ ဟိုကွာ"

မောင့်ကမ္ဘာ ဘာပြောလို့ ပြောရမှန်းမသိအောင် မွန်းကျပ် ...ကာ အသက်ရှူသံတွေ ချော်ကုန်သည်။ ပျိုးလေးလည်း မလုံမလဲ ...နဲ့ ဗျာယိဗျာယာဖြစ်ကာ –

"ဟိုလေ၊ ပျိုးလေးက ကိုထူးအံ့ကို သာမန်ပါပဲ"

"ပျိုးလေးရယ်၊ ပျိုးလေးကို မောင်ချစ်တယ်"

"ဟင်"

ပျိုးလေး၏လက်မောင်းနှစ်ဖက်ကို မောင့်ကမ္ဘာ ဖွဖွဆုပ်ကိုင်



www.burmeseclassic.com

www.burmeseclassic.com



ထားရာမှ ပျိုးလေးကိုယ်ကို ပွေ့ဖက်ရင်း မောင့်ရင်ခွင်နှင့် ဖိကပ်ထား
သည်။

ဒုတ်။

ဒုတ်။

ဒုတ်။

ဘုရားရေ။

ရင်ခွင်ချင်းအငြိမှာ ပျိုးရင်အခုန်မြန်သွား၏။ ဒါပြင် မော
ရင်ခွင်ထဲမှာ သံလိုက်ဓာတ်နဲ့ ဆွဲငင်ခံရလိုက်ရတဲ့ သံမှုန်လေး
ပျိုး၏ရင်ခွင်ရိုင်းလေးကပဲ ငြိပြီးပါတော်မူသွားလေသည်။

ဘုရားရေ။

အချစ်ဆိုတာ။

✿ ✿ ✿

## အခန်း (၂၅)

"ဟင်"

မှန်တံခါးလေးတွန်းဖွင့်၍ နားနေခန်းထဲ ခြေချလိုက်လျှင် ငြိမ့်
ဂီတသံလေးပေါ်ထွက်လာ၏။

တစ်ဆက်တည်းလည်း မျက်နှာကြက်အလှဆင်ထားတဲ့ မီးပုံး
၂၅နှ် အလှဖန်မီးဆိုင်းတွေထဲမှာ ပွင့်ချပ်လွှာလေးများ တလွင့်လွင့်
မီးရောင်လေးများ ဖွင့်ချည်ပိတ်ချည်နဲ့ အလင်းရောင်စုံ မြူးသွား

ထိုမီးအလင်းရောင်ကြောင့် ဘာကိုမှ သဲသဲကွဲကွဲ မမြင်ရပေ
မောင့်ကမ္ဘာစိတ်မှာ လှုပ်လှုပ်ရှားရှားဖြစ်သွား၏။

ထို့နောက်မှာ –



www.burmeseclassic.com

www.burmeseclassic.com



သံစဉ်က ပိုမြူးလာသည်။

တစ်ဆက်တည်းလည်း ပါဖောမန့်အကနဲ့ ဒန်ဆာသုံး ယော ရောင်စုံမီးအလင်းအောက်မှာ ကနေသည်က ဘယ်သူဘယ်ဝါ မသိပေမယ့် ကြည့်ကောင်းနေသည်။

ထိုဒန်ဆာရဲ့ကကွက်အဆုံးမှာ သံစဉ်လေး ငြိမ်ကာ မီးအလ ဖြာကျသွား၏။

"ဖြောင်း ဖြောင်း ဖြောင်း"

ပြီးတော့ လက်ခုပ်သံတွေ မြိုင်သွား၏။ ပန်းပွင့်လွှာ သူတစ်ကိုယ်လုံးမှာ ဖွေးဖွေးလှုပ် တွယ်ငြိကာ ရွရွလေး လျော့ကျ ၏။

ပြီးတော့ သူ့ရှေ့တိုးလာတဲ့ စတော်ဘယ်ရီရောင် ကိုယ် ဖက်ရှင်နဲ့ မိန်းကလေးတစ်ဦး။

"ဟိုင်း မောင့်ကမ္ဘာ" ဟု နှုတ်ဆက်သလို သူ့ကိုယ် လည်း ဝင်ဖက်၏။

"ဟာင်"

သူ အံ့ဩကာ ဝင်ဖက်တဲ့မိန်းကလေးကို ခွာကြည့်

"ဖြောင်း ဖြောင်း ဖြောင်း"

ထိုဒန်ဆာသုံးယောက်ဆီမှ လက်ခုပ်သံတွေ ထွက် သည်။ သူ အံ့ဩလွန်းကာ ထိုလေးယောက်ကို တစ်လှည့်စီကြည့်





"သား"

မာမီက ရွှင်ရွှင်မြူးမြူးလေး ဝင်ရောက်သည်။

"မာမီ"

"သား အံ့ဩသွားလား"

သူ ခေါင်းညိတ်လိုက်၏။ မာမီက သဘောကျစွာ တဟင့် နဲ့ အသံထွက်တဲ့အထိ ရယ်မောပြီး –

"ဒါ ဘယ်သူတွေလဲ သေချာကြည့်ဦး"

ထိုလေးယောက်ကို ညွှန်းပြီး မာမီပြောလျှင် မောင့်ကမ္ဘာ တစ်ယောက်ချင်းကို သေချာကြည့်မိသွားသည်။

လူရွယ်သုံးယောက်က အရပ်ချင်းညီပေမယ့် ကိုယ်လုံးတွေက ညီး မျက်နှာပုံတွေက –

"ဟာင်"

ဒီတော့မှ မောင့်ကမ္ဘာ ငယ်ရပ်တွေကို ပြန်မြင်လာသည်။ မျက်နှာသွယ်ပြီး နားရွက်မှာ မှည့်အနက်ရှိသူက သူရ။

နှာခေါင်းပွပြီး ခပ်ဖိုင့်ဖိုင့်ကိုယ်ခန္ဓာနဲ့က ထွန်းထွန်း၊ မျက်နှာ ထောင့်ပုံစံနဲ့ နှုတ်ခမ်းပြဲတဲ့တစ်ယောက်က ဖွဲ၊ ကာလာစုံခြယ်ထား မျက်နှာပြားပြားနဲ့ နဖူးမို့တဲ့သူမက စံစံ။

"ဟာင် နင်တို့တွေ"

"ဟင့် ဟင့် ဟင်၊ ဟုတ်တယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

သူတို့အားလုံးအနားသို့ရောက်လာလျှင် မောင့် တကယ် ဖျာ ချင်ချင် ဖြစ်၏။ မာမီက သဘောတကျဖြစ်ရုံမက ပိုတောင်ပိုနေသေး ဟန်မျိုးဖြင့် –

"သားရဲ့ ငယ်ငယ်က ကစားဖော်တွေလေသားရဲ့။ သား မှတ်မိတယ်မဟုတ်လား"

သူ ခေါင်းညိတ်လိုက်ရသည်။

"မောင့် နင် တအားထွားလာတယ်ဟ"

စံစံက သူ့လက်မောင်းကို ဆုပ်ကိုင်လှုပ်ခါရမ်း သဘောကျ ပြော၏။ သူက မလုံတဲ့စိတ်နဲ့ –

"ဟာ ဘာထွားတာလဲ"

"လူထွားတာလေ၊ ပြီးတော့ အားလုံးပဲ"

"ဟာ"

စံစံ့စကားနောက်မှာ သူ ပိုပြီး မနေတတ်အောင်ဖြ ထိုအခါ မာမီအပါအဝင် အားလုံးရယ်မောကြလေသည်။

မောင့်ကမ္ဘာ ခေါင်းတစ်ချက်ကုတ်ရင်း –

"ဖုန်းကြိုးဆက်ပါလားကွာ။ ခုတော့"

"ခုတော့ ဘာဖြစ်လဲ"

"ဘာမှမဖြစ်ဘူးကွာ"





"ကဲ ဘာမှမဖြစ်ရင်လာကြ။ သားတို့အားလုံးအတွက် အထူး ...လယ်စာ စီစဉ်ထားတယ်။ စားသောက်ရင်း သူငယ်ချင်းတွေပြောကြ ...ကြ၊ ဟုတ်ပြီလား သား"

မာမီက ကြားဝင်ပြောရင်း ရှေ့ကဦးဆောင်ထွက်သွား၏။ သူရတို့ ...ခုံးကို ဖွဖွလှမ်းထိုးရင်း ကျီစယ်၏။

စံစံက သူ့ကို တကြည့်တည်းကြည့်နေရင်း ခေါ်သည်။

"မောင့်"

"ပြော"

"နင် စံတို့ကို သတိမရဘူးလား"

"ရ ရပါတယ်ဟာ"

"ငါတို့ကောင်တွေကိုရော"

ထွန်းထွန်းက အကဲပိုပိုမေးနေတဲ့ စံစံ့ကို တွန်းဖယ်ရင်းမေး၏။

အမှန်အတိုင်းပြောရရင် ထိုလေးယောက်ကို သူ ဘယ်တုန်း ... သတိမရခဲ့ပါ။ အမှန်အတိုင်းဖြေလိုက်ရင် ထိုလေးယောက် ...နိုင်သည်။ ဒါကြောင့် –

"ရ ရပါတယ်ကွ"

"တကယ်လားကွ"

ဖွဲ့က မယုံသလိုမေး၏။

"တကယ်ပေါ့ကွ၊ ငါပြန်ရောက်ရောက်ခင်း မာမီ့ကိုတောင်



www.burmeseclassic.com

www.burmeseclassic.com



ပြောသေးတယ်။ မိုးကုတ်ကစံအိမ်ကို သွားချင်တယ်လို့။ မာမီက ဒဏ်ရာမကျက်သေးဘူးထင်တယ်။ ခွင့်မပြုသေးလို့ သွားခွင့်မရသေးတာ။ မယုံရင် မာမို့ကိုမေးကြည့်"

မောင့်ကမ္ဘာ အတည်ပြောလိုက်လျှင် ထိုလေးယောက်လုံး သဘောကျသလို ကျေနပ်စိတ်လည်း ဖြစ်သွား၏။

ထို့ကြောင့် –

"အဲဒါဆို အိုကေ၊ ငါတို့ကောင်တွေ ဝိုင်းပြောရင် အန်တီခွင့်ပြုမှာကွ"

"အံမယ် ထွန်းထွန်းစုတ် နင် ဝိုင်းပြောစရာမလိုဘူး။ စံပြောလိုက်တာနဲ့ အန်တီခွင့်ပြုစေရမယ်"

စံစံက အကဲပိုစွာပြော၏။

"ရပါတယ်ကွာ။ မာမို့စိတ်ဒဏ်ရာကို ပြန်ဆွသလိုဖြစ်နေမှာကွ။ ဒါကြောင့် မပြောနဲ့တော့စံစံ"

သူက ပျိုးကလေးကိုသတိရလို့ မိုးကုတ်သွားလိုခြင်း။ ပျိုးကလေးကို ဒီမှာတွေ့နေရပြီးဆိုတော့ မိုးကုတ်မသွားလိုတော့ပါ။ ဒါကြောင့် မိုးကုတ်သွားမယ့်ကိစ္စ အစဖော်မပြောတော့ပါ။

အဲဒါကို စံစံက လက်မခံ။

"ပြောမယ် ဒါပဲ"

စံစံက ဖွတ်ပြောရင်း မာမို့နောက် အပြေးကလေးလိုက်သွား၏။





"မောင့် ငါတို့ကောင်တွေကို၊ မင်းတကယ်သတိရတယ်ဆိုရင် ကောက်လိုက်ခဲ့ရမယ်။ စံပြောရင် မောင့်မာမီက အိုကေပဲကွ"

"ဟုတ်တယ်၊ ကိုယ်တို့အတူသွားကြမယ်"

ထွန်းထွန်းကလည်း စံစံနဲ့အတူပင် ဖွတ်တိုးပြောနေသည်။ မောင့်ကမ္ဘာ စိတ်ပျက်လျက်။

"မင်းတို့သဘောကွာ"

"ဟေး"

ထိုသုံးယောက် အားရဝမ်းသာဖြင့် သူ့ကို လက်သီးနဲ့ ဝိုင်းထိုးကြ၏။

"ဟာ"

သူ့ရင်မှာ အောင့်သွားသလားပဲ။

ကျွတ်။ ဒီကောင်တွေနဲ့ဝေးအောင် ဘယ်လိုရှောင်ရမလဲ။

မောင့်ကမ္ဘာ ဒါပဲတွေးရင်း လောလောဆယ် မာမို့အစီအစဉ်အတိုင်း နေ့လယ်စာစားဝိုင်းဆီ ဦးတည်ခဲ့ရသည်။

ကျွတ်။ ပြန်ဆုံတွေ့ခြင်း အထိမ်းအမှတ်ဟာ မမိုက်လိုက်တာ။ ပြန်မဆုံရင် ကောင်းသားဖြစ်မလားပဲ။ ခုတော့။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၆)

"ဘရဏီရေ ချွေးမလောင်းရွေးပြီးပြီလားအေ့"

ဒေါ်သန္တာတင်မေးလျှင် ရှမ်းခေါက်ဆွဲစားနေတဲ့ ဒေါ်ဘရဏီ ကမျှာ တီးချင်ချင်ဖြစ်သွားသည်။

"သန္တာကလည်း ဖြည်းဖြည်းမေးပါဟယ်၊ ဟိုမှာ ဘရဏီ တီးနေပြီ"

"ဟုတ်ပ"

"ရော့ ဘရဏီ၊ ရေသောက်လိုက်ဦး"

ဒေါ်ဒေဝီစိုး၊ ဒေါ်မြင့်သီတာနဲ့ ဒေါ်ရွှေဖွန့်တို့က ဒေါ်သန္တာတင် ကို တစ်ယောက်တစ်ခွန်းပြောကြ၏။

ဒေါ်ရွှေဖွန့်က ပြောရင်းဆိုရင်း သောက်ရေဖန်ခွက် ကမ်းပေး





ဒေါ်ဘရဏီကမျှာက ရေဖန်ခွက် လှမ်းယူရင်း တစ်ကျိုက်သောက်၏။

ပြီးမှ အပြုံးမပျက်အောင် ပြုံးထားရင်း ဒေါ်သန္တာနဲ့ ဒေဝီစိုးတို့ ကို ဝေ့ကြည့်ရင်း ပြော၏။

"ရပါတယ်၊ မေးပါစေ။ သန္တာက ဘရဏီရဲ့ တစ်ဦးတည်း သော ချွေးမ ဘယ်သူဖြစ်မလဲဆိုတာ အရမ်းစိတ်ဝင်စားနေမှန်း သိသာ နေတယ် မဟုတ်လား"

"ဟင့် ဟင့် ဟင့်၊ ဟုတ်တယ်၊ ဒေဝီတို့ရဲ့"

ဒေါ်သန္တာတင်က အသံထွက်၍ မြူးမြူးလေးရယ်ရင်း ပြော၏။ ဒေါ်ဒေဝီစိုးတို့လည်း တစ်ယောက်မျက်နှာတစ်ယောက်ကြည့် ရင်း စိတ်ဝင်တစားဖြစ်လေပြီ။

"ဒါတော့ ဒါပေါ့ဟဲ့။ ဘရဏီ့ချွေးမ ဘယ်သူဖြစ်မလဲဆိုတာ သိတာလည်း စိတ်ဝင်စားတယ်ဟ"

"ကဲပါ အားလုံး စိတ်ဝင်စားနေမှန်း ဘရဏီသိပါတယ်။ ဟင့် ဟင့် ဟင့်"

ဒေါ်ဘရဏီ မာန်လေးဝင့်ကာ ပြောဆိုလျှင် ဒေဝီစိုးတို့လည်း ခေါင်းလေးတညိတ်ညိတ်နှင့်။

"သိတယ်ဆိုလည်း ပြောပါတော့လား ဘရဏီရယ်"

"ဟုတ်သားပဲ"

ဒေါ်သီတာမြင့်နဲ့ ဒေါ်ရွှေဖွန့်လည်း အတိုင်အဖောက်ညီညီ



www.burmeseclassic.com

www.burmeseclassic.com



ပြောတ၏။

"စားစရာရှိတာ အရင်စားစမ်းပါဟယ်"

ဒေါ်ဒေဝီစိုးက အစားအသောက်ဘက် ပြန်ဆွဲဆောင်၏။ သူငယ်ချင်းတွေ သူ့မအိမ်မှာ ဆုံကြတာ သူ့မလက်ရာ ရှမ်းခေါက်ဆွဲ တစ်ဝတစ်ပြီစားကြဖို့ မဟုတ်လား။

ခုတော့ စားတဲ့ကိစ္စက နောက်ကောက်ကျနေပြီးမို့ ဝင်ပြောလိုက်ခြင်း။

ထိုအခါ ဒေါ်သန္တာတင်က –

"စားပါ့မယ် သန္တာရဲ့။ ဒါပေမဲ့ သန္တာလက်ရာထက် ဘရဏီ့ချွေးမ ဘယ်သူဖြစ်မလဲဆိုတာ သိချင်စိတ်လောသွားလို့ပါ။ ဆောရီးပါ သူငယ်ချင်း"

"ဟွန်း။ အပြောက ဟိုတစ်မျိုး ဒီတစ်မျိုး"

"ကဲပါ။ ဒေဝီစိတ်ကျေနပ်အောင် ဒေဝီ့လက်ရာ ရှမ်းခေါက်ဆွဲလေး အဝစားပေးကြပါကွယ်။ ပြီးတော့ အချိုပွဲတည်းကြမယ် မဟုတ်လား။ အဲဒီတော့ ပြောတာပေါ့။ ဟုတ်ဖူးလား"

ဒေါ်ဘရဏီ ရွှန်းရွှန်းဝင့်ဝင့်လေးပြောလျှင် ဒေါ်သန္တာတင်တို့ သဘောကျသွား၏။

"ဟုတ်တယ်၊ အချိုပွဲလေးတည်းရင်း ပြောရတာပိုပြီး ဇိမ်ရှိမယ်ဟာ"





"အိုကေ"

ဒီလိုနဲ့ ဒေါ်ဘရဏီတို့ တစ်ဖွဲ့ အပျိုဖြန်းလေးတွေလို ရယ်ရယ်မောမော ပြောဆိုရင်း စားသောက်ကြတာက မြိန်ရေယှက်ရေ။

ဒါ့ပြင်

ဘရဏီ့ချွေးမလောင်း ဘယ်သူဖြစ်မလဲဆိုတာ သိခွင့်ရဖို့ မျှော်လင့်နေတာကလည်း ပိုပြီး အရသာရှိနှင့်နေသည်။

ထို့ကြောင့်။

✿ ✿ ✿

## အခန်း (၂၅)

"ဟင်"

"ဘာဖြစ်တာလဲ"

မောင့်ကမ္ဘာနှုတ်က အံ့ဩသံချည်း ခုန်ထွက်သွားလျှင် စံစံ

မျက်မှောင်လေး ကြုတ်ကြုတ်လေးနှင့် ကြည့်ပြီးမေး၏။

"ဩော် အင်၊ ဟင်။ ဘာ ဘာမှ မဟုတ်ဘူး"

"ဘာလို့ ဘာမှမဟုတ်ရမှာလဲကွ။ မင်းမျက်လုံးက ဟို

ဘက် စိုက်စိုက်ကြည့်ရင်း ဟင်ခနဲဖြစ်သွားတာ။ တစ်ခုခုဖြစ်လို့ပဲ။

ကောင်တွေကိုမညာနဲ့ ကမ္ဘာ"

သူ့ရဲ စိုက်ကြည့်ရင်းပြောလျှင် သူ့အမူအရာတွေ ပျာယာ

မသွားအောင် ထိန်းဖို့ကြိုးစားရသည်။





"ဟုတ်သားပဲ၊ ဟင်ခနဲဖြစ်တာ ဘာလို့လဲ ကမ္ဘာရဲ့။ ပြောလေ"

စံစံက သူ့လက်မောင်းကို တလှုပ်လှုပ်ခါရင်း ပိုင်ပိုင်စိုးစိုး

မေး၏။

ထွန်းထွန်းတို့က သူကြည့်တဲ့ဆီ လှမ်းကြည့်ရင်း စူးစမ်း၏။

သူ့က ကမန်းကတန်း မြင်လွှာချရင်း ဝိတ်တာလာချတဲ့ ပုစွန်ကင်ပန်း

ကန်ကို စိုက်ကြည့်နေလိုက်သည်။

"ဟဲ့ပြောလေ ကမ္ဘာ"

စံစံက ဖွတ်။

ဖြစ်နိုင်ရင် ဒီဝိုင်းထဲကနေ ဝုန်းခနဲ ထသွားချင်သည်။

ဖြစ်နိုင်လို့သာ ထိုင်နေတာ။

ဆိုလေးယောက်က သူ့ကို ငယ်ငယ်တုန်းကလို ဟောက်စား

သုပ်ပြီး အနိုင်အထက်၊ အတင်းအကျပ် ပြောလာကြသည်။

ဒါကြောင့် သူ့စိတ်ကို သူတင်းပစ်လိုက်သည်။

"ဘာမှမဟုတ်ဘူးဆိုနေသားနဲ့ ဘာလို့ ဖွတ်မေးတာလဲ စံစံ"

"ဘာ"

စံစံ တင်းခနဲဖြစ်သွား၏။ ဖွဲတို့က မျက်မှောင်ကြုတ်၍ ဝိုင်း

ကြည့်ကြ၏။

မောင့်ကမ္ဘာ ဘယ်သူ့ရဲ့ အကြောကြီးကြီးပြောတဲ့စကားကိုမှ

ခံမခံလိုပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် –

ပုစွန်ကင်တစ်ကောင်ကို ခက်ရင်းနဲ့ တည်ငြိမ်စွာ ထိုးစိုက်၍ ပြော၏။

"နင်တို့ကိစ္စတွေမှာ ငါ့ဘက်က အတင်းအကျပ် တစ်ခါမှ မမေးဖူးဘူး။ နင်တို့က ငါ့ဟင်ခနဲဖြစ်တာကအစ အတင်းအကျပ် ပိုင်းနေကြတာ၊ မလွန်ဘူးလား"

"ဘာကွ"

သူရတို့ ဒေါသ ထောင်းခနဲခုန်ထွက်သွား၏။ စံစံက သူ့လက်မောင်းတစ်ဖက်ကို ဆုပ်ဆွဲပြီးမေး၏။

"ကမ္ဘာ နင် ဘယ်လိုပြောလိုက်တယ်။ ပြန်ပြောစမ်း"

မောင့်ကမ္ဘာ ဘယ်မျက်နှာကိုမှ ငဲ့မကြည့်ပါ။ ခက်ရင်းနဲ့ ထိုးစိုက်ထားတဲ့ ပုစွန်ကင်ကို အချဉ်ရည်ထဲ ဖွဖွနှစ်ပြီး ဟန်ပါပါ ခံတွင်းထဲထည့်လိုက်၏။

"တောက်"

စံစံ ဝုန်းခနဲထရပ်၏။ ထွန်းထွန်းတို့လည်း စံစံနဲ့ ဟန်မိုးနီကလွှ ဝုန်းခနဲထရပ်ပြီး သူ့ကို လူမိုက်ဆန်ဆန် ဝိုင်းလေသည်။

"မင်း ဘာအချိုးချိုးတာလဲ ကမ္ဘာ"

"ဟ ဒါ ငါ့ရဲ့အခွင့်အရေး။ မင်းတို့တွေ ငါ့ကို ကိစ္စတိုင်းမှာ နိုင်ထက်စီးနင်း ဆက်ဆံနေတာ။ ငါသည်းခံနေရမလား"





"ဘာ"

သူ့ရ လက်တစ်ဖက် ဆန့်ထွက်လာသည်။ ကမ္ဘာက လျှင်မြန်စွာ သူရလက်ကို ဖယ်ရင်း ဝုန်းခနဲထရပ်၏။

"ဒီမှာ၊ ငါ့ဘာငါ ဟင်ခနဲ ဟာခနဲ ဖြစ်တာ။ မင်းတို့နဲ့ ဘာမှမဆိုင်ဘူး။ မင်းတို့မေးတိုင်းလည်း ငါ မဖြေနိုင်ဘူး။ ငါမဖြေနိုင်တာတို့ အတင်းအကျပ် လာမမေးနဲ့"

"ဪ လက်စသတ်တော့ မင်းက ငယ်ငယ်တုန်းကလို ငါတို့ မသိအောင် ကလေကချေတစ်ယောက်နဲ့ အပေါင်းအသင်း အကန့်ငြိနေပြီဆိုတဲ့သဘော ဖြစ်နေပါရော့လားကွ"

ထွန်းထွန်းက ၎င်း၏ မေးဖျားမှ အမွှေးလေးငါးပင်ကို အရသာရှိရှိ ဆွဲရင်း ဉာဏ်ကြီးရှင်ဟန်မျိုးနဲ့ တွေးတွေးဆဆ မေးလိုက်တာက မောင့်ကမ္ဘာအတွက် ခံခက်ခက်ဖြစ်ရ၏။

"ဟုတ်လား ကမ္ဘာ။ နင်က ငယ်ငယ်တုန်းက သောက်ကျင့်တွေ ကျင့်နေပြီ။ အဲလိုလား"

စံစံ ခပ်ရင့်ရင့်စကားလုံးသုံးပြီး မေး၏။

"ကျုပ်၊ မင်းတို့တွေလည်း ငယ်ငယ်က သောက်ကျင့်အတိုင်း ဘာကျင့်မနေနဲ့ကွ"

"ဟား ဟား ဟား"

သူပြောလို့မဆုံးခင် ဖွဲတို့သုံးယောက် တဟားဟား အော်



www.burmeseclassic.com

www.burmeseclassic.com



ရယ်ကာ လက်ခုပ်လက် ဝါးတီးရင်းလည်း သူ့ကို တစ်ပတ်လည်အောင် ဝိုင်းပတ်ကြ၏။

"ကြိုက်သွားပြီးကမ္ဘာ။ မင်းက ငယ်ငယ်ကထက် မိုက်လာပြီး ဟုတ်တယ် မဟုတ်လား"

သူရက သူ့ပခုံးစွန်းကို လက်သီးနဲ့လှမ်းထိုးရင်း မေးလျှင် ကမ္ဘာ အထိုးမခံပါ။

သူရလက်ကို ဆတ်ခနဲ ဆွဲလိမ်ကာ နောက်လှန်ချလိုက်၏

"အား"

မထင်မှတ်ဘဲ လက်အလိမ်ခံလိုက်ရတော့ သူရ အား အသံထွက်ကာ မျက်နှာရှုံ့မဲ့ ရှုံ့တွလျှင် ဖွဲတို့က သူ့မျက်နှာဆီ လက်ညှိုး ပစ်သွင်းကြ၏။

ထိုအခါ စံစံက လျင်မြန်စွာ ထိုနှစ်ယောက်လက်သီးကို ဖူး ထုတ်၏။

"တောက် ဖယ်စမ်း၊ ကမ္ဘာ နင့်လက် လွှတ်စမ်း၊ လွှတ်စမ်း သူရကို"

သူရကို သူ့ဆောင့်လွှတ်လိုက်သည်။

"တောက်၊ နောက် ဘယ်တော့မှ ငါနဲ့စကားလာမပြောနဲ့ မင်းတို့လေးယောက်လုံးနဲ့ ငါ မပတ်သက်ချင်ဘူး။ မင်းတို့လည်း ငါ မပတ်သက်နဲ့၊ ဒါပဲ"





မောင့်ကမ္ဘာ တင်းတင်းမာမာပြောဆိုကာ သူတို့လေးယောက် ရှေ့မှ ရင်ကော့ပြီး ထွက်သွား၏။

"ကမ္ဘာ နေဦး"

စံစံ အမိန့်ပေးဟန်နဲ့ လှမ်းတားသလို ထွက်သွားတဲ့ကမ္ဘာ နောက် လိုက်ရင်း ပခုံးစွန်းကို လှမ်းဆွဲ၏။

မောင့်ကမ္ဘာ အဆွဲမခံ။

စံစံ့လက်က လွှတ်အောင် ကိုယ်ကိုရှုပြီး ရှောင်ထွက်သွား၏။

"တောက်"

စံစံ ပေါက်ကွဲသွား၏။

"လူပါးဝတဲ့ကမ္ဘာ"

ထွန်းထွန်းက အံကြိတ်ပြော၏။

"ငါတို့ကောင်တွေကို ဒီလို အစိမ်းဖဲ့လို့မရဘူး။ မင်းကိုလည်း ငါတို့ကောင်တွေ အစိမ်းလိုက်ပြန်ဖဲ့မယ်။ မယုံရင်စောင့်ကြည့်လိုက်"

"ဟုတ်တယ် ဖဲ့ရမယ်"

ဖွဲနဲ့သူရ သည်းမခံနိုင်စွာ ပြော၏၊ စံစံက တောက် တခေါက်ခေါက်

"ကမ္ဘာ့ခြေလှမ်းကို ငါတို့စောင့်ကြည့်ရမယ်"

"ဟုတ်တယ်"

"အို စောင့်ကြည့်ရုံမကဘူး။ အမိဖမ်းရမယ်။ တောက် လာကြ"



www.burmeseclassic.com

www.burmeseclassic.com



စံစံ ဦးဆောင်ပြောဆိုရင်း ရေ့ကထွက်သွားချေ၏။ ဖွဲ့တို့လည်း မှာထားတဲ့ စားသောက်စရာဖိုးရှင်းကာ စံစံ ဦးဆောင်ရာနောက်သို့ သွား၏။

ကမ္ဘာ။

နှင် ငါတို့လက်ကလွတ်ဖို့မရှိဘူးဆိုတာ သိရဲ့သားနဲ့။

ဟွန်း။

✿ ✿ ✿

## အခန်း (၂၈)

"ကျွတ်"

မောင့်ကမ္ဘာ စိတ်နဲ့ မြင်လွှာမှာ ဘယ်လိုမှ ဖယ်ရှားလို့မရပါ။ …ဲလည်လည် ဖြစ်နေသည်က ထိုပုံရိပ်။

သူတို့ထိုင်နေတဲ့ ဘီယာဆိုင်နဲ့ မျက်နှာချင်းဆိုင်ရှိ ယိုးဒယား …င်းလိပ်ဆိုင်ထဲဝင်သွားတဲ့ ပျိုးလေးနဲ့ထူးအံ့။

ဝင်သွားတဲ့ပုံစံက သာမာန်မဟုတ်ဘူးဟု မောင့်ကမ္ဘာ ခံစား… ဒေါ့ပြင် နှစ်ယောက်သား ရယ်မြူးပျော်ရွှင်နေတဲ့ဟန်က မောင့် …ဘာနှလုံးသားကို ခြထိုးနေသလို ခံရခက်လှ၏။

မုန်ချုပ်အဖြူရောင်ကာထားတဲ့ ဘီယာဆိုင်ထဲမှာ ထိုင်နေရင်း …သို့လှမ်းမြင်ရတဲ့အခါ သူ့ရင်ထဲမှ ဟင်ခနဲဖြစ်သည်အထိ စိတ်ရှုပ်

www.burmeseclassic.com



ရှားခဲ့သည်။

အဲဒီအတွက် စံစံတို့နဲ့ ပြဿနာတက်၏။

ပျိုးလေးနဲ့ ထိုင်နဲ ဘာကြောင့် တတွဲတွဲဖြစ်နေရတာလဲ။ အဲဒါကို သူအသိချင်ဆုံးဖြစ်သည်။

ဒါကြောင့် –

ပျိုးလေးအလုပ်လုပ်တဲ့ ဝင်းယံတို့ဟိုတယ်ကို ချက်ချင်းလိုက်သွား၏။ ဝင်းယံက –

"ဒီနေ့က ပျိုးလေးနားရက်ကွ။ ဖုန်းဆက်ကြည့်ပေါ့။ ဖုန်းမရရင် ပျိုးလေးအိမ်လိုက်သွားလို့ရသားပဲ"

မောင့်ကမ္ဘာ ခေါင်းညိတ်ကာ ချက်ချင်းလှည့်ထွက်ခဲ့သည်။

ထို့နောက် –

ပျိုးလေး ဖုန်းကို ဆက်၏။ ဖုန်းကစက်ပိတ်ထားသည့်အကြောင်းပြန်လျှင် မောင့်ကမ္ဘာရင်မှာ မီးတောက်သွား၏။

ဒီ့ပြင် ပျိုးလေးနဲ့ထူးအံ့ထိုင်တဲ့ ယိုးဒယားထမင်းလိပ်ဆိုင်အထိ လိုက်သွား၏။ သူရောက်ချိန်မှာ ပျိုးလေးတို့ကို မမြင်။

ထိုအခါ မောင့်ကမ္ဘာရင်မှာ ပို၍ လောင်ကျွမ်းရလေပြီ။

ထို့ကြောင့် ဝင်းယံပြောတဲ့အတိုင်း သူမအိမ်သို့ အရဲစွန့်လာခဲ့မိသည်။ ခြံရှေ့ကားရပ်လိုက်သည်နှင့် ပျိုးလေးမေမေနဲ့ ပျိုးလေးမောင်အကြီး ရကန်က စူးစမ်းသလိုကြည့်၏။





သူ ကားပေါ်က ဆင်းပြီး ခြံထဲဝင်လျှင် ပျိုးလေးမေမေ မေးမြန်း၏။

"မောင်ရင်က ဘယ်သူလဲ"

"ဝင်းယံပါ ခင်ဗျာ။ ပျိုးလေးအလုပ်လုပ်နေတဲ့ ဟိုတယ်ပိုင်ရှင်သားပါ"

မောင့်ကမ္ဘာ ညာပြောလိုက်၏။ ထိုအခါ ပျိုးလေးမေမေ ယုံကြည်သွားဟန်တူသည်။

"ဩော် အားနာလိုက်တာ မောင်ဝင်းယံရယ်။ သမီးက ကိုထူးနဲ့ အပြင်ထွက်သွားတယ်။ အရေးကြီးကိစ္စ ရှိလို့လား"

"ဟိုဗျာ"

သူ ဘာပြောလို့ပြောရမှန်းမသိအောင် ဖြစ်သွားသည်။ ခြံသန့်ရှင်းရေးလုပ်နေတဲ့ ရကန်က သူ့ကို မယုံသလိုဘုကြည့်ကြည့်၏။

သူ မမြင်ချင်ဟန်ဆောင်ကာ –

"ဟို လမ်း လမ်းကြုံလို့ ဝင်ခဲ့တာပါ"

အဆင်ပြေအောင် ကမန်းကတန်း ပြောလိုက်ရသည်။ ပျိုးလေးမေမေက –

"အားနာပါတယ် မောင်ဝင်းယံရယ်။ သမီးလာရင် ပြောပြပါ့မယ်"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်၊ ကျွန်တော့်ကို ခွင့်ပြုဦး"



www.burmeseclassic.com

www.burmeseclassic.com



မောင့်ကမ္ဘာ ဒါပဲပြောပြီး လှည့်ပြန်ခဲ့တာက ရင်ထဲမှာ မ

လောင်ကာ –

ပြီးတော့ –

ပျိုးမေမေရဲ့ပုံစံက သူ့ကို ထူးအံ့လောက် အလေးအနက်ထာ

ဟန် မရှိပါ။

အကယ်၍–

သူဟာ မောင့်ကမ္ဘာမှန်းသိရင် အဲ့သလောက်တောင် လေး

စကားပြောမလား။

ဒါမှမဟုတ် ဘာတွေပြောမလဲ။

ဘာပဲဖြစ်ဖြစ် သူက ငယ်ကတည်းက မေတ္တာရေစီးကာ

ကာ နိုင်မြဲတဲ့သံယောဇဉ်နဲ့ နှလုံးသားမှာ လှိုက်လှိုက်လှဲလှဲ ချစ်ရေ

ဆိုတော့။

တွေ့ချင်မြင်ချင်စိတ် ပြင်းထန်နေတာမို့ တွေ့လိုတွေ့ငြာ

ကားမောင်းရင်း ပတ်ရှာနေမိတဲ့အဖြစ်။

ပျိုးလေးရယ်။

ပျိုး ဘယ်မှာလဲ။

✿ ✿ ✿



## အခန်း (၂၉)

BURMESE CLASSIC

"ဘာသိမှာလဲ"

"ဟ နင်တို့ကို မောင့်နောက် တကောက်ကောက်လိုက်နိုင်း ဆိုက်တာ ဘာကြောင့်ဆိုတာ နားမလည်ကြဘူးလား၊ နားမလည်ကြ ဘူးလား။ ငတုံးတွေရဲ့"

စံစံ ဒေါသအလျှောက်ပြောဆိုရင်း သူရတို့သုံးယောက်စလုံးရဲ့ ရင်ဘတ်ကို တဘုန်းဘုန်းနဲ့ထု၏။

ဖွဲ့က ရှောင်လိုက်ပေမယ့် စံစံလက်စ အားပြင်းသောကြောင့် ရင်ဘတ်အောင့်သလို ဖြစ်သွားသည်။

ထို့ကြောင့် –

"ဟုတ်တယ် ငါတို့ ငတုံးတွေ၊ နင့်လင်က လေည့်"



www.burmeseclassic.com

www.burmeseclassic.com



"တောက် ဖွဲ နင်"

ပြန်ပြောတဲ့ဖွဲ့ကို စံစံက လက်ဝါးစောင်းနဲ့ ရိုက်ချဖို့ရွယ်လိုက်ပေမယ့် ဖွဲ့က ဒီတစ်ခါ လျင်မြန်စွာ ရှောင်လိုက်နိုင်သည်။

"စံစံကလည်း ငါတို့ ထက်ကြပ်မကွာလိုက်တာပဲ။ တစ်ကိုယ်ယောင်ဖျောက်သလို ကားမောင်းပြေးတာလေ"

"ဟုတ်တယ်ဟ၊ ငါတို့တွေက ရန်ကုန်မြို့ပေါ်က လမ်းတွေမကျွမ်းတာ။ ကမ္ဘာက လမ်းကြောင်းကျွမ်းနေတော့ မျက်ခြည်ပြတ်သွားတာပေါ့ သဘော"

"အဲလောက်သိပြီးဆိုရင် နင်တို့ လမ်းကျွမ်းအောင်လုပ်ကြလေ"

"အေးပါဟ"

"အေးပါဟဆိုပြီး ဇရက်မင်းစည်းစိမ်ခံသလို သောက်မနေကြနဲ့"

"အေးပါ၊ အခု ငါတို့မှာလိုက်တော့မယ်"

"မှာ မှာ တောက်"

စံစံ ဒေါသထွက်၍ မဆုံးနိုင်အောင် ဖြစ်ရလေသည်။ သူရောက်တော့၊ စားသောက်စရာတွေ မှာခွင့်ရသွားတာမို့ အနားမှာရပ်နေတဲ့ ဝိတ်တာကို မှာလိုက်တာ စုံစိနေသည်။

အထူးသဖြင့် မက္ကဆီကန် အစားအစာအစုံလော။





Marinate လုပ်ထားတဲ့ အမဲသား၊ ကြက်သွန်နီ၊ တရုတ်နံနံ၊ Salsa တို့နဲ့ ရောသုပ်ကာ၊ Taco ရွက် (ချာပါတီနဲ့အလားသဏ္ဌာန်တူတဲ့ ဂျုံသားရွက်) ထဲ ထည့်လိပ်ထားတဲ့ Taco Carne Asada ။

Taco carne Asada ကို သံပရာခြမ်းညှစ်ပြီး စားရတဲ့ ချဉ်ချဉ်အရသာနဲ့မို့ သူရကြိုက်၏။

မက္ကဆီကန်အစားအစာထဲမှာ မြန်မာအစားအစာထဲက လက်ဖက်သုပ်လို နာမည်ကြီးတဲ့ Nachos (နာချိုင်းစ်) ကို ဖွဲ့က နှစ်ပွဲတောင်မှာသည်။

Mexican rice ကို chili powder နဲ့နယ်၊ အသီးအရွက်ပါပြီး Black beans ပဲအနှစ်၊ ချိစ်တို့နဲ့ ရောနှပ်ထားတဲ့ ထမင်းကို ငါးအသားနဲ့ ရော၍ Taco (ဂျုံရွက်ထဲထည့်လိပ်ထားတဲ့ Burrito Baja ကို ထွန်းထွန်းက မှာ၏။

ပြီးတော့ –

ထိုမက္ကဆီကန်အစားအစာတွေနဲ့ လိုက်ဖက်တဲ့ သောက်စရာအဖြစ် Aquade Horchata ကို ထပ်ဆင့်မှာလေသည်။

စံစံက သူတို့တစ်တွေ မှာတာကို မျက်စောင်းတထိုးထိုးနဲ့ ကြည့်ရင်း ငြူစူနေတာက သူမဖြစ်စေချင်တဲ့အတိုင်း ဖြစ်မလားလို့။

ဟုတ်တယ်လေ။

ကမ္ဘာ ဘယ်သွားလဲ၊ ဘာလုပ်လဲ။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်အညှာတရစတွေနဲ့ ရင်းနှီးနေလဲ။ သိဖို့လိုအပ်လို့ နောင်ယောင်ခံလိုက်ကြည့်နိုင်းခါမှ မျက်ခြည်ပြတ်သွားလို့ လှည့်ပြန်ခဲ့သတဲ့

တောက်။

တွေးလေ ဒေါသထွက်လေ။

"စံစံ ဘာမှာမလဲ"

"Cerdo En Chili Verde မှာမလား။ ဝက်သားကို ချိုချဉ်နဲ့ Taco ဂျုံရွက်ထဲမှာထည့်ပြီး ကော်ပြန့်စိမ်းပုံသဏ္ဌာန် ထည့်လိပ်ထားတာလေ။

"တောက် နင်တို့ပဲမှာ"

"အဟဲ အဲဒါဆို Cerdo En Chili Verde လေးပွဲ"

ထွန်းထွန်းက အားရပါးရမှာလိုက်ပြီး စံစံကို မေးဖျားလေး ဆဆထိုးရင်းကြည့်၏။

"တောက်၊ အသုံးမကျတဲ့ဟာတွေ"

"စံစံရာ၊ စိတ်လျှော့စမ်းပါ။ ကမ္ဘာက ငါတို့ကောင်တွေ လက်ထဲမှာကွ။ ဒီတစ်ကြိမ်တည်း လွတ်သွားတာ"

သူရက ဖြေရှင်းချက်လေး ထပ်ဆင့်ပေးပြန်သည်။

"ဟုတ်တယ်၊ နောက်တစ်ခါဆို လုံးဝမလွတ်စေရဘူး။ နေ့နေ့ ညည ငါတို့ကောင်တွေ အလှည့်နဲ့ စောင့်ကြည့်မယ်"

ထွန်းထွန်းက အာမခံသလိုပြော၏။





ထိုအခါ

စံစံ အနည်းငယ်ကျေနပ်သွားဟန်တူသည်။ ဖွဲတို့သုံးယောက်လုံးကို ဝေ့ကြည့်ပြီးပြော၏။

"ဒါပဲနော်၊ နောက်တစ်ခါ လွတ်သွားလို့ကတော့"

"စိတ်ချစမ်းပါဟာ"

ဖွဲတို့က ငယ်နိုင်ဖြစ်တဲ့ စံစံအလိုကျ အာမခံချက်ပေးကြပြန်သည်။

ဒီတစ်ခါတော့ စံစံ ပို၍ စိတ်ပြေလာသည်။

ထို့ကြောင့်

"အဲဒါဆိုလည်းပြီးရော။ ဒီကစားသောက်ပြီး shopping ထွက်ကြမယ်၊ ဝယ်ချင်တာဝယ်ကြ"

"ဟေး၊ စံစံက အဲဒါကြောင့်မို့ ခင်ဖို့ကောင်းတာကွ"

သူရ၊ ဖွဲနဲ့ထွန်းထွန်းတို့ ပြိုင်တူလိုလိုပြော၏။ စံစံက မျက်စောင်းလှလှထိုးရင်း –

"ခင်ဖို့ကောင်းရုံမဟုတ်ဘူး၊ ငါ့တွက်ကိန်းထဲ ကမ္ဘာဝင်လာဖို့ အရေးကြီးတယ်။ ကမ္ဘာဝင်လာရင် နင်တို့ဖြစ်စေချင်တာ အားလုံး ငါ လုပ်ပေးမယ်"

"စိတ်ချစမ်းပါဟာ။ ငါတို့ကောင်တွေက စံ့အတွက်ဆို သေသေရှင်ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ၊ အပြောကောင်းလေးတွေ။ ဟိုမှာ မှာထားတာတွေ လာနေပြီ။ မျိုကြ ဆို့ကြ"

စံစံက အဲသလို ခင်ဖို့ကောင်းသူလေးပါ။

မက္ကစီကန် အစားအစာတွေ တစ်ပွဲပြီးတစ်ပွဲ လာချလျှင် ထိုသုံးယောက်မျက်နှာက အရောင်တွေပြောင်းသွား၏။

သူတို့ မိုးကုတ်မှာ ဒီလို နိုင်ငံတကာအစားအစာရောင်းတဲ့ဆိုင်မှ မရှိဘဲ။

ရောက်တုန်းရောက်ခိုက် စားရေးချာစားပေါ့။

မျိုရေချာမျို။

ဆို့ရေးချာဆို့။

ဟဲ ဟဲ။ စံစံပြောတဲ့အတိုင်းလေ။ မျိုဆို့တော့မယ်။

ဒါကြောင့်

မက္ကစီကန် အစားအစာတွေ စားရင်း မြူးကုန်ကြသည်။

စံစံကတော့ မက္ကစီကန် အစားထက် ကမ္ဘာနှလုံးသားနဲ့ စားသုံးခွင့်ရရေးကိုသာ အာရုံစိုက်လျက်။

✿ ✿ ✿



## အခန်း (၃၀)

"ပျိုး ပျိုးနဲ့တွေ့ချင်တယ်"

Message လေးဝင်လာလျှင် ပျိုးလေး ရင်ခုန်သွား၏။ ဒါပြင် နှိုးရိမ်စိတ်လည်း တစ်ဆက်တည်းဖြစ်တည်လာသည်။

ဒါ့ကြောင့် –

Message လေး အမြန်ပို့မိ၏။

"မဖြစ်ဘူး မောင့်ရဲ့"

"ဘာလို့ မဖြစ်ရမှာလဲ"

"ညဉ့်နက်နေပြီးလေ"

"မောင့်သိတယ်"

"သိတယ်ဆိုရင် ဘာလို့တွေ့ချင်ရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဖျိုးလေးတို့ ခြံရှေ့မှာ မောင့်ရောက်နေပြီး"

"ဟင်"

ဖျိုးလေး Message ပြန်မပို့နိုင်အောင် အံ့ဩသည်။ ဘုရားဗရေ စိုးရိမ်စိတ်လည်း မြောက်တက်သွား၏။

ဘာဖြစ်လို့လဲဆိုတော့ မေမေနဲ့မောင်လေးရကန်က ဖျိုးအပြင်က ပြန်လာတာနဲ့ ဆီးပြောကြသည်။

"ဟိုတယ်ပိုင်ရှင်သား မောင်ဝင်းယံရောက်လာတယ်"

"ဟုတ်တယ် မမ၊ ဝင်းယံပုံစံက တစ်မျိုးပဲ"

"ဘာလာလုပ်တာလဲ"

"လမ်းကြုံလို့လို့ပြောတာပဲ"

"ဟွန်း"

သူ နှာခေါင်းလေးရှုတ်လိုက်မိသည်။ ဝင်းယံက မဆိုင်လိုက်တာ။

"ဒါနဲ့ ဘယ်လိုပုံစံလဲ မောင်လေး"

"အရပ်မြင့်မြင့်နဲ့ မျက်နှာသွယ်သွယ် ရုပ်တအားဖြောင့်တာ။ အသားအရေက ကြည်ပြီးလှနေရော မမ"

"ဟင့်အင်း"

နားထောင်နေရင်းနဲ့ ဖျိုးလေး ခေါင်းရမ်းမိသွားသည်။

"ဘာလဲ မမ မယုံလို့လား"





"အို အဲ ဟုတ်ဘူး။ အံ့ဩနေတာ"

ဖျိုးလေး သိလိုက်ပြီး ရကန်ပြောတဲ့ပုံစံက ဝင်းယံမဟုတ်ပါ။ ဝင်းယံက အရပ်ကအနေတော်။ ခပ်ဝဝနဲ့ မျက်နှာဝိုင်းရုံမက နှုတ်ခမ်းမွေးစနှင့်ဖြစ်သည်။

ရကန်ပြောတဲ့ပုံက မောင့်မှမောင့်အစစ်။

"အံ့ဩမနေနဲ့ သမီး။ မောင်ဝင်းယံပုံစံက သာမန်တော့ မဟုတ်ဘူး။ သမီးကို စိတ်ဝင်စားနေသလားပဲ"

"အဲ ဟုတ် ဟုတ်မယ် မထင်ဘူး"

"ဘာပဲဖြစ်ဖြစ်၊ သမီး ရှောင်သင့်တယ်။ သမီးအတွက် ကိုထူးက အသင့်တော်ဆုံးပဲ။ မေမေတို့လည်း စိစဉ်ပြီးသားဆိုတာ သမီးသိနေတာပဲ။ ဒါကြောင့် မောင်ဝင်းယံကို သမီးဘက်က သတိရှိရှိနဲ့ ရှောင်ဖို့လိုတယ်"

"ဟုတ်တယ် မမ၊ သူတို့သူဌေးတွေဆိုတာ အပျော်ကြိုက်တာ များတယ်။ နောက်ပြီး အလေးအနက်ဆိုရင်တောင် သူတို့မိဘအသိုင်းအဝိုင်းက လက်မခံရင် ဖြုတ်ချခံဖို့ ဝန်လေးမှာမဟုတ်ဘူး။ ကိုထူးက မမအတွက်ရော၊ မောင်လေးတို့မိသားစုအတွက်ရော အကောင်းဆုံးပဲ။ အမေက တောင်ပြောနေသေးတယ်။ မမတို့ကိစ္စ စီစဉ်ရင် ကောင်းမယ်လို့ ကိုထူး မေမေကပြောသတဲ့"

မောင်လေးနဲ့မေမေ ပြောနေတာတွေကို ဖျိုးလေး နားထဲမဝင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက် ဝင်တစ်ချက်။

ဝင်းယံဆိုတဲ့အသိနဲ့ ပြောနေတာက မလိုလားစွာ။

မောင့်ကမ္ဘာဆိုတာ သိသွားရင်။

ဘုရားရေ။

မေမေ ဘာဖြစ်သွားမလဲ။

ရတုနဲ့ရကန်က ဘာပြောမလဲ။

ဖေဖေကရော။

ဟင့်အင်း။

ပျိုးလေး အသိမပေးရက်ပါ။

"ဟုတ်တယ် သမီး။ မောင်ဝင်းယံရှေ့တိုးလာရင် ရှောင်ရ

နော်"

"ဟုတ် ဟုတ်ကဲ့ မေမေ"

ပျိုးလေး ဒါပဲပြောပြီး သူမ အခန်းလေးထဲ သူမဝင်နေ

တာလေ။ ဘုရားရေ။

ထိုကတည်းက ပျိုးလေး စိုးရိမ်စိတ်တွေဖြစ်နေတည်နေ

ဟော ခုပဲ မောင့်က ခြံရှေ့ရောက်နေပြီးတဲ့။

တော်ကြာ ရိပ်မိသွားရင် ခက်ဖွယ်။

ဒါကြောင့် –

မွေ့ရာပါးလေးပေါ် လဲလျောင်းနေရာမှ ကမန်းကတန်း ထ





အခန်းတံခါးကို အသံမမြည်အောင်ဖွင့်ကာ မေမေတို့ကို အကဲခတ်

ကြည့်၏။

မေမေတို့ အိပ်ခန်းကျဉ်းလေးဆီမှ ဖေဖေရဲ့ဟောက်သံ ကြား

ရ၏။ မောင်လေးရတုနဲ့ရကန်က ဘုရားခန်းမှ အိပ်မောကျနေခဲ။

တစ်အိမ်လုံး မီးတွေငြိမ်းထားတာမို့ မှောင်နေသည်။

ထိုအမှောင်ကို အားပြုကာ ပျိုးလေးက နောက်ဖေးပေါက်

သနေ ခြံထဲဆင်း၏။ ခြံထဲမှာလည်း မှောင်ပျပျ။

ဝိန္ဒုပင်ရိပ်ကြောင့် ပို၍ မှောင်၏။

ဝိန္ဒုပင်အရိပ်အောက်သို့ ပျိုးကလေး အမြန်နိုဝင်၍ ခြံစည်း

နား ကပ်သွား၏။

"မောင့်"

ခြံစည်းရိုးအပြင်ဘက် ဝိန္ဒုပင်အမှောင်ရိပ်အောက်မှာ ရပ်နေတဲ့

မောင့်ကို ဘွားခနဲမြင်လျှင် ပျိုးလေး လွှတ်ခနဲခေါ်မိသွားသည်။

"ပျိုးလေး"

မောင့်က ပျိုးလေးကိုခေါ်ရင်း ခြံတံခါးကို ဆွဲဖွင့်၏။

"အဲ မောင့်"

"ရှူး"

မောင့်ကပြောရင်း ခြံဝင်းသစ်သားတံခါး ယိုင်ယိုင်လေးကို

ဆွဲဖွင့်ပြီး ပျိုးလေးလက်ကို ဆုပ်ကိုင်ဆွဲယူ၏။



www.burmeseclassic.com

www.burmeseclassic.com



"မောင့်"

"ပျိုး ဘာမှမပြောပါနဲ့"

"အဲ မပြောလို့ရမလား။ မောင့် အတင်းဆွဲနေတာလေ"

"မောင့်ကိုချစ်တယ် မဟုတ်လား"

ပျိုးလေး မညာချင်ပါ။ ခေါင်းလေးတကယ်ညိတ်၏။ ထိုအခါ မောင့်က ပျိုးလေးလက်ဖဝါးနှစ်ဖက်လုံးကို ပူးတွဲဆုပ်ကိုင်၍ ပြောသည်။

"မောင့်ကို ချစ်တယ်ဆိုပြီးရော၊ မောင့် ပြောတာလက်ခံပေ ပါ။ အခု ဘာမှမေးမနေနဲ့။ လာ"

"အဲ ဘာ ဘာလုပ်ဖို့လဲ"

"ရှူး အားလုံးနိုးလာရင် ပြဿနာတက်ကုန်မယ်၊ လာ ကားပေါ်တက်"

မောင့်က ပြောရင်းဆိုရင်း မြို့ပြင်မှောင်ရိပ်မှာ ရပ်ထားတဲ့ကား ပေါ်သို့ ပျိုးလေးကိုဆွဲတင်၏။

ပျိုးလေး ခေါင်းခါတော့လည်းမရပါ။

"မောင့်ကိုချစ်တယ်လို့ ပျိုးဖြေပြီးပြီ။ လာပါပျိုးရယ်၊ မြန်မြန် လာပါ။ ပျိုးကို မောင့် တောင်းပန်တယ်။ လာပါ"

"ဝုတ် ဝုတ်"

"အဲ"

တစ်ဖက်ခြံက ခွေးညိုထိုးဟောင်လျှင် ပျိုးလေး လန့်ဖျပ်သွား





၏။ မောင့်က ပို၍ စိုးရိမ်ကာ –

"လာ မြန်မြန် ကားပေါ်တက်"

"ဝုတ် ဝုတ် ဝုတ်"

"ဝုတ် ဝုတ် ဝုတ်"

"ဟင်"

ခွေးညိုနောက်မှ ဘေးခြံက ခွေးဖြူလေးပါ ဝိုင်းဟောင်၏။ ထိုအခါ ပျိုးလေး စိုးရိမ်တာပဲသိတော့၏။

"ပျိုး လာ တက် ကားပေါ်"

မောင့်ပြောတဲ့အတိုင်း ပျိုးလေး လှုပ်ရှားနေမိသည်။

"ဝုတ် ဝုတ် ဝုတ်"

"ဝုတ် ဝုတ် ဝုတ်"

"ဝုတ်"

ခွေးဟောင်သံတွေ ပိုစည်သွားလျှင် တချို့အိပ်မောကျသူများ နိုးကုန်သည်။

ထိုအတူ –

ပျိုးမိဘနှစ်ပါးလည်း။

"ရှူး"

"ဝုတ်"

"ဝုတ် ဝုတ်"



www.burmeseclassic.com

www.burmeseclassic.com



ကားမောင်းသံနှင့် ခွေးဟောင်သံတွေ ရောထွေးကုန်ပြီ
ဘုရားရေ။

ညကြီးမင်းကြီး ဘာဖြစ်တာလဲ။

ခွေးတွေက ဘာလို့ ထိုးထိုးဟောင်နေရတာလဲ။

ထိုမေးခွန်းနောက်မှာ။

✿ ✿ ✿

## အခန်း (၃၁)

"ဟဲ့"

"ဘာတုံး ဖြူဖြူခုန့်ရဲ့"

"ဘာရမလဲ။ ဖူးဖူးဖဲ့လေဟယ်"

"ဖူးဖူးဖဲ့ ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ။ ဘရဏီနဲ့ ဘယ်လိုအတွင်းကြိတ်သဘောရှိ ပဲ မသိဘူး။ မောင့်ကမ္ဘာနဲ့ ဘရဏီကို ထမင်းဖိတ်ကျွေးပြီးတဲ့နောက်မှာ ဘရဏီနဲ့အပြောအဆို များလာတယ်။ ပြီးတော့ ဖူးဖူးဖဲ့က သူ့သမီးချော မှုန့်ပဓါကို ပိုပြီးနူးညံ့အောင်၊ သိမ်မွေ့အောင်၊ ပိုပြီးမြန်မာဆန်အောင် သင်တန်းဆရာမငှားပြီး သင်ကြားပေးနေတာလေ"

"ဘုရားရေ အဲသလောက်တောင်လား"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သန္တာတင်က ကြားဝင်မေး၏။ ဒေါ်ဖြူဖြူသန့်က သူ့
သစ်ခွပန်းခြံလေးမှာ အသစ်ပွင့်တဲ့ သစ်ခွပန်းရောင်စုံကို သူငယ်ချင်း
တွေကို လိုက်ပြနေရာမှ ဆတ်ခနဲ ပြန်လှည့်လာသည်။

"ရွှေဖွန်ပြောတာ သေချာလား"

"အမယ်လေး ဖြူဖြူခန့်ရယ်။ ရွှေမှုန်ပဝါက ကျက်သရေ
လိုက်တာ၊ မြန်မာဆန်လိုက်တာ၊ နတ်သမီးလေးလို လှလိုက်တာ
ဘရဏီ တဖွဖွ ချီးမွမ်းနေတော့ ဖူးဖူးဖံက တအားတက်သွားတယ်
မျှော်လင့်ချက်လည်း အကြီးကြီးဖြစ်သွားတာပေါ့။ ဒါကြောင့်
ကမ္ဘာကို အပိုင်တွယ်ဖို့ အကွက်ချစီမံနေတာ"

"ဒါဆို တခြား သမီးရှင်တွေ မျက်စောင်းချိတ်တော့မှာ"

"ချိတ်မယ်ဆိုလည်း ချိတ်စရာအေ့။ ဖူးဖူးဖံကိုလည်း
စောင်းချိတ်နေတာက ခုတလော ဘရဏီက စံစံဆိုတဲ့ကောင်မ
တပူးတွဲတွဲဖြစ်နေတာ သာမန်မဟုတ်ဘူး"

"ဒါဆို ရွှေမှုန်ပဝါကို မျက်စိမကျတော့တဲ့သဘောပေါ့"

"ဟုတ်တယ်ပေါ့။ ဒါကြောင့် ဖူးဖူးဖံ မျက်စောင်းချိတ်
တာ။ ဒါတင်မကဘူး၊ ဘရဏီနဲ့ ရင်ဆိုင်မယ်ဆိုလား ဘာလား
ဒါကြောင့် ရွှေဖွန်တော့ ဘရဏီဆီသွားပြီး သွေးတိုးစမ်းသလို မေး
ချင်တယ်"

"အဲဒါဆို လာသွားစို့"





ဒေါ်ဖြူဖြူသန့်က စိတ်မြန်လက်မြန်ရှိလှ၏။

"ဟဲ့ ဖြူဖြူ၊ ရှင်ခေါ်တာ ရှင့်သစ်ခွပန်းပေးဖို့ မဟုတ်လား"

"သန္တာကလည်း ပေးမှာပါ။ အခုလောလောဆယ် ဘရဏီ
ဆီ သွားရင်ကောင်းမယ်။ ဒင်းက သမီးရှင်အားလုံးကို မျှော်လင့်ချက်
တွေပေးပြီး ဖြားယောင်းထားတာမဟုတ်လား"

"အေးနော်၊ လာ သွားမယ်"

ဒေါ်ဖြူဖြူခန့်တို့တစ်ဖွဲ့ ပြောစကားတွေနောက် ရင်းတို့ခြေ
လှမ်းတွေ ပါသွား၏။

✿

"ဘရဏီ ဘယ်လိုပြောလိုက်တာလဲ"

ဒေါ်ဖူးဖူးဖံမေးလျှင် ဒေါ်ဘရဏီကမ္ဘာ ပြုံးပြုံးလေးနှင့် ဖူးဖူးဖံ
လက်ဖဝါးလေးကို ဆုပ်ကိုင်ပြီးပြော၏။

"ဘရဏီက သားအတွက် ရွှေမှုန်ပဝါကို ကျက်သရေရှိတဲ့
မိန်းကလေးကိုလည်း လိုချင်တယ်"

"ဒါ ဒါဆို စံစံကရော"

"ဩော် စံစံလေး လား။ စံစံလေးက ငယ်ငယ်ကတည်းက
ဘရဏီရည်ရွယ်ထားတဲ့ VIP ချွေးမလောင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

ဒေါ်ဖူးဖူးဖံ ဝုန်းခနဲ ထရပ်လိုက်သည်က ဒေါသပါးပြင်းထောင်ထားတဲ့ မြွေဟောက်နှယ်။

"အလို"

"ဟဲ့ တိုးတိုး သန္တာရဲ့။ ဘရဏီတို့ကြားသွားလို့ ဇာတ်ရှိန်လျော့နေဦးမယ်"

ဒေါ်ရွှေဖွန့်ကပြောရင်း ဟန့်တားလိုက်သည်။ ဒေါ်ဖြူဖြူခနဲ့တို့လည်း ညှော်ခန်းကျယ်ဓါ်ဘေးရှိ အထူးညှော်သည့်ထဲမှာ ပြောဆိုနေတဲ့ ရွှေမှုန်ပဝါမိခင် ဒေါ်ဖူးဖူးဖံနဲ့ ဘရဏီကို အနှောင့်အယှက်မပေးလိုတာကြောင့် အခြေအနေကို ငြိမ်ငြိမ်စောင့်ကြည့်နေခြင်းဖြစ်သည်။

ဘရဏီကတော့ ခုချိန်ထိ အပြုံးမပျက်ပါ။

အပြုံးချိုချိုလေးနဲ့ ထိုင်နေရာမှထကာ ဖူးဖူးဖံကို ငဲ့ကြည့်၍ တစ်လုံးချင်းပြော၏။

"ဟင့် ဟင့် ဟင့်၊ ဖူးဖူးရယ်။ ဘရဏီကလေ ဖြစ်နိုင်ရင် ဘရဏီရဲ့တစ်ဦးတည်းသောသားအတွက် ချွေးမတွေ လက်ဝဲတစ်ရာ လက်ယာတစ်ရာ ပြည့်အောင် မင်္ဂလာဆောင်ပေးချင်တာ။ ဖူးဖူးကို အားနာလို့ စံစံလေးနဲ့အတူ ရွှေမှုန်ပဝါနဲ့ ချွေးမနှစ်ယောက် တစ်ပြိုင်နက်"

"တောက် . . . တော်စမ်း ဘရဏီ။ ရှင် သိပ်အတ္တကြီးတယ်





ဖံသမီးကိုများ စံစံနဲ့ လက်ဝဲရံ လက်ယာရံသတို့သမီးပေးလုပ်စေဆိုတဲ့။ ရှင် တော်တော် အကြံပက်စက်ပါလား"

ဒေါ်ဖူးဖူးဖံ လက်ညှိုးငေါက်ငေါက်ထိုးရင်း ပြောလျှင် ဘရဏီက တဟင်းဟင်းနဲ့ ရယ်ချရင်းပြော၏။

"ဟင်း ဟင်း ဟင်း။ ယောက်ျားကောင်း မောင်းမတစ်ထောင်ဆိုတဲ့ ဆိုရိုးစကားအရှိသားပဲ ဖူးဖူးရယ်။ အခုက သားအတွက် မောင်းမတစ်ထောင် မရွေးဘူး။ စံစံနဲ့ ရွှေမှုန်ပဝါနှစ်ယောက်တည်းပါ"

"ဟင်"

မထင်မှတ်ဘဲကြားလိုက်ရတဲ့ ဘရဏီ့စကားကြောင့် ဒေါ်သန္တာတင်တို့တစ်တွေ ပါးစပ်ဟောင်းလောင်း ပွင့်ကုန်သည်။

ဘုရား ဘုရား။ မကြားဝံ့မနာသာ။

မောင့်ကမ္ဘာကို မယားတစ်ရာစီ လက်ဝဲလက်ယာရံပြီး ပေးစားချင်သတဲ့။ ဒီလိုစိတ်ကူးနဲ့ သမီးရှင်တစ်ရာပြီးတစ်ရာ ဖိတ်ကာသားနဲ့ မိတ်ဆက်ပေးခဲ့တာကိုး။

အံ့ပါရဲ့။ ဒီလို မိခင်မျိုးရှိနေမှန်း ခုမှပဲ ကြားရမြင်ရလျှင် ဒေါ်သန္တာတင်တို့လည်း သမီးရှင်တွေပဲမို့ ကြက်သီးတဖြန်းဖြန်းထရလေသည်။

ဘုရားရေ၊ ဘရဏီနဲ့ဖူးဖူးဖံ ဘာတွေဆက်ဖြစ်ဦးမလဲ။ ပါးစပ်အဟောင်းသားနဲ့ စောင့်ကြည့်နေလျှင် –



www.burmeseclassic.com

www.burmeseclassic.com



"အန်တီရေ အန်တီ၊ အန်တီဘရဏီ"

ပေါ်တီကိုအောက်မှာ ကားတောင်မရပ်ရသေးဘူး။ တကြော်ကြော်အော်ရင်း ကားပေါ်က ခုန်ဆင်းလာတဲ့ စံစံ။

ဒေါ်သန္တာတင်တို့ လိုက်ကာစကြီးနဲ့ ကွယ်လိုက်ရသည်။ စံစံ ကမူးရှူးထိုးနဲ့ခေါ်ရင်း ဧည့်ခန်းထဲ လှမ်းဝင်လာသည်။

ဖူးဖူးဖံနဲ့ပြောဆိုလို့ မပြီးသေးပေမယ့် စံစံ့အသံကြောင့် ဒေါ် ဘရဏီ ဖူးဖူးဖံကို တွန်းဖယ်ပြီး ပြေးထွက်လာ၏။

"သမီး စံစံ"

"အန်တီဘရဏီ ဟင့် ဟင့် ဟင့်"

စံစံနဲ့အထူးဧည့်ခန်းအဝမှာ ဆုံလျှင် စံစံက ဘရဏီ့ကို ငိုး ဝင်ဖက်၏။ ဘရဏီကလည်း စံစံကိုဖက်ရင် ကြင်နာစွာမေး၏။

"သမီးစံစံ၊ ဘာ ဘာဖြစ်တာလဲ သမီးရဲ့"

ဒေါ်ဖူးဖူးဖံ မျက်စောင်းရင့်ရင့်ကြီးနဲ့ စိုက်ကြည့်နေလိုက်သည် ဘရဏီက ခုချိန်မှာ စံစံကိုသာ အာရုံရောက်နေသည်မဟုတ်လား

"ပြောလေ၊ ပြောလေ သမီး"

"ဟင့် ဟင့် ဟင့်၊ ကမ္ဘာပျေါ့ ကမ္ဘာ"

"သား သား ဘာဖြစ်လို့လဲ"

"ဟင့် ဟင့် ဟင့် စံစံတို့ နွေသစောင့်ကြည့်နေတာပေါ့။ ခုတော့ အညတြမကို နိုးပြေးသတဲ့"





"ဘာ"

ဒေါ်ဘရဏီကမ္ဘာ့ခေါင်းကြီး သမုဒ္ဒရာလောက်ကျယ်ကာ တောင်ကြီးလောက် မောက်သွားသလောက် ဖြစ်သွား၏။

ဒေါ်သန္တာတင်တို့ ဒေါ်ဖူးဖူးဖံတို့တစ်တွေ နားရွက်တွေ ထောင်ကုန်သည်။

"ဟုတ်တယ် အန်တီ၊ သေချာတယ်။ ဟိုတယ်မှာ အလုပ်လုပ်တဲ့ ကောင်မနဲ့တဲ့"

"ဟင်"

ဒေါ်ဘရဏီကမ္ဘာ အသက်မဲ့ကာ ဝုန်းခနဲပြိုကျသွား၏။

"အန်တို့ အန်တီ သတိထားဦး။ ဒီအချိန်မှာ အန်တီတက်သွားလို့ မရဘူး။ ဒင်းတို့နောက်လိုက်ရမယ်။ အန်တီ အန်တီ ဘရဏီ။ စံစံပြောတာ ကြားလားဟင်၊ အန်တီ"

"ဘုရားရေ"

ဒေါ်သန္တာတင်တို့ မျက်လုံးအပြူးသားနဲ့ စောင့်ကြည့်နေတာ ဘာပြောရမှန်းတောင် မသိတော့ပါ။

ဒေါ်ဖူးဖူးဖံက ထမီစွန်တောင်ဆွဲကာ ဒေါ်ဘရဏီကမ္ဘာ ရှေ့ သွားချပ်၏။ စံစံက ဒေါ်ဘရဏီကို နှာနှပ်ရင်း တက်ချက်မသွားအောင် ပြုစု၏

"သား သားက ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဒေါ်ဘရဏီ ထိတ်ထိတ်ပျာပျာ မေး၏။ စံစံက –

“ဟုတ်တယ် အန်တီ၊ ဟုတ်တယ်”

“ဟင့် ဟင့် ဟင့်၊ လက်ဝဲတစ်ရာ လက်ယာတစ်ရာနဲ့ ရှင့်သား ကို ရှင်ပေးစားမယ်ဆို။ ခုတော့ ကလေကလွင့် အနူအဝဲလက်ထဲ ရှင့်သား ရွှေချောင်းကြီးတိုးဝင်သွားပြီး မဟုတ်လား ဘရဏီရဲ့”

“တောက်”

ဒေါ်ဘရဏီ ဂုန်းခနဲထရပ်သည်က အရူးတစ်ယောက်နှယ် အခြေအနေက ထင်ထားတာထက် ပိုဆိုးဖွယ်ရှိတာကြောင့် ဒေါ်ရွှေ တို့တစ်ဖွဲ့က ဒေါ်ဖူးဖူးဖံကို အတင်းလက်ဆွဲ၍ ဘရဏီ့စက်ကွင်း ကလွတ်အောင် ဆွဲပြေးလေ၏။

“ကောင်မ၊ အနူဝဲစားမ။ ဟိုတယ်မှာ အလုပ်လုပ်တဲ့ကောင်မ ငါ့အကြောင်းသိရသေးတာပေါ့။ ဟဲ့ ဖူးဖူး ငါ့သား ဘယ်အနူမဆောင် ခွက်ထဲမှာ မစွပ်စေရဘူး။ နင်တို့စောင့်ကြည့်လိုက်။ သေနာမတွေ”

ဒေါ်သန္တာတင်တို့ လှည့်မကြည့်တော့ပါ။

ပြေးကြသည်က မာရသွန်အပြေးသမားနှယ်။

ဘုရားရေ။ ခုတော့ ဟိုတယ်က အလုပ်သမနဲ့တဲ့။

ကျော်တော့ လေသူကြီးညားတော့ လေထိုးသားဆိုတာထက် ပိုဆိုးနေပါပကော။

✿ ✿ ✿



## အခန်း (၃၂)

“ဂျို”

“ဟင် ဘာဖြစ်တာလဲ မောင့်”

“ကားဆီ ကုန်သွားပြီး”

“ဟင်”

ပျိုးလေး မျက်လုံးလေးပြူးကာ ဟိုဟိုဒီဒီကြည့်ရင်း စိုးရိမ်စိတ်နဲ့ ထိတ်လန့်သွား၏။

“လာ ပျိုးလေး”

“ဘယ် ဘယ်လဲဟင်။ ပျိုးလေးကြောက်တယ် မောင့်ရဲ့။ မေမေတို့သိသွားရင် ဟင့်အင်း၊ ပျိုးကြောက်တယ်၊ ဟင့် ဟင့် ဟင့်”

စိုးရိမ်စိတ်နဲ့ ထိတ်လန့်စွာပြောရင်း ပျိုးလေး ငိုချ၏။ မောင့်အာ



www.burmeseclassic.com

www.burmeseclassic.com



ပျိုးလေးလက်ဖဝါးလေးကို ခွန်အားအပြည့်ဖြင့် ဆုပ်ကိုင်ရင်း –

"ပျိုးလေး ဘာမှမကြောက်နဲ့၊ မောင့်ရှိတယ်လေ"

"ဟင့် ဟင့် ဟင့် ကြောက်တယ်၊ ပျိုး ကြောက်တယ်၊ ပျိုး တယ်။ မေမေတို့သိရင်လည်း ပြဿနာ၊ တွေ့သွားရင်လည်း ပြဿနာ မောင့်ရဲ့"

"ဘယ်သူမှ မတွေ့အောင် မောင်တို့ ရှောင်နေကြမယ်။ ပျိုးလေး၊ မြန်မြန်လာ"

ပျိုးလေး မျက်ရည်ကျတာ မြင်ရတော့ သူ့ရင်မှာ ထိခိုက် သည်။ သို့သော်လည်း ခုချိန်မှာ တွေဝေနေလို့မဖြစ်ပါ။ စက္ကန့်တို မိနစ်တိုင်းက သူတို့အတွက် အရေးကြီးလှသည်မဟုတ်လား။

အထူးသဖြင့်

မာမီနဲ့ပျိုးလေး မိဘလက်လှမ်းမမီတဲ့နေရာမှာ သူတို့ရှောင် ဖို့ လိုအပ်သည်။

ဒါကြောင့် ပျိုးလေးကို ကားပေါ်ကဆွဲခေါ်သည်။ ပျိုးလေး မျက်ရည်တွေ သုတ်ရင်း သူဆွဲတဲ့အတိုင်း ပါလာသည်။

အဝေးပြေးကားလမ်းပေါ်မှာမို့ သူတို့ကားကို ဒီအတိုင်းထား တော့မယ့်အဖြစ်။ ဒါကြောင့် ဝင်းယံကို ဖုန်းဆက်ပြီး သူတို့ကားလာယူ ပြောလိုက်သည်။

"အေး လာယူမယ်။ မင်းတို့ ဘယ်သွားကြမလဲ"





"ခြေဦးတည့်ရာ"

"ဟာ ဖြစ်ပါ့မလား"

"ရတယ်၊ နောက်မှ ကိုယ်ဆက်သွယ်မယ်၊ ဒါပဲနော် ဝင်းယံ။ မှာ အဝေးပြေးကားတစ်စီးလာပြီ။ အဲဒီကားနဲ့ ကိုယ်တို့သွားမယ်"

မောင့်ကမ္ဘာ ဒါပဲပြောပြီး ဖုန်းချကာ လာနေတဲ့ကားကြီးကို တား၏။

"ဘယ်သွားဖို့လဲဟင်"

"ခုချိန်မှာ ပျိုးလေး ဘာမှမမေးနဲ့။ ဣန္ဒြေရရနေ။ မောင့်ရှိနေ အတွက် စိတ်လည်းမပူနဲ့။ ဟိုမှာ ကားရပ်ပြီ၊ လာ သွားစို့"

မောင့်ကမ္ဘာက ပြောလည်းပြောရင်း သူမလက်ကလေးကို ဆွဲကာ ထိုးရပ်လာတဲ့ အဲယားကွန်းကားကြီးပေါ် တက်၏။

ပျိုးလေးက မောင့်ဆွဲခေါ်တဲ့အတိုင်း ပါလာခြင်းဖြင့် ဣန္ဒြေ အောင် ထိန်းနေရသည်။

မောင့်ဆွဲခေါ်လို့သာ လိုက်လာခဲ့ရတာ။

ဘယ်သွားလို့ ဘယ်လာရမှန်းမသိဘူး။

ပြီးတော့ ဘာလုပ်ကြမှာလဲ။

ဒါတွေလည်း တွေးရင်း ပျိုးလေးရင်မှာ မငြိမ်မသက် ဖြစ် လာပြီ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

"ဘာ တွေ့ပြီ ဟုတ်လား ထွန်းထွန်း"

"အေး တွေ့ပြီး မိထားပြီး စံစံ"

"ဟုတ်ပြီ၊ ငါလာနေပြီ။ သေချာထိန်းထားနော်"

"စိတ်ချစမ်းပါ စံစံရာ။ နင်အားကိုးရတဲ့ ငယ်သူငယ်ချင်း အရင်းကြီးပါဟ၊ မြန်မြန်လာခဲ့"

"အေးပါ၊ ဒါပဲ၊ လာနေပြီး"

စံစံ အားရဝမ်းသာနှင့် ဖုန်းပိတ်လျှင် ဒေါ်ဘရဏီကမှာ သိပ် စိတ်ပြင်းပြလျက်။

"ဘယ်မှာလဲ၊ သားကိုမိပြီလား"

"အေးလို့ပြောတယ် အန်တီ"





"အေး ကောင်းတယ်၊ ဟိုဟာမကို ပါးရှစ်စိတ်ကွဲအောင် ရိုက်ပြီး မောင်းထုတ်ရမယ်"

"မောင်းထုတ်ရမှာပေါ့ အန်တီဘရဏီရဲ့။ မတန်မရာ မောင့်နဲ့ လိုက်သွားရတယ်လို့"

"ဟွန်း တွေ့ပါစေ ဒီမိန်းမ"

ဒေါ်ဘရဏီ အံတကြိတ်ကြိတ်နဲ့ ပြောလေ၏။

"ဟဲ့ ဒရိုင်ဘာ၊ ကားကို မြန်မြန်မောင်းလေ။ ဒီလောက် အရေးကြီးနေတာသိရဲ့သားနဲ့၊ လိပ်အဖျားတက်နေသလို လှုပ်လိလှုပ်လဲ့ မောင်းနေတာ အံ့ပါရဲ့"

ဘရဏီက ဒရိုင်ဘာကို လှမ်းဆူလိုက်သည်။

**"ဟုတ်သားပဲ ဦးပု။ ရှင် ဘာယ်လိုဖြစ်နေတာလဲ"**

ဒေါ်ဘရဏီကလည်း လှမ်းဟောက်တာမို့ ကားဒရိုင်ဘာ ဦးပုကားကို အရှိန်မြှင့်လိုက်ရသည်။

"တောက်၊ မြန်နိုင်သလောက် မြန်မြန်မောင်းစမ်း"

ဒေါ်ဘရဏီနဲ့ စံစံ ပြိုင်တူလိုလိုပြော၏။ ပြောတဲ့အတိုင်း ဦးပု မောင်းရလေပြီ။ စံစံကတော့ တွေ့တာနဲ့ မောင့်ကိုဆွဲပြီး ကားပေါ် တင်မည်။

ဟိုဟာမကို ပါးရိုက်ပြီးဆောင့်ကန်မည်။

ဟုတ်တယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



ဟိုတယ်မှာ စားပွဲထိုးလုပ်တဲ့အဆင့်နဲ့ ကောင်မကများ ...
ကမ္ဘာကို ဖြားယောင်းရတယ်လို့။

"ဟော ဟော ဟိုမှာ၊ ဟဲ့ လွန်သွားဦးမယ်"

ဒေါ်ဘရဏီကမ္ဘာ ပြောသံအဆုံးမှာ ဦးပု ကားရပ်လိုက်...
နှစ်ယောက်သား ရှေ့သို့ဟပ်ထိုးပြိုကျ၏။

"ဟဲ့ ဖြည်းဖြည်းရပ်လေ"

"တောက် ဦးပု ရှင်ဟာလေ"

စံစံနဲ့ဒေါ်ဘရဏီ ဦးပုကို မာန်မဲ၏။ လက်ပြနေတဲ့ ထွန်း...
တို့ကားနဲ့ ကမ္ဘာကားကို တွေ့လိုက်ရတာမို့ နှစ်ယောက်သား ဦး...
ဆက်လက် မာန်မဲမနေနိုင်တော့ပါ။

**ကားပေါ်က ကမန်းကတန်းဆင်းလာ မောင့်ကမ္ဘာ ...**
ပြေးကြ၏။

"သား"

"ကမ္ဘာ"

စံစံနဲ့ဒေါ်ဘရဏီ မောင့်ကမ္ဘာကို ခေါ်ကြ၏။ ထွန်း...
ဖွဲ့နဲ့ သူရတို့က စံစံတို့ကို ပြေးကြိုရင်း –

"ဒီမှာ ကမ္ဘာကား။ ငါတို့ သေချာစစ်ဆေးထားတယ်။ ကား...
မရှိလို့ရပ်ထားတုန်း ငါတို့ အမိဖမ်းထားတယ်"

"ဟဲ့ မောင့်ကမ္ဘာကော"





"ဟိုကောင်မကော"

ဒေါ်ဘရဏီနဲ့စံစံ ပြိုင်တူမေးလျှင် ထိုသုံးယောက် တစ်
...ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း –

"ဟိုလေ"

"ဟို"

"ဒီ ဒီလိုဟ၊ အရင်ဆုံး ကားမိတယ်။ နောက်တော့ လူပါမိ
...ယ်"

"ဘာ"

စံစံ အော်ဟစ်လျှင် ထွန်းထွန်းတို့သုံးယောက် လိပ်ပြာလွင့်
...သတ် ဖြစ်လေသည်။

"အခု ဘာကိုမိတာလဲ"

ဒေါ်ဘရဏီက ထွန်းထွန်းရင်ဘတ်ကို ဆောင့်တွန်းရင်း မေး
... ထွန်းထွန်း ဟန်ချက်ပျက်သွားကာ နောက်ယိုင်ကျမလို ဖြစ်သွားတဲ့
...ကိုယ်ကိုထိန်းရင်း –

"ကျွန်တော်တို့လည်း ကမ္ဘာကားကို မြင်တာနဲ့ ဖုန်းဆက်
...လိုက်တာ။ ကားထဲမှာ ကမ္ဘာတို့ကို မတွေ့ရဘူး"

"တောက်၊ အသုံးမကျတဲ့ဟာတွေ"

စံစံက ထိုသုံးယောက်ကို တဖျတ်ဖျတ်ရိုက်ရင်း ပြောသည်။
...ပြီးတော့ အန်တီဘက်လှည့်ကာ –



www.burmeseclassic.com

www.burmeseclassic.com



"လာ အန်တီ၊ စံစံတို့ စီစဉ်တဲ့အတိုင်း လိုက်မယ်။ အဲဒီတော့ နှစ်ယောက်လုံးက ဂွိခနဲမိမှာ အသေအချာပဲ"

"ဟုတ်တယ်၊ နင်တို့ကို အားမကိုးဘူး၊ ကောင်စုတ်တွေရဲ့"

ဒေါ်ဘရဏီက စံစံ့အစီအစဉ်အတိုင်း ပါခဲ့ရသည်။

တွေ့လိုက်ကြတော့လား။

ဒေါ်ဘရဏီကမှာ ဘာမိန်းမလဲဆိုတာ သိသွားစေရမယ်။

တောက်။

အနူအဝဲမ။

ဟိုတယ်မှာ အလုပ်လုပ်ပြီး ထမင်းစား စားရတဲ့အညာတြေ

တွေ့ကြသေးတာပေါ့။

✿ ✿ ✿

## အခန်း (၃၄)

"တောက်၊ မိဘကို အရှက်ခွဲတဲ့သမီး၊ အမိုက်မ။ ညည်း မိုက်ဦး။ မိဘကိုအရှက်ခွဲဦး၊ တောက်"

ဒေါ်သန်းသန်း ဒေါ်သထွက်လွန်းလို့ မျက်ရည်ပေါက်ပေါက်ကျ [illegible] ဒါ့ပြင် စိတ်နာ၍လည်း သမီးဖြစ်သူ၏ အဝတ်အထည်တွေကို ဓားနဲ့ ခုတ်ထစ်လိုက်၏။

"တောက်၊ ဒီလောက်ပြောထားရဲ့ မေမေတို့မျက်နှာကို အိုးမဲသုတ်သွားတဲ့ အမိုက်မ။ ညည်းကို မေမေ ခွင့်မလွှတ်ဘူး။ မိုက်ဦးဟာ၊ မိုက်ဦး"

ဒေါ်သန်းသန်း ဒေါ်သထွက်သလို သမီးအဝတ်တွေ ဓားနဲ့ ခုတ်ထစ်နေသည်ကို ဖခင်ဖြစ်သူ ဦးမျိုးထွန်းက စိတ်မချမ်းမြေ့စွာ



www.burmeseclassic.com

ငေးကြည့်နေလိုက်သည်။

သူကားပိုင်ရှင် ဦးထူးခြားကို သူ ဘယ်လို မျက်နှာပြရမလဲ။ မောင်ထူးအံ့ကို ဘယ်လိုရင်ဆိုင်မလဲ။

သူတို့မိသားစုအပေါ် ကောင်းခဲ့တဲ့ အုံနာမိသားစုနဲ့မှ မျက်နှာ ပျက်မယ်ဆိုတော့ –

ကျွတ်။

ရှေ့ဆက် မတွေးနိုင်အောင် ဖြစ်ရ၏။

"မေမေ"

အပြင်ကစုံစမ်းပြီး ပြန်လာတဲ့ သားကြီးရကန်က ကမူးရှူး ရောက်လာသည်။

"ဘာလဲ အမိုက်မအကြောင်း ဘာရလဲ"

"ဝင်းယံက ဟိုတယ်ပိုင်ရှင်သားဆိုတာမှန်တယ်။ အဲဒီနေ့ သားတို့အိမ်ရောက်လာတာက ဝင်းယံနာမည်ကို ခုတုံးလုပ်လိုက်တာ"

"ဘာ"

"အဲဒါ ဝင်းယံ သူငယ်ချင်း မောင့်ကမ္ဘာတဲ့"

"ဟာ"

လင်မယားနှစ်ယောက် ပါးစပ်အဟောင်းသားဖြစ်သွားသည်။ ဘုရားရေ၊ မောင့်ကမ္ဘာတဲ့။

ဟင့်အင်း။





ခေါင်းတွင်တွင်ရမ်းရင်း ဘယ်လိုမှ လက်မခံနိုင်အောင် ဖြစ်ရ...သည်။ မောင့်ကမ္ဘာ။

ငယ်ငယ်တုန်းကပုံစံနဲ့မတူ။ ရုပ်ရည်အပြောင်းလဲချည်း ပြောင်း...နေတဲ့ သူငယ်။

မောင့်ကမ္ဘာဆိုတာကြောင့် ဒေါ်မေဘရဏီကမ္ဘာ့မျက်နှာကို ...မြင်ရင်း ချောက်ချားသွား၏။

"ဘုရားရေ အမိုက်မ၊ အမိုက်မ။ ဘာဖာတ်လမ်းခင်းသွားတာ...။ တိုမျိုး။ ကိုမျိုးသမီး ဘာတွေလုပ်သွားတာလဲ။ ကြားရဲ့လားတော့။ ...ကောင် မောင့်ကမ္ဘာနဲ့တဲ့"

"တောက် မိဘက လွတ်ကင်းအောင် မြို့ခြား နယ်ခြားပြီး ...ပေါင်းများစွာ ရှောင်ပြီးနေခဲ့တာ။ ဒင်းက မရရအောင် အဆက် ...သွယ်လုပ်ပြီး လိုက်ပြေးရတယ်လို့ကွာ"

ဦးမျိုးထွန်း ဒေါသမထိန်းနိုင်အောင် ဖြစ်ရလေသည်။ မောင့် ...မ္ဘာနဲ့သမီး ဘယ်လိုမှမဖြစ်သင့်ဆုံးပါ။

ခုတော့ဟာ။

"အဲဒါ ဘယ်လိုလုပ်ကြမလဲ မေမေ"

"ရှာ၊ နင့်အစ်မကို မတွေ့တွေ့အောင်ရှာရမယ်။ ရှာတွေ့ရင် ...မေ့ကိုပြော။ ဒင်းကို မေမေ့လက်နဲ့သတ်မယ်။ ဟောဒီလက်နဲ့"

ဒေါ်သန်းသန်း ဓားကြီးတဝင့်ဝင့်နဲ့ ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် သားကြီး။ မောင့်ကမ္ဘာနဲ့ ဘယ်လိုမှ ရှေ့ဆက်လို့ မရဘူး။ မရရအောင် လိုက်ရှာရမယ်။ လာ သားသွားစို့"

ဦးမျိုးထွန်း ပြောလို့မဆုံးသေးခင် သားကြီးကိုလက်ဆွဲပြီး ထွက်သွားလေသည်။ ဒေါ်သန်းသန်းက အဝတ်တွေကို ခုတ်ပိုင်းရင်း ဟီးနေ ငိုချ၏။

"အမိုက်မ၊ ဒင်းအမေ ဘယ်လောက်မောက်မာသလဲ၊ ပတ်စက်သလဲဆိုတာ သိရဲ့သားနဲ့။ အဲဒီကောင်နဲ့မှ ပတ်သက်ရလား။ ညည်းကို မေမေ ဘယ်လိုမှ ခွင့်လွှတ်လို့မရတော့ဘူး။ မိဘကို အရှက်ခွဲရုံတင် မကဘူး။ ငယ်ငယ်ကတည်းက သားသမီးချင်း မစာနာတဲ့မိန်းမရဲ့သားနဲ့မှ တောက်"

ဒေါ်သန်းသန်းပြောလိုက် ငိုလိုက်နဲ့ လူက အရူးတစ်ယောက်လို ဖြစ်နေသည်။

ထိုစဉ်။

✿ ✿ ✿



## အခန်း (၃၅)

"ခြော် လက်စသတ်တော့ ဘယ်သူများလဲလို့၊ ဟင်း ဟင်း ဟင်း"

ခြံဝမှာလာရပ်တဲ့ကားပေါ်မှ အငြိုးတကြီးဆင်းလာတဲ့ ဒေါ်ဘရဏီ ခနဲ့သံနဲ့ ပြောသလို ဒေါ်သန်းသန်းကိုလည်း စိုက်ကြည့်ရင်း ခြံထဲဝင်ခဲ့၏။

"ကဗျာသစ်ဆိုတဲ့နာမည်နဲ့ ငါ့သားကို ဖြားယောင်းသိမ်းသွင်းတဲ့ အညတြမက ညည်းသမီးကိုး။ ဟင့် ဟင့် ဟင့်၊ ညည်းက အကြံကြီး ကြံလိုက်တာပေါ့လေ ကောင်မ"

"တောက် ရှင် ဘာတွေလာပြောနေတာလဲ ဒေါ်ဘရဏီ"

"ရှင်ကြားတဲ့အတိုင်းပဲလေ။ ညည်းသမီး ပျိုးမကို နာမည်သစ်



www.burmeseclassic.com

www.burmeseclassic.com



မှည့်ပြီး ငါ့သားကို အောက်လမ်းနည်းသုံးပြီး ချူနိုင်းလိုက်တာ မဟုတ်လား"

"ဒီမှာ၊ ရှင်လာမစွတ်စွဲနဲ့၊ ရှင့်သားက ကျုပ်သမီးကို ကျုပ်အိမ်ပေါ်ကနေ လာခိုးသွားတာ"

"ကျုပ်သားလာခိုးမှန်းသိရင် ဘာလို့မိအောင် မဖမ်းဘဲ ညည်းတို့ သမီးကို ထိုးထည့်ပေးလိုက်တာလဲ"

"ဟင် ဘယ်သူက ထိုးထည့်ပေးလို့လဲ"

ဒေါ်သန်းသန်း ခေါးမချည်းကိုင်လျက်သားနဲ့ ရှေ့တိုးလာသည်။ စံစံက အနှိတီရှေ့ပြေးဝင်ရင်း –

"ဒီမှာ။ ရှင် မထိုးထည့်ပေးရင် ရှင့်သမီးကို ကမ္ဘာ ခိုးသွားလို့ရမလား"

"ညည်း ဝင်မပါနဲ့"

"ပါတယ်၊ ကမ္ဘာက ပျိုးစုတ်မနဲ့ တန်တဲ့အစားထဲက မဟုတ်ဘူး။ အဲဒါကြောင့် ရှင်ချည်းတို့ အပိုင်ကြံတာ"

"ဘာ ဘာပြောတယ်"

ဒေါ်သန်းသန်း သည်းမခံနိုင်အောင် ပေါက်ကွဲသွား၏။

အပိုင်ကြံတာတဲ့။

"တောက်၊ ဒီမှာ။ မောင့်ကမ္ဘာဟာကြီး ရွှေရည်တတောက်တောက် ယိုကျနေရင်တောင် ငါ့သမီးနဲ့ မပေးစားနိုင်ဘူး"





"ဘာ ဘာပြောတယ်၊ ညည်းက ငါ့သားကိုများ ဟင့် ဟင့်တင့်၊ လူကြားကောင်းအောင် အသံကောင်းဟစ်မနေနဲ့၊ ငါ့သားကို ညည်းတို့ တိတ်တိတ်လက်ခံရုံမက၊ အစာကျွေးပြီး ညည်းသမီးနဲ့ ထည့်ပေးလိုက်ပြီးတော့"

"ဟာ"

ဒေါ်သန်းသန်း သည်းမခံနိုင်တော့ပါ။

"ရှင် မတရားမပြောနဲ့။ ရှင့်ကို သတ်မယ်။ အရိုင်းအစိုင်းမ။ မိခင်စိတ်မရှိတဲ့ မိန်းမ"

ဒေါ်သန်းသန်း ကိုင်လက်စခေါးမနဲ့ ဒေါ်ဘရဏီဆီ ပြေးဝင်သွား၏။

"ဟဲ့ သန်းသန်း၊ ညည်းတို့တွေ ကြော်မကောင်း ကြားမကောင်း ဖြစ်ကုန်တော့မယ်။ နေစမ်းဟာ"

ဝိုင်းအုံကြည့်နေကြတဲ့ အိမ်နီးချင်းတွေက ဒေါ်သန်းသန်းတို့ကို ဝိုင်းဆွဲဟန့်တားကြ၏။ တချို့ကလည်း စံစံနဲ့ဒေါ်ဘရဏီတို့ရှေ့မှ ကာရပ်ပြီးပြော၏။

"ရှင်တို့တွေ ပြောချင်တိုင်း မပြောကြနဲ့။ လူစည်း ဘီလူးစည်းရှိတယ်။ မကျေနပ်ရင် ရှင်တို့သားကို ရှင်တို့တွေ့အောင် ရှာပြီး ခေါ်သွား"

"ခေါ်မယ်၊ ဒီလို အညတြမနဲ့ မပေါင်းစေရဘူး။ ပေါင်းသား



www.burmeseclassic.com

www.burmeseclassic.com



ရင်တောင် ခုနစ်တွင်းရေးနဲ့ ဆေးပစ်လိုက်မယ်''

''ဆေး ဆေး၊ ကျုပ်သမီးကိုလည်း ရေသန့်ခုနစ်မျိုးနဲ့ ဆေးပြီး အပျိုပြန်လုပ်နိုင်းမယ်''

''တောက်''

ဒေါ်ဘရဏီ ပြန်ပြောလို့မအောင်။ ထိုမိန်းမရဲ့အိမ်နီးချင်းတွေ သူမပါးစပ်ကို ပိတ်ရင်း ခြံဝင်းအပြင် ဆွဲထုတ်ကြ၏။

''လူပါးဝ လိုက်တာ၊ မတန်မှန်း သိသိချည်းနဲ့''

''ဟိတ် ကောင်မလေး။ ညည်းက ကြားထဲက ဘာမှဝင်မပြော နဲ့။ သူများအိမ်ရှေ့လည်း လာသေးတယ်။ သူများသားသမီးနဲ့ မိဘကို လည်း စော်ကားသေးတယ်။ ညည်းကို တစ်ရပ်ကွက်လုံး ဝိုင်းရိုက်လို့ ရတယ်။ ဘာမှတ်နေလဲ''

ရပ်ကွက်ထဲမှာ အစွာဆုံးဖြစ်တဲ့ ဒေါ်အာကျယ်က စံစံကို ပြောဆိုတွန်းပစ်၏။

တစ်ရပ်ကွက်နဲ့ နှစ်ယောက်ဖြစ်နေတော့ ဒေါ်ဘရဏီ ရှေ့ ဆက်ပြောရှမသာ ဖြစ်ရ၏။

''စံစံလာ သွားမယ်။ သားကိုတွေ့အောင်ရှာပြီး အဲဒီဟာ ရှေ့ကဆွဲထုတ်ရမယ်။ သောက်ဆန်မရှိတဲ့ဟာတွေ။ အလေနတော ကလေကချေ လူမွေးလူယောင်မပြောင်တဲ့ဟာတွေ''

''ဟော့ လူယောင်ပြောင်တဲ့ မိန်းမ၊ သန်းသန်းတို့က ရှင့်ကို





ချေးတုံးလောက်တောင် တန်ဖိုးမထားဘူး''

ဒေါ်သန်းသန်းကလည်း ဝိုင်းဆွဲထားသူများလက်မှ ရုန်းထွက် ရင်း အော်ဟစ်၏။

ဒေါ်ဘရဏီ ပြန်ပြောလို့မရအောင် လူအုပ်ကြီးရှေ့ခံထားကာ ကားပေါ် အတင်းထိုးတင်တာမို့ ပြုတ်ပျက်ကျမသွားအောင် သတိထား ရင်း ကားပေါ်တက်လိုက်ရသည်။

''ဟဲ့ ဦးပု၊ မြန်မြန်မောင်းစမ်း။ ဒီသောက်ဆင့်မရှိတဲ့ဟာတွေ ရှေ့က။ စံစံ သမီး မြန်မြန်ကားပေါ်တက်''

''တောက်''

ဂူးခနဲ ကားမောင်းထွက်သွားလျှင် ဒေါ်သန်းသန်း တောက် တခေါက်ခေါက်နဲ့ ကျန်ခဲ့သည်။

အမိုက်မ။

ညည်းကြောင့် သားသမီးချင်းကိုယ်ချင်းမစာတတ်တဲ့ ဒီမိန်းမ နဲ့ ရင်ဆိုင်ရတာ။

ညည်းကို တွေ့လို့ကတော့။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၆)

"လာ ပျိုးလေး ကူးရအောင်"

"အိုး ဘယ်လိုလုပ်ကူးမှာလဲ မောင့်ရဲ့"

ဆယ်ပေခန့်ရှိတဲ့ ချောင်းရိုးက ရေတွေပြည့်ကာ ချောင်းပေါ်ကန့်လန့်ဖြတ်ခင်းထားတဲ့ ဝါးတံတားက ချောင်းရေထဲမှာ မြုပ်လုရယ်။

လက်တန်းလည်းမရှိတဲ့ ထိုတံတားကိုကြည့်ရင်း ဖြတ်ကူးဖို့ ပျိုးလေးစိတ်မှာ ကြောက်လာသည်။

ဒါကြောင့်

ခေါင်းလေးရမ်းရင်းပြောလိုက်လျှင် ဖြတ်ကူးမည့်ဟန်နဲ့ ဝါးတံတားအစပ်မှာရပ်နေတဲ့ မောင့်က ပျိုးလေးဆီ ပြန်လှည့်လာပြီ –





"တံတားပေါ်ကနေ ဖြည်းဖြည်းချင်းကူးမယ်လေ"

"အို တံတားက ရေနဲ့တိုက်နေတာ ကြည့်ဦး။ မတော်တဆ ချော်ကျရင်"

"မောင့် ရေကူးတတ်ပါတယ်"

"ဟင့်အင်း ပျိုးကြောက်တယ်"

"လာပါပျိုးရယ်"

မောင့်ကမ္ဘာက ပျိုးလေးလက်ကို ဆွဲယူသည်။ ပျိုးလေး ရုန်းဖို့ ကြိုးစားပေမယ့် မရပါ။

"ဘာမှကြောက်စရာမလိုဘူး။ မောင့်တစ်ယောက်လုံးရှိတယ်လေ။ မောင့်ကိုယုံစမ်းပါ။ ချစ်တဲ့စိတ်နဲ့ ယုံစမ်းပါ။ ဘာအန္တရာယ်မှ မဖြစ်စေရဘူး။ လာ ပျိုး။ စိတ်ရဲရဲနဲ့ ကူးကြမယ်။ အရေးကြီးတာ မာမီတို့ လက်လှမ်းမမီတဲ့နေရာကို မောင့်တို့ရောက်နေဖို့။ ပျိုးကြောက်နေရင် မျက်စိစုံမှိတ်ပြီး မောင့်ကိုချစ်တယ်လို့ရွတ်နေလိုက်။ ပျိုးရဲ့ ကြောက်စိတ်တွေ ဟိုးအဝေးရောက်သွားလိမ့်မယ်"

"အရေးထဲ မောင့်က ဟာသပြောနေပြန်ပြီး"

"တကယ်ပြောတာပါ ပျိုးလေးရယ်။ မယုံရင် မျက်စိမှိတ်လိုက်။ ပြီးတော့ မောင့်ကို ချစ်တယ်လို့ အကြိမ်တစ်ရာတိတိ ရွတ်လိုက်။ ပျိုးလေးနဲ့မောင့် ဟိုဘက်ကမ်းရောက်နေစေရမယ်"

"သွား"



www.burmeseclassic.com

www.burmeseclassic.com



ပျိုးလေးမျက်နှာလေးပေါ် ရှက်ရိပ်ဖြင့် ချောင်းရေလို ခပ်နောက်နောက်ဖြစ်သွား၏။ မောင်က ပြုံးထားဆဲဖြင့် ပြော၏။

"သွားမယ်လေ၊ မောင့်ပြောသလို့လုပ်စမ်းပါ"

"ကျွတ်"

"ကဲ မယုံရင် မျက်စိမှိတ်ထားလိုက် ပျိုးလေး"

"ပြီးရော"

မောင့်ကမ္ဘာ ဖွတ်ပြောနေတာမို့ ပျိုးလေး တကယ်ပင် မြင်လွှာနှစ်ဖက်ကို စုံမှိတ်ချလိုက်သည်။

ထိုအခါ

ပျိုးလေးနားမှာ ချောင်းလေးသံလွှမ်းသွား၏။ လေညင်းသံလေး သာသွား၏။ ထို့နောက်မှာ မောင့်ကမ္ဘာက သူမလေးကိုယ်ကို ကျောမှာ ပိုးလိုက်သည်။

"အို မောင့်"

ပျိုးလေး လန့်လန့်ဖြန့်ဖြန့်နဲ့ မြင်လွှာလေးဖွင့်ကြည့်လျှင် မောင့်ကျောပေါ် ပျိုလေး တစ်ကိုယ်လုံး ရောက်နှင့်နေပြီ။

ဘုရားရေ။

ပျိုးလေး ဘုရားတလို့မဆုံးသေးပါ။

မောင့်က ဝါးတံတားလေးပေါ် ဖြတ်လျှောက်၏။ ဘုရားရေ ပျိုးလေး မြင်လွှာကို စုံမှိတ်ထားလိုက်၏။

မိန်းကလေးတအုပ်တိုက်



တံတားလေးက ရေထဲမှာ လှုပ်လှုပ်လှဲ့လှဲ့ဖြစ်နေလျှင် ပျိုးလေးနှလုံးသားမှာလည်း မငြိမ်မသက် ဖြစ်ကုန်၏။

မောင့်ကို ချစ်တယ်ဆိုတဲ့ အချစ်ဂါထာထက် ဘုရားကိုသာ တနေမိသည်။

ဘုရား ဘုရား။

ဝါးတံတားလေးအပေါ်က မြန်မြန် လွန်မြောက်ပါစေ ဘုရား။

✿ ✿ ✿

www.burmeseclassic.com

## အခန်း (၃၇)

"ဝင်းယံ"

ခေါ်သံကြီးက စူးနက်နေ၏။

ထိုအသံကြောင့် ဒေးလီးအလဲဗင်းနေ့စဉ်သတင်းစာမှ ရေ[illegible] ကယ်ဆယ်ရေးအတွက် လှူဒါန်းထားတဲ့အလှူရှင်များစာရင်း မှတ်[illegible] တွင်၊ မိမိတို့ဟိုတယ်ရဲ့ လှူဒါန်းငွေစာရင်းကို ရှာဖတ်နေရာမှ ဝင်း[illegible] ခေါင်းထောင်လာသည်။ ကြည့်လိုက်တော့ ဒေါ်ဘရဏီကမ္ဘာ။

လက်ပွေ့အိတ်ကြီးကို မာန်အပြည့်နဲ့ ပွေ့ပိုက်ပြီး ဒေါသ[illegible] နေတဲ့ မြွေတစ်ကောင်လို သူ့ရှေ့ရောက်လာသည်။

"ဘာလဲ အန်တီ"

ဝင်းယံက သတင်းစာကို ဖြန့်ကိုင်လျက်သားနဲ့ မေးလိုက်[illegible] ဒေါ်ဘဏီကမ္ဘာက ဝင်းယံကို လက်ညှိုးထိုး၍ –





"အန်တို့သား ဘယ်မှာလဲ"

"ကျွန်တော်မသိဘူး အန်တီ"

"ဘာပြောတယ်"

ဝင်းယံက ဖြန့်ထားတဲ့သတင်းစာကိုပိတ်ရင်း ထရပ်လိုက်၏။

"ကျွန်တော်မသိလို့ မသိဘူးပြောတာ"

"ဘာလို့မသိရမှာလဲ။ မင်းပဲ သားကားရှိတဲ့နေရာကို ပြော[illegible] မဟုတ်လား"

"ဟုတ်တယ်လေ အန်တီ"

"ဟုတ်တယ်ဆိုရင် မင်းမသိဘူးလို့ ညာမပြောနဲ့"

"ကျွန်တော်မညာဘူး။ ကမ္ဘာ ကျွန်တော့်ကိုဖုန်းဆက်တော့ [illegible]တော် ကားယူဖို့သွားတယ်။ ထွန်းထွန်းတို့ ကျွန်တော့်နောက်က [illegible]လာပြီး ကားကိုပိုင်းထားတယ်လေ။ သူတို့တွေကြောင့် ကမ္ဘာ့ကား [illegible] ကျွန်တော် ယူလာလို့မရခဲ့ဘူး။ ကျွန်တော့်ကိုနှင်ထုတ်လို့၊ ကမ္ဘာ [illegible]ထားခဲ့ပြီး ကျွန်တော် လှည့်ပြန်ခဲ့ရတယ်။ ကမ္ဘာ့ကိုသိချင်ရင် [illegible]ထွန်းတို့ကိုမေးပေါ့ အန်တီရာ"

"အေး အဲဒီကားနားမှာ သားမရှိဘူး"

"အဲဒါတော့ ကျွန်တော်လည်းမသိဘူး"

"တောက်၊ မင်း ဘာစကားပြောတာလဲ ဝင်းယံ"

ဒေါ်ဘရဏီကမ္ဘာ ဝင်းယံရင်ဘတ်ကို ဆောင့်တွန်းရင်း ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



ဝင်းယံ မျက်နှာထား ချက်ချင်းတင်းမာသွားကာ –

"အန်တီလက်မပါနဲ့"

"မပါချင်ရင် အတိအကျပြော။ ငါ့သားဘယ်မှာရှိလဲဆို မင်းသိတယ်။ မင်းသိသိချည်းနဲ့ ဟိုဟာမလက်ထဲ ငါ့သားကိုထည့် လိုက်တာ။ မင်းကို လုံးဝမကျေနပ်ဘူး ဝင်းယံ"

"အန်တီမကျေနပ်ရင် ကြိုက်တာလုပ်လိုက်ပါ"

"လုပ်မယ်ဟဲ့ လုပ်မယ်။ နင့်ဟိုတယ်က အစုတ်ပလုတ် ကောင်မနဲ့ ငါ့သားကို အောင်သွယ်လုပ်တဲ့မင်းကို တရားစွဲမယ်"

"စွဲချင်သလို စွဲစမ်းပါ။ အန်တီ့သားက ၁၆–နှစ်အရွယ် နို့နံ့ သေးတဲ့ယောကျ်ားမဟုတ်ဘူး၊ သူ့ဘာသာသူ"

"တော်စမ်းပါ၊ ငါ့သားနဲ့ ဒီဟာမ မဆုံအောင် နှစ်ပေါင်းများ ကြာအောင် ငါ့ဘက်က ခွဲထားတာ။ နင်တို့ဟိုတယ်ရောက်မှ ပြ ခုလိုဖြစ်ရတာ"

"အဲဒါ အန်တီ့ကြောင့်ပဲ"

"ဘာ"

"အန်တီက ကျွန်တော်တို့ဟိုတယ်မှာလာပြီး သမီးတစ် ကမ္ဘာကို မိတ်ဆက်ပွဲလုပ်ပေးတယ်။ ပျိုးလေးက ကျွန်တော်တို့ဟိုတယ် က ဝန်ထမ်း။ အဲဒီတော့ ပြန်ဆုံကြတာ။ ကမ္ဘာနဲ့ပျိုးလေး ပြန်ဆုံအောင် အန်တီဖန်တီးတာ"





"တောက်"

ဝင်းယံပြန်ပြောလျှင် ဒေါ်ဘရဏီကမ္ဘာ အသားတဆတ်ဆတ် တုန်သွားသလို လက်တစ်ဖက်ပါ မြှောက်တက်သွား၏။

"ဒေါ်ဘရဏီကမ္ဘာ"

ဝင်းယံဒယ်ဒီ ဦးသောင်းညွှန့်က မြှောက်တက်နေတဲ့ ဒေါ်ဘရ ဏီလက်တစ်ဖက်ကို ပုတ်ချလိုက်၏။

"တောက် ရှင် ဘာဝင်ရှုပ်တာလဲ"

"ခင်ဗျား ကျုပ်သားကို လာမစော်ကားနဲ့။ ခင်ဗျားကို လုံခြုံ ရေးခေါ်ပြီး ဆွဲထုတ်ရလိမ့်မယ်။ သတ္တိရှိရင် ခင်ဗျားရှေ့ဆက်ကြည့်"

ဦးသောင်းညွှန့်ပြောတဲ့နောက်မှာ ယူနီဖောင်းဝတ်ထားတဲ့ ဟိုတယ်လုံခြုံရေးဝန်ထမ်းများ ဒေါ်ဘရဏီကမ္ဘာနား ဝိုင်းလာသည်ကို သတိထားမိသွား၏။ ထိုအခါ ဒေါ်ဘရဏီကမ္ဘာ အံကြိတ်လိုက်ပြီး –

"တောက်၊ ကလေကချေမတွေကို မွေးထားတဲ့ဟာတွေ"

"ကျုပ်ဝန်ထမ်းတွေကို ခင်ဗျား စော်ကားစရာမလိုဘူး။ ခင်ဗျားကို ကျုပ်သည်းမခံနိုင်တော့ဘူး။ ဒီမိန်းမကို အပြင်ဆွဲထုတ်စမ်း"

ဦးသောင်းညွှန့်အမိန့်ပေးလျှင် ဟိုတယ်ရှိ အမျိုးသမီးဝန်ထမ်း တွေက ဒေါ်ဘရဏီလက်မောင်းကို လာဆွဲ၏။

"ဟဲ့ ဟဲ့ ကောင်မတွေ ညည်းတို့တွေ ငါ့အသားလာမထိနဲ့။ ဟဲ့ ဝင်းယံ နင့်ဟာမတွေ နင်တားစမ်း"



www.burmeseclassic.com

www.burmeseclassic.com



ဝင်းယံ တားမြစ်ခွင့်မရှိပါ။ ဒယ်ဒီက ဆွဲထုတ်နိုင်းထားပြီ မဟုတ်လား။

"ဟဲ့ ဟဲ့၊ ဖယ်စမ်း။ တောက် ကောင်မတွေ"

ဒေါ်ဘရဏီကမ္ဘာ ပါးစပ်ကထွက်သမျှ ပြောနေသော်လည်း ဝန်ထမ်းတွေ အရေးမစိုက်ပါ။

"မြန်မြန်ဆွဲထုတ်သွား၊ ဟိုတယ်ဝင်းအပြင်ရောက်အောင် ဆွဲ ထုတ်"

သူတို့သူဌေးရဲ့အမိန့်အတိုင်း၊ ဟိုတယ်ဝင်းအပြင်ရောက် အောင် ဆွဲထုတ်လေသည်။

"ဂျိမ်း"

"တောက်"

ဟိုတယ်ဝင်းအပြင်ဘက်ရောက်လျှင် ဟိုတယ်ဝင်းတံခါးကြီး ပါ 'ဂျိမ်း'ခနဲပိတ်ချ၏။ ဒေါ်ဘရဏီကမ္ဘာ မိုးခြိမ်းသံနှယ် တောက်ခေါက် လိုက်မိသည်။ လူပါးဝတဲ့ဟာတွေ။

ကလေကချေမနဲ့ အလိုတူအလိုပါ ပေါင်းကြံကြတာ... ဒင်းတို့ကြောင့် ငါ့သား ဟိုဟာမနဲ့ပါသွားတာ။ ပါသွားရုံမကဘူး ... အမြီးစမ်းလို့မရတာ။ ငါ့သားကို ပြန်မတွေ့လို့ကတော့ ဒင်းတို့အ... ထောင်ထဲအပို့ပဲ။ တောက်။

✿ ✿ ✿



## အခန်း (၃၀)

"တော်ပါတော့၊ ရပ်ပါတော့ မောင့်ရဲ့"

"ရပ်ချင်သေးဘူး ပျိုးလေးရဲ့"

"ဟင့်အင်း၊ ရပ်ပါတော့"

"ဘာဖြစ်လို့"

"ပတ်ဝန်းကျင်က ဒီလောက်သာယာနေတာ ကြည့်ဦးလေ။ ...ပြည့်နေတဲ့ ချောင်းရေစီးသံက ဘယ်လောက်နားဝင်ပီယံရှိလှသလဲ။ ...ချောင်းရိုးတစ်လျှောက် တောတန်းလေးက စိမ်းစိမ်းစိုနေတယ်။ ပြီး ...တော့ တောငှက်ကလေးတွေ တကျိုကျိုနဲ့ ကြွင်နာသံပေးပြီး ချစ်သူကို ...ခေါ်နေတာလေ။ တစ်ဖက်ကလည်း ရေပြည့်နေတဲ့ လယ်ကွက်တွေ ...ကြားက ခရုအော်သံတွေ၊ မိုးရွာပြီးစမို့ လေပြည်ကလည်း အေးမြမြ



www.burmeseclassic.com

www.burmeseclassic.com



နဲ့။ ဒီလို သာသာယာယာမြင်ကွင်းကို ခံစားရင်း ကိုယ့်ချစ်သူကို ကျော

ပြီး လျှောက်နေတာ ဘယ် ဘယ်လောက်ရင်ခုန်ရလဲ"

"တော်ပါတော့ ဖယ်ပါ"

"ဟင့်အင်း"

"မဖယ်ရင် ပျိုး ခုန်ချလိုက်မှာနော်"

ပျိုးလေးက ပြောဆိုရင်း မောင့်ကျောပြင်ကို တအုန်းအုန်း

ထု၏။ မောင်က ကြည်ကြည်နူးနူးရယ်မောရင်း –

"လက်သံက ပြောင်နေရော"

"ပြောင်တယ်၊ လက်သံပြောင်တာမခံနိုင်ရင် ချပ်လိုက်တော့

ပျိုး ဆင်းပါရစေ"

ပျိုးလေး တရှုန်းရှုန်းနှင့်ပြောတော့ မောင်ကမှာ ပေကာ

ထမ်းထားလို့မရတော့ပါ။ ခြေလှမ်းကို တန့်လိုက်လျှင် ပျိုးလေး

သူ့ကျောပေါ်မှ လျှောဆင်းလိုက်သည်။

"ပျိုး"

မောင့်ခေါ်လျှင် ပျိုးလေး မျက်စောင်းထိုးလိုက်သည်။ မော

က ထိုမျက်စောင်းလေးကိုပဲ ချစ်မဝနိုင်စွာကြည့်ရင်း –

"ပျော်စရာကြီးနော်"

"ဟွန်း မောင့်က ပျော်နေတယ်ပေါ့လေ"

"ပျော်တာပေါ့"





"ဟွန်း"

ပျိုးလေး နှုတ်ခမ်းဆူကာ ရှေ့ကလျှောက်ထွက်ခဲ့သည်။ မောင့်

ဘ ချောင်းနံဘေးက ရေစပ်စပ်ဖြစ်နေတဲ့ ကမ်းရိုးတန်းလေးအတိုင်း

နောက်က အပြေးကလေးလိုက်ကာ –

"ပျိုးလေးကော မပျော်ဘူးလား"

"မေးပဲမေးတတ်တယ်"

"မေးရတာပေါ့"

"ပျော်စရာလား"

"ဒါဆို ရင်ခုန်တယ်ပေါ့"

ပျိုးလေး မျက်စောင်းထိုးမိပြန်သည်။

"အဲဒီမျက်စောင်းလေးက ရင်ခုန်တယ်တဲ့"

"မောင့်နော်၊ လာမနောက်နဲ့။ ဒီမှာ တအားညစ်နေတယ်။

လျှောက်သွားနေရတဲ့ ခရီးစဉ်ကိုလည်းကြည့်ဦး"

မောင့်ကမှာ ခေါင်းလေးညိတ်မိသွားသည်။

ဟုတ်ပေသားပဲ။

ကားဆိုက်ကုန်သွားလို့ ထိုနေရာတင်ရပ်ပြီး အဝေးပြေးကား

ပြောင်းစီး၏။ ထိုအဝေးပြေးကားနဲ့ နယ်မြို့လေးတစ်မြို့ရဲ့ ကားဂိတ်ထဲ

ရောက်သည်။ ထိုဂိတ်မှတစ်ဖန် ဟိုင်းလက်ကားစီး၏။ ထိုဟိုင်းလက်

ကား ဂိတ်ဆုံးတဲ့အထိရောက်လျှင် သူတို့ ယောင်ချာချာဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် လူရမ်းကားတစ်စုနဲ့ ရင်ဆိုင်ရသေးသည်။

ထိုလူတွေလက်က လွတ်အောင် နီးစပ်ရာခိုင်ကယ်တဲ့ကျွန်းပြီး ရဲစခန်းတစ်ခုထဲ ခပ်တည်တည်ဝင်လိုက်မှ ကံကောင်းသွားသည်။

ကိုယ့်မြို့မဟုတ်တော့ မထင်မှတ်ဘဲ ကြုံလာတဲ့အန္တရာယ်တို့လည်း ရှောင်ရှားရသေးသည်။

ထိုလူမိုက်တွေ မျက်ခြည်ပြတ်သွားမှ မောင့်တို့နှစ်ယောက် အနီးအနားမှာရှိနေတဲ့ ဘူတာရုံကလေးဆီ လာခဲ့သည်။

ဘူတာမှာ ရထားဆိုက်ချိန်ဖြစ်တာမို့ မောင့်တို့ရထားပေါ်ရောက်ကာ နှစ်ဘူတာခန့် အပျော်စီးဖြစ်ကြသည်။

ဒီလိုဆိုတော့လည်း –

မောင့်နဲ့ပျိုးလေး ပျော်နေမိသည်။

တောဘူတာလေးတစ်ခုရောက်လျှင် သူတို့ဆင်းပြီး လမ်းလျှောက်ခဲ့တာ သာသာယာယာမြင်နေရတဲ့ သဘာဝရှုခင်းလေးကြောင့်။

တောတန်းနဲ့ လယ်ကွင်းတွေက တစ်မျှော်တစ်ခေါ်။ လယ်တွေကတော့ အများအားဖြင့် ရေတွေမြုပ်ကာ။ တချို့နေရာမှာ ကန်သင်းရိုးလေးတောင်မပေါ်။

နှစ်ယောက်သား လက်ချင်းယှက်၍ ရေထဲသွားနေရတာ အတော်ပျော်နေသည်။





ဒီလိုနဲ့ ချောင်းရိုးလေးကို ဖြတ်ကျော်ရမှာနဲ့ဆုံလျှင် ပျိုးလေး ကြောက်စိတ်ဝင်၏။

ချောင်းရေက ရေစီးအားသန်နေသည် မဟုတ်လား။

တံတားကလည်း ရေနဲ့ထိနေသေး။ မောင့်က ပျိုးလေးကို ကုန်းပိုး၍ သူရဲကောင်းသဖွယ် ကျော်ဖြတ်လျှင် ပျိုးရင်မှာ အဝိုင်းမသိ လှုပ်ခုန်ရ၏။

ခုတော့ ချောင်းရိုးလေးကို ဖြတ်ကျော်လွန်မြောက်ခဲ့ပြီ။

သို့သော် ဘယ်ဆီသွားရမှန်းမသိ ဖြစ်ကာ။

ခရီးစဉ်တစ်လျှောက် စိတ်ပူပန်မှုတွေနဲ့ သွားလာနေရတာမို့ ပျိုးလေးရင်မှာ မောလျနေမှာ သေချာသည်။

ဒါကြောင့် ပျိုးလေးစိတ်မှာ ညစ်နေမှန်း မောင့်ကမှာသိနှင့်နေသည်။

"ကဲပါ ပျိုးလေးရယ်။ ဟောဟိုမှာ ရွာစပ်မြင်နေရပြီပဲ။ အဲဒီရွာရောက်ရင် မောင့်တို့ စိတ်အေးလက်အေး နားလို့ရပြီလေ"

ပျိုးလေးက မောင့်စကားမဆုံးသေးခင် လှမ်းမြင်နေရတဲ့ ရွာစပ်ဆီ မျှော်ကြည့်၏။

သစ်ပင်ကြီးများ အုံ့ဆိုင်းနေသည့်ရွာစပ်မှ တဲအိမ်သေးသေး တစ်လုံးကို တွေ့ရ၏။

"ဟွန်း ရွာစပ်ရောက်ဖို့တောင် အဝေးကြီးလျှောက်ရဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကြောင့် မောင့်ကုန်းပိုးသွားမယ်ပြောတာ"

"မပိုးနဲ့"

"ပျိုးလေးကိုချစ်လို့ပါဆို"

"မချစ်နဲ့"

"မချစ်လို့ ရမလား ပျိုးလေးရယ်"

"ရတယ် မချစ်နဲ့။ မောင့်မချစ်ရင် ဒီလောကကြီး အေးအေးပဲ။ ခုဆို ပျိုးတို့လည်း ခရီးပင်ပန်းရတယ်။ မေမေတို့လည်း ဘယ်လောက်စိတ်ဆိုးနေမလဲ။ ဖုန်းဆက်ကြည့်မယ်ဆိုလည်း မောင့်က မေးဆက်ဘူး"

"ပျိုးရယ်"

မောင့် ကြင်နာစွာရေရွတ်ရင်း ပျိုးလေးလက်ဖဝါးလေးကို ဆုပ်ကိုင်ပြီး သူ့ရင်ခွင်မှာ ကပ်ထားမိသည်။

ထိုအခါ –

နှစ်ယောက်အတူ ယှဉ်လျှောက်နေရာမှ မောင့်ကို ပျိုးလေး ငဲ့ကြည့်၏။

"အဲဒီအတွက် မောင့် တောင်းပန်ပါတယ်။ ပျိုးလေးကို မောင် စိတ်မချဘူး။ ဒါကြောင့် မိမိရရ ဆွဲခေါ်လာတာ"

"ဘာစိတ်မချစရာရှိလဲ"

မောင့် ဘာမှမပြောတော့ပါ။ သူ့ရင်ထဲက စိတ်မချမှုတွေ





ရာနှုန်းပြည့်လေ။ ဒါကို ပျိုးလေးသိနှင့်လျက်။

"မောင့်ကို ပျိုးလေး ရှင်းပြပြီးပြီပဲ။ ကိုထူးက ပျိုးစိတ်ကို နားလည်တယ်။ ပျိုးပြောပြလို့ မောင့်နဲ့ပျိုးအကြောင်း သိနှင့်တယ်။ အဲဒါကို မောင့်က"

ပျိုးလေး ဆက်ပြောခွင့်မသာလိုက်ပါ။

မောင့်က သူ့ရင်မှာကပ်ထားတဲ့ ပျိုးလေးရဲ့ လက်ကလေးကို ဆွဲ၍ ပျိုးလေးနှုတ်ခမ်းမှာ ဖိကပ်လိုက်သည်။

"အဲဒါတွေ မပြောကြေး။ လာ သွားစို့"

မောင့်က စကားစဖြတ်ပြောရင်း ပျိုးလေးကို ဆွဲကာ လှမ်းမြင်နေရတဲ့ ရွာကလေးဆီ ဦးတည်လေသည်။

ထိုအခါ –

ပျိုးကလည်း ဘာမှဆက်မပြောတော့ပါ။ မောင့် ဆွဲခေါ်သွားတဲ့အတိုင်း ပါသွားသည်က မောင့်ကို မချစ်လို့မှ မဟုတ်ပဲ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၉)

“မောင်ဝင်းယံရယ်၊ ဒေါ်ဒေါ့်ကို ကူညီပါကွယ်”

သူ့လက်ကို အားကိုးတကြီးဆုပ်ကိုင်ပြီး ပြောနေရှာတဲ့ ဒေါ်သန်းသန်းကို ဝင်းယံ အားနာရလေသည်။

“ဒေါ်ဒေါ်က သမီးကို စိတ်ဆိုးနေတာမှန်ပေမယ့် မောင့်ကမ္ဘာနဲ့ ဘယ်လိုမှ လက်တွဲသွားလို့ မဖြစ်နိုင်လို့ပါ။ ဒါကြောင့် သမီးနဲ့ မရရ ခွဲလိုက်ချင်တာ”

“ဒေါ်ဒေါ်ပြောတာတွေကို ကျွန်တော် နားလည်ပါတယ်”

“ဒါကြောင့် ကူညီပေးပါ မောင်ဝင်းယံရယ်။ ဘယ်လိုမှ မဖြစ်နိုင်လို့ပါ”

“လောလောဆယ် ကျွန်တော်နဲ့ အဆက်အသွယ်ပြတ်နေလို့ပါ





ဒေါ်”

“မောင်ဝင်းယံရယ် ဒေါ်ဒေါ်လေ ဝင်းယံကို ရှိခိုးရမယ်ဆိုရင် ကောင် ရှိခိုးချင်ပါတယ်။ သူတို့ ဘယ်မှာရှိလဲ ဆိုတာပဲ ပြောပါ။ မောင်ဝင်းယံ ပြောတယ်လို့ ဒေါ်ဒေါ်မပြောဘူး။ စိတ်ချပြီး ကူညီပါနော် မောင်ဝင်းယံ”

ဒေါ်သန်းသန်းက မျက်ရည်တွေ တစိမ့်စိမ့်ထွက်ရင်းပြော သလို က်အုပ်လေးပါချီလျှင် ဝင်းယံ နေရခက်ခက်ဖြစ်သွားသည်။

“ဒေါ်ဒေါ်ရယ်၊ အဲဒီလောက်တောင်မလိုပါဘူး။ ကျွန်တော်နဲ့ ကယ်ပဲ အဆက်အသွယ်ပြတ်နေလို့ပါ”

ဒေါ်သန်းသန်း၏ လက်အုပ်လေးကို ဝင်းယံ ဖယ်ရှားကာ လေးအနက်ပြောလိုက်မိသည်။

တကယ်လည်း သူနဲ့အဆက်အသွယ်ပြတ်နေသည် မဟုတ်တာ။ သူတောင် ကမ္ဘာ့တို့နှစ်ယောက်အတွက် စိုးရိမ်နေပါသည်။

သူ လေးလေးနက်နက်ပြောလျှင် ဒေါ်သန်းသန်း ဟီးခနဲ ချ၏။ ငိုချရင်းလည်း ပြောသည်။

“ဒင်းကြောင့် ဒေါ်ဒေါ့်သမီး စိတ်ဆင်းရဲမှာလေ။ ဒါကြောင့် ဒေါ်ဒေါ့်ဘက်က တားဆီးချင်တာပါ မောင်ဝင်းယံ”

“အဆက်အသွယ်ရရင် ကျွန်တော် အကြောင်းကြားပါ့မယ် ဒေါ်ဒေါ်”



www.burmeseclassic.com

www.burmeseclassic.com



“ဟင့် ဟင့် သမီးမိုက်။ ဒင်းကို ဒီလောက်တားထားလျက်နဲ့ လုပ်ချင်ရာလုပ်သွားတယ်။ အဲ့ဒါကို ဒေါ်သအထွက်ဆုံးပဲ။ ဒါတင် မကဘူး ဒေါ်ဘရဏီ လာပြီးစွပ်စွဲတာက ဒေါ်ဒေါ်တို့ကပဲ ကမ္ဘာ့နောက်ကို ထိုး ထည့်ပေးသတဲ့။ ဒီစကား ဘယ်လောက်နာစရာကောင်းသလဲ။ စဉ်းစား ကြည့်ပါ မောင်ဝင်းယံရယ်။ ဟင့် ဟင့် ဟင့်”

ဒေါ်ဘရဏီ့ပါးစပ်ကို သူလည်းကြုံဖူးသည်မို့ ဒေါ်သန်းသန်း အပိုပြောနေတာမဟုတ်ဘူးဆိုတာ ဝင်းယံနားလည်သည်။

ဒါကြောင့်လည်း ဒေါ်သန်းသန်း ဒီလောက်ထိ နာကျင်ထား ကမ္ဘာနဲ့သမီးဖြစ်သူကို မရအရ ခွဲပစ်ဖို့ ဆုံးဖြတ်ထားခြင်း ဖြစ်ဟန်တူ သည်။ ဝင်းယံ သက်မမောလေးချ၍ –

“ကျွန်တော် နားလည်ပါတယ် ဒေါ်ဒေါ်။ ဒေါ်ဘရဏီ ဘယ် လောက်ရင့်လဲဆိုတာ ကျွန်တော်သိတယ်။ ဒီကိစ္စမှာ ကမ္ဘာ့စိတ်နဲ့ကျွ စီစဉ်တာ။ အဲဒါကို ဒေါ်ဒေါ်တို့ဘက်ကို ပြောဆိုတာတော့ ဒေါ်ဘရဏီလျှ မှန်း အားလုံးသိတယ်။ ခုချိန်ထိလည်း ဒေါ်ဘရဏီ လူအင်အားသုံးပြီး ရှာနေတယ် ဒေါ်ဒေါ်။ ကမ္ဘာက အရင်ဖုန်းကို လုံးဝမသုံးတော့ဘူး အဲဒါကြောင့် ကမ္ဘာ့ဖုန်းကို မျှော်နေရတယ်။ ကမ္ဘာ ဖုန်းဆက်လာ ကျွန်တော်လည်း အဆက်အသွယ်ရမှာပါ။ ဒါကြောင့် ကမ္ဘာဖုန်းဆက် လာရင် ဒေါ်ဒေါ်ကို အကြောင်းကြားပါ့မယ်။ စိတ်ချပါ ဒေါ်ဒေါ်”

သူလည်း ဒေါ်သန်းသန်းကို အားနာစွာပြောလိုက်ရသည်





ထိုအခါ ဒေါ်သန်းသန်း၏ မျက်ရည်လွှမ်းသောမျက်ဝန်းမှာ မျှော်လင့်ခြင်း အရောင် တောက်ပသွားသည်။

“ယုံကြည်ပါတယ် မောင်ဝင်းယံရယ်။ ဒေါ်ဒေါ့်ကိုကူညီပေးပါ နော်။ သမီးစိတ်နဲ့ သမီးဖေဖေ ထမင်းမစားဘဲနေနေတာ ခုချိန်ထိ။ သမီးဟာ သမီးဖေဖေအချစ်ဆုံးသမီးလေ။ သမီးကိုမမြင်ရလို့ စိတ်ဆင်း ရဲတာတွေ ဒေါ်ဘရဏီပြောတဲ့စကားတွေကြောင့် စိတ်ထိခိုက်ရတာ တွေ။ ကိုထူးနဲ့သူ့မိဘကို မျက်နှာမပြရဲလောက်အောင် ရှက်တာတွေနဲ့ ပေါင်းပြီး စိတ်အနာရသလိုဖြစ်နေတာလေ။ ဒီသမီးကို ပြန်မတွေ့မချင်း သူ့ခမျာ ထမင်းစားနိုင်မှာမဟုတ်ဘူး။ ဒေါ်ဒေါ်သိတယ်။ ဒါကြောင့် ကူညီပါနော်။ နော် မောင်ဝင်းယံ”

ဝင်းယံလက်ကို အားကိုးတကြီးဆုပ်ကိုင်ပြောဆိုရင်း တငိုငိုနှင့် ထွက်သွားတဲ့ ဒေါ်သန်းသန်းကို ဟိုတယ်ဝင်းအပြင်ဘက်ရောက်တဲ့အထိ ဝင်းယံ ငေးကြည့်နေမိသည်။

ဘာကြောင့် ဒီလိုတွေဖြစ်ရတာလဲ။

အချစ်စစ်မှန်ရင် မဖြောင့်ဖြူးတတ်တဲ့သဘောဆောင်လို့လား။

ထိုသဘောဆောင်တယ်ဆိုရင် –

အင်း။ ဝင်းယံလည်း ရင်လေး၏။

ဒါ့ပြင် နှလုံးသားမှာလည်း ထပ်ဆင့်လေးလံရလေပြီကွာ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၀)

"ဒေါ်ကြီး"

ခေါင်းပေါင်းပေါင်းထားတဲ့ ကျေးတောသူအမယ်ကြီး ပျိုးလေး လှမ်းခေါ်လိုက်သည်။

ကင်ပွန်းချဉ်ရွက်ကိုင်းမကြီးကို တံချူဖြင့် ချိတ်ဆွဲ၍ ကင်ပွန်း ချဉ် အနုခက်လေးများကို ကတ်ကြေးနဲ့ ထိုညှပ်နေတဲ့ ဒေါ်အေး ခေါ်သံကြားလို့ လှည့်ကြည့်လိုက်၏။

"ဟင်"

တစ်ခါမှ မမြင်ဖူးတဲ့ မျက်နှာစိမ်းကောင်လေးနဲ့ကောင်မလေး ကိုမြင်လျှင် ဒေါ်အေးစုံ မျက်လုံးပြူးသွား၏။

"ဒေါ်ကြီး"





သူမလေး ထပ်ဆင့်ခေါ်ပြီး ဒေါ်အေးစိန် အနားရောက်လာ၏။

ထိုအခါ ဒေါ်အေးစိန်က တံချူနဲ့ဆွဲချိတ်ထားသဲ ကိုင်းမကို ဖြေလွှတ်မိ သွားသည်။

ထို့နောက် –

ရယ်ပြုံးနေသော ထိုကောင်လေးနဲ့ ကောင်မလေးကို စူးစမ်း သလို ကြည့်ရင်း မေးလိုက်၏။

"ညည်းလေးတို့က ဘယ်သူ့တွေလဲ"

"ပျိုးက ပျိုးကလေးပါ၊ မောင့်က မောင့်ကမ္ဘာ"

"အလို ညည်းတို့နှစ်ယောက်လုံးကို ဒေါ်ကြီး တစ်ခါမှ မမြင်ဖူး သေး နေပါဦး ဘယ်ကဘယ်လို ရောက်လာတာလဲ"

"ဒီလို ဒေါ်ကြီးရဲ့"

ပျိုးလေးက အကျဉ်းချုပ်ရှင်းပြလျှင် ဒေါ်ကြီးက ရင်ဘတ်ဖြစ်

"ဘုရားရေ"

"ဟုတ်တယ်၊ ကျွန်တော်တို့ နိုးပြေးလာကြတာ"

"ဟင် ဒါ ဒါဆို မင်္ဂလာမဆောင်ရသေးဘူးပေါ့"

"ဟင့်အင်း"

ပျိုးလေးတို့ ပြိုင်တူခေါင်းရမ်း၏။

ထိုအခါ ဒေါ်ကြီးက ဘာကိုတွေးမိသည်မသိပါဘူး။ ထိုသို



www.burmeseclassic.com

www.burmeseclassic.com



ထိတ်ပျာပျာဟန်နှင့် ပြော၏။

"ဟင်၊ မင်္ဂလာမဆောင်ရသေးဘဲနဲ့ အတူတူနေရင် နိုင်
တတ်တယ်ကွဲ့"

"ကျွန်တော်တို့လည်း အတူတူမနေပါဘူး"

"ဘာ"

အဒေါ်ကြီး ဘာသံနောက်မှာ ပျိုးလေးတို့နှစ်ယောက် မျက်
လေး ရှုံ့သွား၏။

"ဘာ အတူတူမနေပါဘူး။ ညည်းတို့ခိုးပြေးလာကြတာ သ
နှစ်ရက်ရှိနေပြီးလဲ။ ကျွတ် နေဦး။ မဖြစ်သေးဘူး။ ဒီရွာထဲမှာ ဒီလိုနေ
မရဘူး။ နတ်ကိုင်တတ်တယ်"

"ဘုရားရေ"

ပျိုးလေး ဘုရားတရင်း မောင့်ကို မော့ကြည့်၏။ မောင်
နားမလည်စွာ ခေါင်းလေးရမ်းရင်း ဒေါ်ကြီးကိုမေး၏။

"နတ်ကိုင်တယ်ဆိုတာ ဘာလဲ ဒေါ်ကြီး"

"အမယ်လေး၊ မောင်မင်းကြီးသား။ နတ်ကိုင်တယ်ဆို
ဘာမှန်းမသိဘူးတဲ့လား"

"မ မသိလို့ပါ ဒေါ်ကြီး"

"ဩော် ခေတ်ကာလသားသမီးများ နတ်ကိုင်တယ်ဆို
တောင် မသိကြပါလားနော်။ အင်း ပြောရရင် မကောင်းဖြစ်ဦးမယ်





ဆော်တော့ မပြောတော့ဘူး"

ဒေါ်ကြီးက ပြောရခက်နေဟန်နဲ့ စကားစကိုဖြတ်၏။ ပျိုးလေး
တို့နှစ်ယောက် ပိုပြီးနားမလည်ဖြစ်ရ၏။

ထိုအခါ –

ဒေါ်ကြီးက မျက်နှာလေး ဟိုလှည့်ဒီလှည့်ပြုရင်း –

"အင်း၊ မပြောလည်း ညည်းတို့ သိကြမှာမဟုတ်ဘူး။ ဒီရွာမှာ
လက်မထပ်ဘဲ အတူနေရင် ဘုရားလည်းမကြိုက်၊ နတ်လည်းမကြိုက်
ဘူး။ နတ်မကြိုက်တဲ့အမူလုပ်နေမှတော့ ညည်းတို့ ရှေ့ဆက်နိုက်ဖို့
ရှိတယ်"

"နိုက်တယ်ဆိုတာက"

"အန္တရာယ်ရှိတာကိုပြောတာ။ တကတည်းနော်။ ဘာမှ နား
လည်တဲ့ကလေးတွေ နေဦး။ ညည်းတို့ကို နတ်ပြမင်္ဂလာပွဲ လုပ်ပေးရ
မယ်။ မဟုတ်လို့ကတော့ ညည်းတို့တင်မက ရွာပါထိနိုက်မယ်။ ကဲ
လာ လာကြ"

ဒေါ်ကြီးက ပြောရင်းဆိုရင်း သူတို့နှစ်ယောက်ကို ခေါ်သွား၏။
အပင်အောက်မှာရှိနေနေတဲ့ ညှပ်ပြီးသားကင်ပွန်းခက်နုလေးတွေကို
တောင် ဒေါ်ကြီး သတိမရနိုင်တော့ပါ။

သူတို့လည်း ဒေါ်ကြီးနောက်ကလိုက်ခဲ့ရသည်။

ကင်ပွန်းခြံလွန်လျှင် ဒေါ်ကြီးနေတဲ့ ပျဉ်ထောင်အိမ်ကလေးသို



www.burmeseclassic.com

www.burmeseclassic.com



ရောက်၏။ ထိုပျဉ်ထောင်အိမ်လေးပေါ် ပျိုးတို့ကို ထိုင်စေပြီး –

"ကဲ ညည်းတို့ ခဏနားကြ"

"ဟုတ်ကဲ့ဒေါ်ကြီး၊ ဒေါ်ကြီးကရော"

"ဟဲ့၊ ငါက နားလို့မရသေးဘူး။ ညည်းတို့ကို နတ်ပြမက်လာ

လုပ်ပေးဖို့ ရွာကလူတွေစုသွားခေါ်လိုက်မယ်"

"ဘယ်လို ရွာကလူတွေကို ခေါ်ဦးမယ် ဟုတ်လားဒေါ်ကြီး"

"ဟုတ်တယ်၊ ညည်းတို့နားနေကြ။ ဘယ်မှ လျှောက်မသွား

ကြနဲ့။ ဒေါ်ကြီး မကြာဘူး၊ ပြန်ရောက်လာမယ်"

"ဟုတ်ကဲ့ ဒေါ်ကြီး"

ဒေါ်ကြီး ပြောဆိုထွက်သွားလျှင် ပျိုးနဲ့မောင့်တို့ ဘာကို

တိတိပပ နားမလည်စွာ ကျန်ရစ်ခဲ့သည်။

ဘာတဲ့။

နတ်ပြမင်္ဂလာပွဲတဲ့။

"အဆန်းပဲနော်၊ ပျိုးလေး"

"ဟုတ်သားပဲ မောင့်ရဲ့၊ ဘာပဲဖြစ်ဖြစ် ဒေါ်ကြီးပြောတဲ့အတိုင်း

ဒီရွာရဲ့ဓလေ့ကိုတော့ ပျိုးတို့ လိုက်နာရမယ်"

"ဟုတ်တယ်ပျိုးလေး၊ ဒီရွာရောက်လို့ ဒီရွာဓလေ့ကို မလိုက်

နာရင် ဒေါ်ကြီးပြောသလို အန္တရာယ်နဲ့ ကြုံနေမှဖြင့်"

"ဟုတ်တယ် မောင့်။ ပျိုးလည်း အဲဒါကို တွေးကြောက်နေ





...ယ်။ ပြီးတော့ မောင့်မာမီရဲ့သဘောထားက ကြောက်ဖို့ကောင်းတယ်။

...ခါ ဘယ်လောက်တောင် ပွက်လောရိုက်နေမလဲ။ ပြီးတော့ မေမေနဲ့

...ဖေ"

"ကဲပါ ပျိုးရယ် နောက်ကြောင်းတွေ မေ့ထားရအောင်"

ပျိုးလေး ခေါင်းညိတ်ရလေသည်။

မောင့်က ပျိုးလေးကို ရင်ခွင်ထဲပွေ့ထားရင်း –

"ဒီရွာလေးက မောင့်တို့ အချစ်ခရီးအတွက် အလုံခြုံဆုံးလို့

...ခံစားရတယ်။ ဒါ့ကြောင့် ဒေါ်ကြီး အစီအစဉ်အတိုင်း နတ်ပြ

...လာပွဲပြီးရင် အတူတူနေကြမယ်လေ"

"မောင့်နော်"

ပျိုးလေးက ရက်စိတ်နဲ့ မောင့်ရင်ခွင်ထဲမှ ရုန်း၏။ မောင့်က

...စိတ်နဲ့ တိုးဖက်လျှင် –

"မောင့်နော်၊ နတ်ရိုက်လိမ့်မယ်။ ဖယ်။ တော်ကြာ ဒေါ်ကြီးနဲ့

...ထဲကလူတွေ ရောက်လာလို့မြင်သွားရင်"

"မြင်သွားတော့လည်း ကောင်းတာပေါ့ ပျိုးရဲ့"

"ဟွန်း။ ဘာကောင်းတာလဲ"

ပျိုးလေးကပြောရင်း မောင့်ခါးကြောကို ဆွဲလိမ်လိုက်၏။

"အား ကျွတ်၊ တကယ်လုပ်တယ်ကွာ"

"လုပ်တယ်၊ ချစ်လို့လုပ်တယ်။ ဖယ် လွှတ်"



www.burmeseclassic.com

www.burmeseclassic.com



"အား ကျွတ် လွှတ်ပါပြီ မယ်မင်းကြီးမ အချစ်ကလေးရယ် လွှတ်ပါတော့"

မောင့်က ပျိုးလေးကို ရင်ခွင်ထဲဖက်ထားတာ ဖြေလွှတ် ပျိုးလေးလည်း မောင့်ခါးကြောဆွဲလိမ်ထားတာကို ဖြေလွှတ်လိုက်

ထို့နောက်မှာ –

နှစ်ဦးသား ကြည်ဖြူစွာ စိုက်ကြည့်၍ ရယ်မောကြတာ ချစ်စိတ်အပြည့်နဲ့ပါ။

"ဟင့် ဟင့် ဟင့်"

✿ ✿ ✿

## အခန်း (၄၁)

"ဘယ်လို၊ သမီးစံစံ။ သား သား သတင်းရပြီဟုတ်လား"

ဒေါ်ဘရဏီကမ္ဘာ ကျွန်တော်မဆည်နိုင်အောင်ဖြစ်ကာ ထိုင်နေရာမှ ဝုန်းခနဲထပြီး ဝမ်းသာအားရမေး၏။ စံစံက လက်ကိုင်ဖုန်းပွတ်နေရာမှ ဒေါ်ဘရဏီပြောသည်။ လက်ကလေးကို ဆုပ်ကိုင်ရင်း အားအပြည့်ဖြင့် ပြောသည်။

"ဟုတ်တယ် အန်တီ။ ဒီမှာ စံစံရဲ့ facebook ထဲက သူငယ်ချင်းတွေကို အကူအညီတောင်းပြီး ရှာခိုင်းလိုက်တာလေ"

"ဘယ်လို ဘယ်လိုရှာတာ"

"စံစံရဲ့ facebook ထဲမှာက နယ်စုံက သူငယ်ချင်းတွေရှိတယ် အန်တီရဲ့။ အဲဒီသူငယ်ချင်းတွေကို ကမ္ဘာနဲ့ဟိုမိန်းမဓာတ်ပုံတွေ



www.burmeseclassic.com

www.burmeseclassic.com



ဖို့ပြီး ရှာခိုင်းလိုက်တာ''

''ဘုရားရေ''

ဒေါ်ဘရဏီကမှာ အံ့ဩကာ စံစံ့ဘေး ဝင်ထိုင်လိုက်သည်။

''ဟုတ်တယ် အန်တီ၊ အခုက အိုင်တီခေတ်မဟုတ်လား။ ကလစ်လေးတစ်ချက်နှိပ်လိုက်ရုံနဲ့ ဘယ်နေရာဘာရှိတယ်၊ ဘာဖြစ်နေလဲဆိုတာ သိရတဲ့ခေတ်မျိုးလေ။ စံစံလည်း စံစံရဲ့ဖေ့ဘွတ်သူငယ်ချင်းတွေနဲ့ ချိတ်ဆက်ရင်း ကွန်ရက်ဖြန့်ပြီး ရှာခိုင်းလိုက်တာ''

''ဝမ်းသာလိုက်တာ စံစံရယ်။ အန်တို့သား သတင်းမရနိုင်သေးလို့ မီးတောက်နေတာလေ။ အခု သားသတင်းရပြီးဆိုတော့ အန်တီတို့ လိုက်သွားရအောင် စံစံ''

''လိုက်သွားရမှာပေါ့ အန်တီရဲ့''

''ကဲ အဲဒါဆို ထ၊ ခုချက်ချင်းသွားရအောင်။ ဟို မိန်းမနဲ့သားကို တစ်မိနစ် တစ်စက္ကန့်မှ ပိုပြီး ရှိမနေချင်ဘူး။ မြန်မြန်သွားရအောင် စံစံ''

''စိတ်ချပါ အန်တီရဲ့''

စံစံက ဒေါ်ဘရဏီ့လက်ဖဝါးလေးကို အားအပြည့်တိုင်ပြီး ပြော၏။

''စံစံလည်း အမြန်ဆုံးသွားဖို့ စီစဉ်ထားပါတယ်။ မောင်တို့ရှိတဲ့နေရာက နယ်မြို့က ရွာလေး။ ပြီးတော့ ရေကြီးတဲ့နေရာတွေဆိုတော့ လမ်းတွေက မကောင်းဘူးလေ။ ဒါကြောင့် လမ်းမှာ မကြန့်ကြာရအောင် ကားကောင်းကောင်းနဲ့မှ ဖြစ်မယ်။ ဒါကြောင့် လမ်းကြမ်းမောင်းနိုင်တဲ့ ကားကောင်းကောင်းနဲ့ သွားဖို့ ထွန်းထွန်းတို့ကို စီစဉ်ခိုင်းရမှာ အန်တီ''

''ကျေးဇူးပဲသမီးရယ်။ ကျေးဇူးပဲကွယ်။ သမီးကို ဘယ်လို ကျေးဇူးတင်ရမှန်းတောင်မသိတော့ဘူး။ တကယ်ရယ်။ သမီးက အန်တို့ သာ၊ အန်တို့နှလုံးသား၊ အန်တို့သမီးရင်းပါကွယ်''

''အန်တို့ကိုလည်း စံစံချစ်ပါတယ်။ ဒါကြောင့် အန်တီစိတ်ချမ်းသာအောင် ကူညီပေးတာပေါ့''

''ကျေးဇူးကမ္ဘာပဲ သမီးရဲ့။ ဟင့် ဟင့် ဟင့်။ သားကို ပြန်တွေ့တာနဲ့ ပြန်ခေါ်လာမယ်။ ချက်ချင်းပဲ သမီးနဲ့မင်္ဂလာဆောင်ပေးမှာလေ။ အဲဒီအတွက် အန်တို့မိတ်ဆွေကိုခေါ်ပြီး ကြိုတင်စီစဉ်ခိုင်းလိုက်မယ်''

''ဟီး ကောင်းတာပေါ့ အန်တီရဲ့''

စံစံ ဟန်မဆောင်နိုင်တော့ပါ။ အားရဝမ်းသာနဲ့ ဒေါ်ဘရဏီအမွှာကို ဖက်တွေးထား၏။ ဒေါ်ဘရဏီကလည်း စံစံလေးကို မြတ်နိုးဆနိုင်စွာ ဖက်ထားရင်း။

''သမီးလည်း ခရီးစဉ်ဖြစ်အောင် ထွန်းထွန်းတို့နဲ့တိုင်ပင်ပြီး အမြန်လုပ်။ အန်တီလည်း အန်တို့မိတ်ဆွေကိုခေါ်ပြီး မင်္ဂလာပွဲအတွက် ကြိုတင်စီစဉ်ထားဖို့ အသေးစိတ်မှာလိုက်မယ်။ ပြီးရင် သားဆီလိုက်သွားမယ်''





မိန်းကလေးစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"အိုကေ အန်တီ"

စံစံက လက်ဖျစ်ကလေးတီးရင်းပြောကာ အန်တီ့ကိုဖက်ထားရာမှ ဖြေလွှတ်၏။

ဒေါ်ဘရဏီလည်း ဖြေလွှတ်ကာ။

နှစ်ယောက်သား ဖုန်းကိုင်ရင်း အလုပ်များသွား၏။

စံစံက သူမရဲ့ဖေ့ဘွတ်သူငယ်ချင်းတွေနဲ့ ခရီးစဉ်အတွက် ချိတ်ဆက်ဆောင်ရွက်၏။ ဒါ့ပြင် ထွန်းထွန်းတို့ကို ညွှန်ကြားနေသည်။

ဒေါ်ဘရဏီက သူမရဲ့မိတ်ဆွေ ဝါရင့်သဘာရင့် မင်္ဂလာပွဲဖြစ်မြောက်ရေးအကျိုးတော်ဆောင် ဒေါ်မေရီရီကို ပျော်ရွှင်စိတ်ဖြင့် ဆက်သွယ်ရလေပြီ။

✿ ✿ ✿

## အခန်း (၄၂)

"ဘယ်လို ဘရဏီ၊ ယူသားမင်္ဂလာပွဲအတွက်"

"ဟုတ်တယ်အေ့၊ ဟုတ်တယ်။ ဘရဏီ တစ်ခါကပြောထားတဲ့အတိုင်း အကြီးကျယ်ဆုံး အခမ်းနားဆုံးဖြစ်အောင်လေ"

"ဟုတ်မှလည်းလုပ်ပါ ဘရဏီရယ်၊ တော်ကြာ ကိုယ့်အရှက်ကိုယ်ခွဲသလို ဖြစ်နေပါဦးမယ်"

"ဘာပြောတယ်"

ဒေါ်ဘရဏီကမှာ ဒေါသအမျက်ချောင်းချောင်း ထွက်ပြီးမေး၏။ ဒေါ်မေရီရီက လက်ကိုင်ဖုန်းကို နားမှတစ်ချက်ခွာ၍ မျက်စောင်းနဲ့ကြည့်ပြီး အနားကပ်၍ ပြန်ပြော၏။

"မေရီပြောတာက ဘရဏီ့သားက ဟိုကောင်မလေးကို ခိုး



www.burmeseclassic.com

www.burmeseclassic.com



ပြေးသွားတာ ခုချိန်ထိ ယူသွားကို ပြန်ခေါ်လို့မရသေးဘူး မဟုတ်လား"

"အေး အဲဒီစကား အဲဒီမှာရပ်လိုက် မေရီ။ ကျုပ်သား[illegible] ကျုပ်ကိုယ်တိုင် သွားခေါ်ခဲ့မယ်။ ဒါကြောင့် မင်္ဂလာပွဲ အစစအရာရာ အဆင်သင့်ပြင်ဆင်ထားဖို့ပြောတာ"

"အဲဒါဆိုလည်း ပြီးရောလေ။ ယူလုပ်ချင်တဲ့ အခမ်းအနား မျိုးက သူများတွေ လန့်ချီပြီး အချိန်ယူပြင်ဆင်ရတာ"

"ဟေ့၊ ပိုက်ဆံဘယ်လောက်ကုန်ကုန် ဘရဏီပြောတဲ့အတိုင်း အမြန်ဆုံးပြင်ဆင်"

"အေးပါ၊ အဲဒီအတွက် ငွေ"

"ငွေအကြောင်းမပြောနဲ့။ ခုချက်ချင်း ငါ့ဆီယူခဲ့။ ညည်း[illegible] ငွေအထုပ်လိုက် ပစ်ပေးခဲ့မယ်"

ဒေါ်မေရီရီ စကားမဆုံးခင် ဒေါ်ဘရဏီကမ္ဘာ ဝိတ်ပြောလိုက်၏။ ထိုအခါ ဒေါ်မေရီရီ ခေါင်းတဆတ်ဆတ်ညိတ်ပြီး –

"အဲဒါဆိုလည်း ပြီးရောလေ။ ခုချက်ချင်း လာခဲ့မယ်။ [illegible] တစ်ခုတော့ရှိတယ် ဘရဏီ"

"ဘာလဲ မြန်မြန်ပြော"

"ဟိုကောင်မလေး ပြဿနာရှာရင် ယူစီစဉ်တဲ့မင်္ဂလာပွဲက ယူ အရှက်ခွဲခံရတဲ့ပွဲ ဖြစ်နေလိမ့်မယ်နော်"

"တောက် မေရီ။ ညည်းပါးစပ်ပိတ်။ ဖုန်းချပြီး ငွေထုပ်မြန်မြန်





လာယူ။ ဘာဘာညာညာမပြောနဲ့။ ဘယ်ဟာမမှ ဘရဏီကို လှစ်လို့မရ ဘူး နားလည်လား။ တောက် ဒါပဲ"

ဒေါ်ဘရဏီပြောဆိုရင်း ဖုန်းချပစ်လိုက်သည်။ တစ်ဆက် တည်းလည်း မီးခံသေတ္တာထဲက ငွေထုပ်ကိုဆွဲထုတ်ပြီး စားပွဲပေါ် ခ်တင်လိုက်သည်။

ဟိုမိန်းမပြဿနာရှာရင်တဲ့။

"ဟား ဟား ဟား"

လက်ခုပ်လက်ဝါးတီးပြီး အော်ရယ်လိုက်ချင်တယ်။

ငါ့သားကို ဖြားယောင်းပြီး ဆွဲဆောင်ပေါင်းသင်းနေတဲ့ဟာမ။ ငါ့နောက်ကွယ်မှာမို့ ညည်းပိုင်နေတာ။

ငါ့ကိုမြင်ရင် ငါ့သား ငါ့ရင်ခွင်ထဲ ပြေးဝင်လာမှာ။

ပြေးဝင်လာအောင်လည်း ဒေါ်ဘရဏီကမ္ဘာ ရင်ထဲကြိတ်ပြီး စီစဉ်ပြီးသား။

သားကိုမြင်တာနဲ့ သားလို့ အော်ခေါ်ပြီး ပြေးဖက်ပြလိုက်မည်။ ထို့နောက် သတိလစ်ချင်ဟန်ဆောင်ပြီး လဲချပြီး တက်ပြလိုက်ရင် ဒီသား ခံနိုင်ရည်ရှိမတဲ့လား။

မအေကို ပွေ့ပိုက်ငိုယိုပြီး တောင်းပန်နေမှာလေ။

ဒါတင်မက စံစံက ဆေးရုံခေါ်သွားမယ်ဆိုတဲ့အကြောင်းပြ ချက်နဲ့ သူမကို ကားပေါ်တင်လျှင် ဒီသားက အဲဒီဟာမကို သတိတောင်



www.burmeseclassic.com

www.burmeseclassic.com



ရတော့မှာ မဟုတ်ဘူး။

သတိလစ်ပြီး အသက်ငင်နေအောင် သွေးတက်နေတဲ့ မိန်း နောက် ငေါက်ခနဲ့ပါလာမှာ။ မိခင်နောက်ပါလာပြီးဆိုမှတော့ သူမ ကြိုတင်စီစဉ်ထားတဲ့မင်္ဂလာပွဲထဲ သားတော်ကို ဆွဲသွင်းလိုက်ရုံပေါ့။

အဲဒီတော့ ဒင်း ဘာလုပ်နိုင်မှာလဲ၊ ပျိုးကလေး။

ပါးစပ်ပေါက်လေး ဟပြီး ကျန်ရစ်ဖြစ်ရုံပဲလေ။

ဟင့်။ သူမအစီအစဉ်အတိုင်း သူမ ကြံ့ရွှ တွေးမြင်မိရင် ဒေါ်ဘရဏီကမ္ဘာ အော်ရယ်လိုက်မိသည်။

"ဟား ဟား ဟား"

✿ ✿ ✿

## အခန်း (၅၃)

"ဟဲ့၊ ဟိုကလေးနှစ်ယောက် ဘယ်မှာလဲ"

"ရှိပါတယ် ဒေါ်ကြီး"

ပျိုးလေးက ကမန်းကတန်းထူးရင်း မောင့်ကို သူမအပါးမှ တွန်းဖယ်လိုက်၏။

"ဖယ်စမ်းပါ။ ဟိုမှာ ခေါ်နေပြီ။ အဲဒါကြောင့် ပြောတာ။ အနားကပ်မနေနဲ့လို့။ ဒေါ်ကြီးရေ ဒီမှာရှိတယ်"

ပျိုးလေး မောင့်ကို တွန်းဖယ်ရင်း အိမ်ရှေ့ဘက် ထွက်ခဲ့သည်။ ဒေါ်ကြီးနောက်က ရွာထဲကလူတွေအများကြီး ပါလာကြသည်။

"ဒေါ်ကြီးက ညည်းတို့ကို လှမ်းမမြင်လို့ စိတ်ပူသွားတာ။ ဘယ်ကိုထွက်သွားပြီးလဲ ဆိုပါတော့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှထွက်မသွားပါဘူး ဒေါ်ကြီးရဲ့"

"အေး ကျေးဇူးပဲကွယ်။ ဒီမှာ ရွာကလူတွေပါလာပြီး [illegible] လာကြ။ ကလေးတွေရှိနေတယ်အေ့"

ထိုလူတွေကို အားရဝမ်းသာ ဒေါ်ကြီးခေါ်ရင်း အိမ်လေး[illegible] တက်၏။ မောင့်နဲ့ပျိုးလေး တစ်ယောက်ကိုတစ်ယောက်ကြည့်[illegible] ပျော်ရွှင်စွာ ပခုံးတွန်းလိုက်ကြသည်။

ရွာသားတွေက အရွယ်စုံရယ်။

အပျို လူပျိုတွေလည်း အများသား။ သက်ကြီးရွယ်[illegible] အမယ်ကြီးတွေလည်းပါ၏။

"ဒီမှာ လူလေးတို့နဲ့ မိတ်ဆက်ပေးရဦးမယ်။ ဒီမှာဒေါ်ကြီး[illegible] ရွာမိတ်ဆွေတွေ။ ဒေါ်ကြီးက ရွာနတ်ခေါင်းကိုင်လူကြီးလေ။ ဒီ[illegible] အပျို လူပျိုခေါင်းနဲ့အဖွဲ့တွေ"

ဒေါ်ကြီးက ပျိုးလေးတို့ကို ရွာကလူကြီးတွေနဲ့ မိတ်ဆက်ပေး[illegible]

"ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ်"

"တို့တွေလည်း ဝမ်းသာတယ် ဟယ်"

"ကဲ ကဲ နတ်ပြမင်္ဂလာပွဲအတွက် ပြင်ဆင်ကြရအောင်"

ဒေါ်ကြီး ဦးဆောင်ပြောလျှင် ရွာနတ်ခေါင်းကိုင်မကြီး[illegible] လူကြီးများက နတ်ကန်တော့ပွဲအတွက် ပြင်ဆင်ကြ၏။

နတ်ကန်တော့ပွဲအတွက် လိုအပ်တဲ့ ကောက်ညှင်းကို [illegible]





[illegible] ပေါင်း၏။ အနီးသီးခူးသူခူး၊ နှမ်းလှော်သူ လှော်နှင့် အလုပ်များ [illegible]သည်။

ပျိုးလေးနဲ့မောင့်ကို ဒေါ်ကြီးက ဆွဲခေါ်သည်။

"လာ လာကြ လူလေးတို့"

"ဘာလုပ်ဖို့လဲ ဒေါ်ကြီး"

"ရေချိုးပေးမလို့"

"ဘုရားရေ"

"ဘုရားတမနေနဲ့ ကလေးမရယ်။ နတ်ပြမင်္ဂလာဆိုတာ သန့် သန့်ရှင်းရှင်းနဲ့ လှလှပပပြင်ဆင်မှ လုပ်လို့ရတာအေ့။ ကဲ မြန်မြန် ရေချိုးပေးကြ။ သားအောင်တို့ မိခွန်းသစ်တို့"

ဒေါ်ကြီး ပြောဆိုရှင်းပြရင်း အပျို လူပျို ခေါင်းဆောင်တဲ့ အုပ်စုထဲ ပျိုးတို့ကို ထည့်လေသည်။

"လာ လာ ညီမလေး"

"လာကွ ညီလေး"

ကိုသာအောင်တို့ လူပျိုအုပ်စုက မောင့်ကို ဆွဲခေါ်သွားသလို မိခွန်းသစ်တို့ အပျိုအုပ်စုက ပျိုးလေးကို ဆွဲခေါ်သွား၏။

ပျိုးနဲ့မောင့်လည်း ဘာမှ စောဒကတက်မနေတော့ပါ။ မထင် မှတ်ဘဲ ကြုံတွေ့ခံစားရမယ့် နတ်ပြမင်္ဂလာပွဲကို ပျိုးလေးတို့နှစ်ယောက် စိတ်ဝင်စားနေမင့်သည် မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ဒ့ါပြင် မင်္ဂလာပွဲဆိုတဲ့အသိနဲ့လည်း ရင်တွေခုန်ကာ။

ထန်းရွက်ကာထားတဲ့ တစ်ဖက်တစ်ချက်ဆီမှာ မောင့်ရဲ့ လူပျိုအုပ်စုက ရေချိုးပေးသလို ပျိုးလေးကိုလည်း အပျိုခေါင်း မိခွန်း သစ်က ဦးဆောင်ချိုးပေး၏။

ထိုအခါ

နတ်ဆိုင်းဆရာတို့က ရေချိုးမင်္ဂလာဆိုင်းတီးပေးလျှင် ရေချိုး က မြိုင်ဆိုင်သွားလေသည်။

ပျိုးလေးတို့ကို ရေချိုးပေးပြီးတော့ အလှပြင်ပေးကြပြန်သည်။

အပျိုခေါင်း မိခွန်းသစ်က ရွာကသတို့သမီးတိုင်းကို ပြင်ပေး နေကျမို့ ပျိုးလေးမျက်နှာလေးကို လှလှလေး ခြယ်သပေး၏။

မျက်တောင်ညိုညို့နဲ့ မျက်ခုံးညိုညိုလေး ထင်းခနဲပေါ်အောင် ပါးပြင်နှစ်ဖက်ကို ပန်းနုရောင်နုနုလေး ခြယ်သပေး၏။

မျက်ဝန်းကိုလည်း အိုင်းရှဲဒိုးခြယ်ပေးတာမို့ မျက်ဝန်းအိမ်လေး မှာ နက်မှောင်တောက်ပနေသည်။ နှုတ်ခမ်းနှစ်လွှာကို ပျိုးလေး ဝတ်မယ့် ရွှေဝါရောင်ပိုးဝတ်စုံနဲ့ လိုက်ဖက်အောင် ခြယ်၏။

ဆံထုံးမြင့်မြင့်လေးထုံးပြီး ပင့်ကူပန်းတွေ ဝေနေအောင် ထိုး ပေး၏။

ထိုအခါ –

ပျိုးလေးက ရွှေဝါရောင်မင်းသမီးလေးနှယ် လှသွေးကြွ





သွား၏။ ဒ့ါပြင် မိတ်ကပ်ခြယ်ထားတဲ့ မျက်နှာမေးဖျားဆီမှ အရွတ် ကလေးက ထင်ထင်ရှားရှား ပေါ်လွင်နေတာမို့ –

"ဒီအရွတ်လေးက ပျိုးလေးကို ပိုပြီးလှစေသလားပဲနော့"

"ဟုတ်ပ့ါ"

"ဒီအရွတ်လေး ဘာဖြစ်လို့ဖြစ်လာတာလဲ"

အပျိုချောအုပ်စုက ပျိုးလေးမေးဖျားမှ အရွတ်ကလေးရတဲ့ ဖြစ်စဉ်ကို စပ်စုကြလေသည်။

"ဒီအရွတ်လေးကြောင့် မောင့်နဲ့ပြန်ဆုံရတာပေ့ါ"

"ဘယ်လိုဆုံတာလဲ ပြောပါဦးဟ"

မိတင်တင်က သိချင်စိတ်ကလေးဖြင့်မေး၏။

ပျိုးလေးက မေးဖျားမှ ဒဏ်ရာအရွတ်လေးကို စမ်း၍ မောင့်နဲ့ ဆုံရတဲ့ဖြစ်စဉ်ကို ကြည်နူးစွာ ပြောပြလိုက်သည်။

"ဒီအရွတ်လေးက မောင့်မာမီ တွန်းပစ်လို့ မေးကွဲပြီးရတဲ့ ဒဏ်ရာပေ့ါ။ ဒီအရွတ်လေးရပြီးတော့ မောင့်နဲ့ကွဲကွာရတယ်။ ဒီအရွတ် လေးကိုမှတ်မိနေတဲ့မောင့်နဲ့ တစ်ဖန် ပြန်ဆုံရတယ်။ ဒီအရွတ်လေး ကြောင့် ချစ်စိတ်တွေဖြစ်ပြီး မောင့်ခေါ်ရာနောက် ပျိုးလေး လိုက်ခဲ့မိ တယ်။ ဒီအရွတ်လေးကြောင့်ပဲ မောင့်နဲ့ပျိုးတို့ တကယ်ပေါင်းရတော့ မယ်ဟ"

"ဒါဆိုရင် ဒီအရွတ်လေးက ရှင်တို့ရဲ့အချစ်သင်္ကေတပေ့ါ"



www.burmeseclassic.com

www.burmeseclassic.com



အပျိုချောဝင်းမာက လှတ်ခနဲပြောလျှင် ပျိုးလေး ကြည်နူး ခေါင်းညိတ်မိသွားသည်။

"ဟုတ်တယ်၊ ပျိုးလေးတို့ရဲ့ နှလုံးသားသဂေါ်တ"

"ဟေ့ မိခွန်းသစ်။ ငါတို့သတို့သား ပြင်ဆင်ပြီးပြီ။ နင်တို့ သတို့သမီးပြီးပြီလား"

လူပျိုခေါင်း ကိုသာအောင်အော်မေးလျှင် မိခွန်းသစ်ကလည်း ပြန်ပြော၏။

"ပြီးပြီးတော်ရေ့၊ ပြီးပြီ"

"ပြီးရင် ခေါ်ထုတ်ခဲ့တော့"

"အေးပါဟ၊ လာ ပျိုးလေး"

မိခွန်းသစ်တဲ့ အပျိုတော်တစ်စုက ပျိုးလေးကို အခန်းပြင် ခေါ်ထုတ်ခဲ့၏။ အခန်းအပြင်ဘက်မှာ မောင့်ကလည်း ရွှေဖလားရောင် ပိုးဝတ်စုံနဲ့ တောက်ပနေသည်။

ထိုအခါ –

ပျိုးလေးနဲ့ မောင့် တစ်ယောက်ကိုတစ်ယောက်ကြည့်ရင်း ရင်အခုန်မြန်သွား၏။

နှစ်ယောက်သား အပြေးကလေး လက်ကလေးပြေးဆွဲကြ လျှင် –

"ဟဲ့ ဟဲ့ နေဦး"





ဒေါ်ကြီးက အလောတကြီးရောက်ပြီး ဟန့်၏။ ပျိုးတို့နှစ် ယောက် လက်ဖျားတွေကို ဒေါ်ကြီး ဦးစွာဆွဲယူသည်။ ထိုအခါ အပျို လူပျိုအုပ်စုက ရယ်မောကြ၏။

ထိုအခါ မောင့်က ရှက်ရယ်ရယ်ရင်း မေး၏။

"ဘာဖြစ်လို့လဲ ဒေါ်ကြီး"

"နတ်ပြပြီးမှ လက်တွဲရမှာလေ။ တကတည်း ဘာမှန်းမသိတဲ့ ကလေးတွေ။ သာအောင်တို့ မိခွန်းသစ်တို့ကလည်း ဘာမှမပြောကြ ဘူး"

"ကျွန်တော်တို့လည်း ပြောချိန်မရလိုက်ဘူး"

"တော် တော်၊ လာကြ၊ ကန်တော့ပွဲတွေ ဘာတွေ အဆင် သင့် ဖြစ်နေပြီး ဟဲ့"

ဒေါ်ကြီးက ပြောဆိုရင်း မောင့်နဲ့ပျိုးလေးကို တစ်ဖက်တစ် ချက်စီ ဆွဲခေါ်သွား၏။

အပျိုလူပျိုအုပ်စုလည်း သူမတို့၏နောက်မှ ခြံပြီး လိုက်ပါလာ ကြသည်က ပျော်စရာရယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၄)

''ဂျိမ်း ဂျိမ်း ဂျိမ်း''

နတ်ဆိုင်းသံက မြိုင်နေသည်။

အုန်းသီး ငှက်ပျောသီးတို့နှင့် ပြုလုပ်ထားတဲ့ ကန်တော့ပွဲက ခမ်းနားနေသည်။

အထူးသဖြင့် –

အငွေ့တထောင်းထောင်းထနေတဲ့ ကောက်ညှင်းပေါင်းနဲ့ နှင်းထောင်းနဲ့ အုန်းသီးနဲ့ သင့်အိမ်မွှေးပျံ့နေသည့် နတ်စာကန်တော့ပွဲကြီးက အကောင်းဆုံးရယ်။

နတ်ဆရာ ဒေါ်မကြီးက ရင်မှာ အနီရောင်ရင်စီးပဝါ စည်းနှောင်ထား၏။





အဖြူရောင်ပေါ် ရောင်စုံဘော်ကြယ်တွေ ကပ်ထားတဲ့ နတ်ဝတ်စုံဝတ်ကာ ဟန်တကြွကြွနှင့်။

ဒါ့ပြင် –

နတ်ဆိုင်းနဲ့အတူ ကိုယ်ကိုယ်ယိမ်း၍ ဒေါ်မကြီးက နတ်ယိမ်းကလေသည်။

ထို့နောက်မှာ နတ်စင်ရှေ့ အစဉ်လိုက်သွားကြရသည်။

ရှေ့ဆုံးမှ ရွာပိုင်နတ်ကို ပြသမည့် ကောက်ညှင်းပေါင်းကန်တော့ပွဲဗန်းပင့်သူ။ ထို့နောက်မှ အုန်း ငှက်ပျောကန်တော့ပွဲပင့်သူ။ ထို့နောက်မှ ပျိုးလေးနဲ့မောင့်ကို ဒေါ်ကြီးက အလယ်မှနေပြီး ခေါ်ဆောင်သွားသည်။

ထို့နောက်မှ နတ်ပြုလာလူကြီးများနှင့် အပျိုအဖွဲ့ လူပျိုအဖွဲ့။ ထိုသို့စီတန်းပြီး နတ်ဆိုင်းမြိုင်မြိုင်ဖြင့် ရွာပြင်က နတ်ကွန်းဆီ သွားကြ၏။

သက်ရင့်သစ်ပင်ကြီးအောက်က နတ်စင်က အင်္ဂတေမံပြီး အကျအန ဆောက်ထားသည်။

နတ်စင်မှ ပန်းတွေဝေနေသလို နတ်စင်ရဲ့ရှေ့မှာ ကန်တော့ပွဲတင်သည့် အုတ်နဲ့လုပ်ထားတဲ့ စင်မြင့်လေးရှိသည်။

ထိုစင်မြင့်ပေါ်မှာ ကန်တော့ပွဲချ၏။

ကန်တော့ပွဲချပြီးသည်နှင့် နတ်ဆရာမှ ဆိုင်းချက်နဲ့အညီ နတ်စင်ကို ဦးတိုက်ကန်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မကြီးကန်တော့ပြီးတာနဲ့ ဒေါ်မကြီးက နတ်အပ်လက်
ရွတ်၏။

"ကျိုးစုရွာလေးကို စိုးပိုင်တော်မူသော ရွာပိုင်နတ်မင်း။ အသင်
နတ်မင်းရှေ့မှောက်သို့ ကျွန်တော်မျိုးမရဲ့သားတော် သမီးတော်တို့ကို
လာရောက်ပြသ အပ်နှံခြင်းဖြင့် ဆက်သတော်မူပါသည်။ အသင်နတ်
မင်း ရှုစားပြီး ကောင်းချီးပေးတော်မူပါ"

ထိုသို့ရွတ်ဆိုပြီး ပျိုးလေးနဲ့မောင့်ကို နတ်စင်ကန်တော့ပွဲရှေ့သို့
ပို့ပြီး လက်အုပ်ချီစေသည်။

ပျိုးနဲ့မောင့်လည်း တစ်ယောက်ကိုတစ်ယောက် ကြည်နူးစွာ
ကြည့်၍ နတ်စင်ရှေ့ မျက်နှာလေးမော့ကြ၏။

"ဂျိမ်း ဂျိမ်း ဂျိမ်း"

နတ်ဆိုင်းသံကြီးမြိုင်သွားပြန်သည်။ နတ်ဆိုင်းတီးသူများက
ဟန်ချက်ညီ၏။

တစ်ခါတစ်ရံ မြိုင်၏။

တစ်ခါတစ်ရံ ညှင်းသွဲ့သွဲ့သာယာနေသည်။

တစ်ခါတစ်ရံ စိတ်ထဲမှာ လှုပ်လှုပ်ကြွကြွနှင့် မြူးသွားစေ
သည်။

အထူးသဖြင့် –

"ကျွန်တော်မျိုးမရဲ့သားတော် သမီးတော်ကို ရှုစားတော်မူပြီး





လျှင် ကန်တော့ခံတော်မူပါ အသင်ရွာပိုင်နတ်မင်း"

နတ်ဆရာမပြောတဲ့နောက်မှာ ဆိုင်းသံမြူးသွားပြီး ပျိုးတို့
နှစ်ယောက် နတ်စင်ကိုဦးချခိုင်း၏။

ပျိုးလည်း နတ်ဆရာမ စီစဉ်တဲ့ ဦးသုံးကြိမ်ချကာ။

ဦးချပြီးမှ နတ်ဆရာမက ပျိုးလေးနဲ့ မောင့် လက်တစ်ဖက်စီ
ယူ၍ ထပ်၏။

ပျိုး လက်ဖဝါးပေါ်မှ မောင့်လက်ကိုထပ်ကာ နတ်စင်ရှေ့သို့
နတ်ဆရာမက ပြ၏။

ထိုအခါ –

လေဟုန်တိုးသံကြီး ညံသွား၏။

သစ်ရွက်တွေ လှုပ်ရမ်းကာ သစ်ကိုင်းချင်းပွတ်တိုက်သံတွေ
ရှုန်းထွက်၏။ ဟိုအဝေးဆီမှ တဟူးဟူးနဲ့ပြေးလာသည့် လေဟုန်ကြီး
လွင့်မျောလာတဲ့အသံလည်း ကြားရလေသည်။

ထိုအခါ –

မောင့်နဲ့ပျိုးလေး ကြက်သီးဖြန်းခနဲထ၏။

"ဘုရားရေ"

ပျိုးလေး လန့်ဖြန့်စိတ်လေးဖြင့် ရေရွတ်လျှင် နတ်ဆရာမက–

"အဲဒါ ရွာပိုင်နတ်မင်းက အသိအမှတ်ပြုတဲ့သင်္ကေတပဲ သမီး
တော်ရဲ့။ မကြောက်ပါနဲ့။ သားတော် သမီးတော်တို့ကို ရွာပိုင်နတ်မင်း



www.burmeseclassic.com

www.burmeseclassic.com



လက်ခံလိုက်ပြီ။ သားတော်နဲ့သမီးတော်ရဲ့ဘဝရေ့ရေး ဘာအနှောင့်အယှက်၊ ဘာအန္တရာယ်မှ မဖြစ်စေရဘူး။ ဒီရွာလေးမှာ အတူတကွ ပေါင်းသင်းနေထိုင်ခွင့်ပြုလိုက်တဲ့ နမိတ်ကောင်းပဲ။ ကဲ ကဲ သားတော်နဲ့ သမီးတော် လက်ချင်းတွဲလျက်နဲ့ လိုရာဆုတောင်းကြ"

လိုရာဆုတောင်းပါတဲ့။

နတ်ဆရာမပြောတော့လည်း ပျိုးလေးနဲ့မောင် ပြိုင်တူဆုတောင်းမိသည်က။

"ပျိုးလေးနဲ့မောင်တို့ရဲ့ ချစ်ခြင်းဖြင့် မခွဲမခွာ နေခွင့်ရပါစေ"

ပျိုးလေးတို့ ပြိုင်တူဆုတောင်းပြီးလျှင် နတ်ဆိုင်းမြူးမြူးညည်း လွှမ်းမိုးသွား၏။

ထို့နောက် နတ်ဆရာမက နတ်ကိုပသထားတဲ့ ကောက်ညှင်းပေါင်းကန်တော့ပွဲကို ပင့်မယူ၏။

ကောက်ညှင်းနှမ်းထောင်းနဲ့ အုန်းသီးကို ရောနယ်၍ နတ်… ဦးဦးဖျားဖျား တစ်ဆုပ်တင်၏။

ပြီးနောက် -

နတ်ပြမင်္ဂလာ လာသူများကို တစ်ယောက်တစ်ဆုပ်စီ ဝေ… ၏။

နတ်ဆရာမကမ်းပေးတဲ့ ကောက်ညှင်းထုပ်ကို ပျိုးနဲ့မောင် လည်း တစ်ယောက်တစ်ဝက် စားရသည်။





ကောက်ညှင်းအရသာက နူးညံ့ပြီး နှမ်းထောင်းနံ့လေး သင်းနေတာမို့ လျှာဖျားမှာ စွဲနေတော့သည်။

ထိုကောက်ညှင်းဆုပ်တစ်ဝက်စီစားပြီး နတ်စင်ကို ဦးပြန်ချ…ဘာ အစီစဉ်အတိုင်း နတ်စင်မှ ပြန်ခဲ့ကြသည်က ရင်ခုန်ပျော်မြူးစရာ ရယ်။

"ကဲ ညည်းတို့ကို နတ်ပြမင်္ဂလာပွဲ လုပ်ပေးပြီးဆိုတော့ ညည်းတို့ လက်မှတ်ထိုးရမယ်။ မနက်ဖြန်ကျရင် ရွာဦးကျောင်းမှာ မင်္ဂလာဆွမ်းကပ်ဖို့ ဒေါ်ကြီးအားလုံးစီစဉ်ပြီးပြီ"

"ကျေးဇူးတင်ပါတယ် ဒေါ်ကြီးရယ်"

"မလိုပါဘူးအေ။ ညည်းတို့ကို ခုလိုလုပ်ပေးခွင့်ရတာပဲ ဒေါ်ကြီးအတွက် ကံကောင်းခြင်းလက်ဆောင် တစ်မျိုးပဲကွဲ့"

"ဘာဖြစ်လို့"

"သြော် ဒီလို နတ်ပြမင်္ဂလာပွဲလုပ်ခွင့်ရဖို့က သားသမီး ရှိမှလေ။ ဒေါ်ကြီးသားသမီးနှစ်ယောက်က ဒေါ်ကြီးယောကျ်ားဆုံးပြီး …ကြဘူး အရွယ်မရောက်ခင် ဆုံးရတော့ ဒီလိုပွဲမျိုးကို ဒေါ်ကြီး လုပ်ပေးခွင့်မရခဲ့ဘူး။ ခုလို သားနဲ့သမီး ရောက်လာတော့ ဒေါ်ကြီးက သားသမီးရင်းနှယ် သဘောထားပြီး လုပ်ပေးခွင့်ရတာလေ။ ဒါကြောင့် ဒေါ်ကြီး ကံကောင်းခြင်း လက်ဆောင်ရတယ်လို့ ပြောတာပေါ့"

ဒေါ်အေးစိန်ပြောလျှင် ပျိုးလေးနဲ့မောင် ဒေါ်ကြီးကို ယ…



www.burmeseclassic.com

ကထက် ပိုပြီးချစ်မြတ်နိုးရသည်။

ထို့ကြောင့်

ဒေါ်ကြီးကို မိခင်ရင်းနှယ် ဦးသုံးကြိမ်ချမိ၏။

"သားနဲ့သမီး သက်ဆုံးတိုင် ပေါင်းရပါစေကွယ်"

ဒေါ်ကြီးက ဝမ်းသာမျက်ရည်တို့ဖြင့် လှိုက်လှိုက်လှဲလှဲ ဆုတောင်း၏။

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ ဒေါ်ကြီးရယ်"

ပျိုးလေးတို့လည်း မြတ်မြတ်နိုးနိုး ထိုဆုကို တောင်းယူမိသည်။

သို့သော် –

ထိုဆုနှင့် ဆန့်ကျင်တဲ့ ကြမ္မာဆိုးတစ်ခု ပျိုးလေးတို့ ချစ်သူ မှာ ရှိနှင့်နေလိမ့်မယ်လို့ လုံးဝ လုံးဝ ထင်မှတ်မထားပါ။

✿ ✿ ✿

## အခန်း (၄၅)

"အန်တီရေ အန်တီသန်း"

"လာပြီ သားရေ"

ဒေါ်သန်းသန်းက ထူးလည်းထူးရင်း ကမန်းကတန်း အိမ်ကလေးပေါ်က ဆင်းလာသည်။

"ရကန်နဲ့ သမီးဖေဖေက သွားကြပြီး ကိုထူးရဲ့"

"ကျွန်တော်သိပါတယ်။ ဖေဖေနဲ့မေမေလည်း ရကန်တို့နဲ့ အတူ ပါသွားပြီ"

"ဟင် ကိုထူးဖေဖေနဲ့ မေမေပါ"

"ဟုတ်တယ်အန်တီသန်း။ မေမေလည်း ပျိုးလေးအတွက် အရမ်းစိတ်ပူနေတာလေ။ ပြီးတော့ ဒေါ်ဘရဏီတို့ဦးသွားမှာလည်း



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်နေတာယ်။ ဒါကြောင့် ရှေ့က ကြိုသွားနှင့်တာ”

“ကျေးဇူးပဲသားရယ်၊ တကယ်ပါ”

ဒေါ်သန်းသန်း ဝမ်းနည်းဝမ်းသာဖြစ်ရလေသည်။ တကယ်ပါ ဘယ်သားရှင်က အဲသလောက် သဘောထားကြီးမှာလဲ။

လင်နောက်လိုက်ပြေးတဲ့ မိန်းကလေးနဲ့ သူမသားကို သဘော တူဖို့ဆိုတာ။

ခုတော့

သမီးဖြစ်သူကို မောင့်ကမ္ဘာလက်ထဲက ပြန်ခွဲယူဖို့ကို ကိုယ်တိုင် ကိုယ်ကျ ပါဝင်နေတာ။ ပြောရင် ယုံမှာတောင်မဟုတ်ဘူး။

ကိုထူးကလည်း ကြည်ဖြူစွာ –

“အဲဒါအရေးမကြီးပါဘူး။ မေမေ့စိတ်ကလည်း အန်တီသန်း လိုပဲ။ ပျိုးလေး တစ်ဘဝလုံး နစ်မွန်းသွားမှာနဲ့စာရင် စိတ်ချမ်းချမ်းသာ သာနေရဖို့ပဲ ရှေ့ရှုတယ်လေ။ ဒါကြောင့်ပါ။ လာ အန်တီသန်း”

ကိုထူးအံ့က ကားတံခါး အသင့်ဖွင့်ထားရင်းပြောသည်။ ဒေါ် သန်းသန်းက မြဲတံခါးကို စေ့ပိတ်ပြီး ကားပေါ် ကမန်းကတန်းတက် ရင်း–

“ကိုထူးတို့မိသားစုကို အန်တီသန်း ဘယ်လိုကျေးဇူးဆပ်ရမှန်း မသိတော့ပါဘူး တကယ်”

“မလိုပါဘူး အန်တီသန်း။ အဓိက ဒေါ်ဘရဏီလက်ထဲ





ပျိုးလေး ရောက်မသွားဖို့လေ”

“ဟုတ်တာပေါ့ သားရယ်၊ ဒါ့ကြောင့် အန်တီသန်းပြောတာ”

“ရပါတယ်”

ထူးအံ့က ထိုသို့ပြောပြီး ကားလေးကို မောင်းထွက်လိုက် သည်။ ဒေါ်သန်းသန်းက ဘုရားစာတွေရွတ်ရင်း ဆုတောင်းမိသည်။

သူမရင်ခွင်ထဲ သမီးလေး အမြန်ဆုံးရောက်ပါစေ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၆)

"ဒုတ် ဒုတ်"

"ဒုတ် ဒုတ်"

ပျိုးလေးနဲ့မောင့် တစ်ယောက်ကိုတစ်ယောက် မမှိတ် ကြည့်ရင်း ရင်အခုန်မြန်သွား၏။

သေချာတာက။

ချစ်ခြင်းကြောင့် မဟုတ်ပါ။

စိုးရိမ်ခြင်းနှင့် ပူပန်ခြင်းတို့ကြောင့်ဖြစ်ပြီး တစ်ဦးကို ကြည့်ရင်း ဝေခွဲမရနိုင်အောင် ခံစားနေရသည်။

နတ်ပြမင်္ဂလာပွဲပြီးကတည်းက သူတို့နှစ်ယောက်ကို ခြံပိုင်းထဲရှိ ပျဉ်ထောင်အိမ်သေးသေးလေးမှာ မင်္ဂလာအိမ်သတ်မှတ်





ထိုအိမ်လေးကိုလည်း ချစ်စရာကောင်းအောင် ပန်းနုရောင် တ်ကာစတွေနဲ့ အလှဆင်ပေးသလို အိပ်ခန်းကိုလည်း ရောင်စုံအလှ ာလုံးများဆင်ပေးသည်။

မင်္ဂလာအိမ်လေးပေါ် မောင့်တို့မတက်ရခင် အပျို လူပျိုအုပ်စု ရွှေကြိုးတန်းရင်း ခဲဖိုးတောင်းကြ နောက်ကြ ပြောင်ကြ ပျော်စရာ ာင်းနေခဲ့သည်။

မောင့်က ခဲဖိုးပိုက်ဆံပေးလိုက်မှ ရွှေကြိုးဖြုတ်၍ မင်္ဂလာအိမ် င်နှင်းပြီး ပျိုးလေးတို့ကို နှုတ်ဆက်၍ ပြန်ကြသည်။

ထိုအချိန်ထိ ပျိုးတို့ပျော်မြူးရသည်။

မကြာပါဘူး။

မောင့်က ဝင်းယံကို ဖုန်းဆက်၏။

ထိုအခါ –

"မောင့် မင်းတို့ တခြားနေရာရွှေ့ကြ"

"ဘာဖြစ်လို့လဲ ဝင်းယံ"

မောင့်စိုးရိမ်စိတ်နှင့် မေး၏။ ဝင်းယံက သူ ရထားတဲ့သတင်း န်ကို တုံ့ဆိုင်းမနေဘဲပြောချလေသည်။

"စံစံ ဘယ်ကချိတ်ဆက်ပြီး စုံစမ်းလိုက်လဲမသိဘူး။ မင်းတို့ ာ်နေတဲ့ရွာကို သိသွားပြီ"

"ဟင် ဒါ ဒါဆို"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ မင်းတို့ အဲဒီမှာအောင်းနေလို့ မလုံခြုံတော့ဘူး ရွှေ့ကြတော့။ နောက်ပြီး ပျိုးလေးဖေဖေတို့လည်း ကိုထူးအံ့တို့မိသားစု ပေါင်းပြီး မင်းတို့နောက် လိုက်နေတယ်လို့ သတင်းရတယ်ကွ"

"ဟင်"

"ဟဲလို ဟဲလို"

ပြောနေရင်းနဲ့ ဖုန်းလိုင်းပြတ်ကျသွား၏။

"ကျွတ်"

မောင့်ကမှာ အားမလို အားမရဖြစ်ကာ နောက်ဖုန်းတစ်လုံးနဲ့ ပြန်ခေါ်သည်။ သို့သော်လည်း ဧရိယာပြင်ပရောက်နေ၏။

"မောင့်၊ ပျိုးလေးတို့ ဘယ်လိုလုပ်ကြမလဲဟင်"

မောင့်က ဖုန်းလိုင်း ရလိုရငြား ဖုန်းနှစ်လုံးကို တစ်လှည့်စီ ခေါ်နေမိသည်။

"တောက်"

ဖုန်းက ဘယ်လိုမှ လိုင်းမမိဖြစ်နေလေသည်။

"မောင့်"

ပျိုးက မောင့်လက်ကိုဆွဲရင်း စိုးရိမ်တကြီး ခေါ်ပြန်သည်။ မောင့်က ပျိုးလေးပခုံးပေါ် လက်တစ်ဖက်တင်၍ –

"စိတ်အေးအေးထားပါ ပျိုးရယ်"

"ဘယ်လိုလုပ် စိတ်အေးမှာလဲ မောင့်ရဲ့။ ပျိုးကြောက်တယ်





ဟင့် ဟင့် ဟင့်"

အရေးထဲ ပျိုးလေးက ကြောက်စိတ်ဝင်ပြီး မျက်ရည်ကြည်တွေ စီးကျလာသည်။ မောင့်က ပျိုးလေးကို ကြောက်စိတ်ပြယ်စေချင်သည်။ ဒါကြောင့် သူမလေးကို ရင်ခွင်ထဲ ပွေ့ထားရသည်။

"ပျိုး စိတ်ငြိမ်ငြိမ်ထားပါကွာ။ မောင့် စီစဉ်ပါ့မယ်။ စိတ်အေးအေးထားပါကွာနော်။ မောင့်ပြောမယ်၊ နားထောင်ဦး"

ပျိုးလေး ပါးပေါ်က မျက်ရည်စီးကြောင်းကို တယုတယ ဖယ်ရှားပေးရင်း မောင့် တတွတ်တွတ် ချော့မော့ပြောဆိုနေရသည်။

ပျိုးလေးက မျက်ရည်စတွေ သုတ်ပေးနေတဲ့ မောင့်လက်ကို အားကိုးတကြီး ဆုပ်ကိုင်ပြီး –

"မောင့်ရယ်၊ ပျိုးလေးတို့ အမြန်ရွှေ့ကြရင်ကောင်းမယ် မောင့်ရဲ့ နော် မောင့်"

"စိတ်ချပါ၊ မောင့်လည်း ရွှေ့ကြဖို့ စီစဉ်မှာပါ။ ဝင်းယံကို ဆက်သွယ်လို့ရရင် ပိုကောင်းမယ်။ ဒါကြောင့်ပါ"

"အို ဖုန်းက ဆက်လို့မှမရတာ"

"အချိန်ရပါသေးတယ်။ မောင့်ခေါ်ကြည့်မယ်။ ဖုန်းရတာနဲ့ စီစဉ်မယ်။ ပျိုးလေး စိတ်တည်ငြိမ်ဖို့လိုတယ်။ နောက်ပြီး ပျိုးလေးလည်း ပင်ပန်းနေပြီ မဟုတ်လား။ ခဏနားလိုက်ရင်ကောင်းမယ်၊ လာ ပျိုးလေး"

မောင့်က စိုးရိမ်စိတ်လွန်ကဲနေတဲ့ ပျိုးလေးကို ချော့မော့ကာ



www.burmeseclassic.com

www.burmeseclassic.com



ရောင်စုံဘော်လုံးလေးတွေနဲ့ အလှဆင်ထားတဲ့ မင်္ဂလာခန်းလေးထဲ ခေါ်သွင်း၏။

"ထိုင် ပျိုးလေး"

ပျိုးလေးက ပန်းနုရောင်ဂွမ်းကပ်အခင်းလေးပေါ် ထိုင်ချ ပြီးတော့ မောင့်လက်ကိုလည်း အားကိုးတကြီး ဆွဲယူပြီး ထိုင်စေသည်။

"မောင့်လည်း ထိုင်လေ"

"အင်း"

ပျိုးလေးရဲ့ စိုးရိမ်စိတ်တွေ ပြယ်စေဖို့ သူလည်း ပျိုးလေးနား မှာ ထိုင်ချ၏။

ထိုစဉ်။

✿ ✿ ✿

## အခန်း (၅၇)

ညဦးမှာ ရုတ်ခြည်းမှောင်သွား၏။

ထိုအမှောင်ရိပ်နောက်မှာ ဟူးဟူးဟဲဟဲတိုက်နေတဲ့ လေတိုက် သံတွေ ဒလဟောပါလာသည်။

ထိုအခါ အိမ်ဘေးက သရက်ပင်အိုပြီး ယိမ်းထိုးကာ အိမ်ခေါင် မိုးကို လာရိုက်၏။

အိမ်လုံးလေး သိမ့်ခနဲခါသွားလျှင် ပျိုးလေးက မောင့်လက် မောင်းကို အားအပြည့်နဲ့ ဆုပ်ကိုင်ရင်း ကြောက်လန့်တကြားမော့ကြည့် ၏။

"အို"

တစ်ဆက်တည်းလည်း ဖန်မီးအိမ်လေး ငြိမ်းသွားလျှင် မောင်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလေးကို သည်းကွဲစွာ မမြင်ရတော့ပါ။

"ပျိုးလေး"

မောင့်က ပျိုးလေးမျက်နှာလေးနဲ့ ထိကပ်ထားရင်းခေါ်သည်။ ထိုခေါ်သံမဆုံးခင် မိုးစက်မိုးပေါက် တဖြောင်းဖြောင်းကျလာပြီး

မိုးသံ လေသံနောက်မှာ အိမ်ကလေး တသိမ့်သိမ့်တုန်ခါနေစဉ် နှစ်ယောက်သား ထိတ်လန့်စွာ ပွေ့ဖက်ထားရင်း ရုတ်ခြည်း အသက်ရှု သလို ငြိမ်သက်သွား၏။

"ပျိုးလေး"

"မောင့်"

နှစ်ယောက်သား. ခေါ်သံမှာ ရင်ထဲမှာပဲ လှုပ်ခါနေပြီး

မိုးသံ လေသံတွေကြားမှာ ရွာဆီမှအော်ဟစ်သံတွေလည်း ကြားရ၏။

အော်သံတွေက ဘာမှန်း သည်းသည်းကွဲကွဲ မကြားရအောင် မိုးသံလေသံတို့က အကြီးအကျယ် နှောင့်ယှက်နေသည်။

ဒါပြင် လေကြောင်းက ဇွတ်တိုက်ခံရလျှင် ပျိုးလေးတို့ရဲ့ မင်္ဂလာအိမ်ကလေး၏အမိုးက လေစီးကြောင်းထဲ ပါသွား၏။

"ဘုရားရေ"

မိုးရေစက် ပျိုတို့ကိုယ်ပေါ် သွန်ချသလို ဝေါခနဲကျရောက်လာ လျှင် လျှပ်တပြက်အတွင်း ရွှဲရွှဲစိုကုန်သည်။





ထိုမျှမကသေးပါ။

"ကျွီ ကျွီ ကျွီ"

လေတိုးတဲ့အရှိန်နဲ့ အိမ်ဘေးရှိ ယိမ်းထိုးနေတဲ့ သရက်ပင်အို ကြီးရဲ့ကိုင်းမကျိုးသံပေါ်လာပြီး –

ပျိုးတို့ ငုပ်တုတ်ကလေးဖက်ထားရုံနဲ့မရတော့ပဲ ကိုင်းမကြီးက ခနဲဖက်ခေါင်လွင့်သွားတဲ့ အိမ်ကလေးပေါ်ကျလျှင် ပျိုးတို့နှစ်ယောက် ထိုကိုင်းအောက် ပိပြားသွားနိုင်သည်။

ဒါကြောင့် နှစ်ယောက်သား လက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း အိမ်ကလေးပေါ်မှ ပြေးဆင်း၏။

"ဟင်"

အိမ်ကလေးအောက်ခြေချသည်နှင့် ရေက ဒူးဆစ်မြုပ်သွား၏။

"ဝုန်း"

"ဒုန်း"

ကိုင်းမကြီးကျသံ အိမ်လေးပြိုကျသံတို့ တစ်ဆက်တည်း ပေါ် ထွက်၏။ ပျိုးလေး လန့်ဖျပ်၍ –

"ဒေါ်ကြီး ပျိုးတို့ကို ကယ်ပါ၊ ဒေါ်ကြီး"

"ပျိုလေး သတိထားဦး"

"ဟင့်အင်း၊ ဒေါ်ကြီးရေ ဒေါ်ကြီး။ ကိုသာအောင် မိခွန်း သစ်"



www.burmeseclassic.com

www.burmeseclassic.com



ပျိုးလေး ထိတ်လန့်ပြီး အသံကုန်ဟစ်အော်နေမိသည်။ ရွာဆီမှ ခေါ်သံတွေလည်း မိုးသံနဲ့ လုံးထွေးနေ၏။

"လာ ပျိုးလေး"

မောင့်က ဒူးဆစ်မြုပ်နေသည့်ရေတွေကြားမှ ပျိုးလေးကို ကုန်းပိုးရင်းခေါ်သည်။

"ပျိုးလေး မကြောက်နဲ့။ မောင်တို့ ရွာဘက်သွားကြမယ်။ ဒေါ်ကြီးတို့လည်း မောင်တို့ကိုစိတ်ပူနေကြမယ်။ လေသံမိုးသံတွေကြားမှာ ခေါ်သံတွေကြားနေရတယ် မဟုတ်လားဟင်။ မကြောက်နဲ့ပျိုးလေး မောင် ရှိတယ်။ စိတ်ကိုရဲရဲထားပါ"

မောင့်က ပြောပြောဆိုဆို ခေါ်သံတွေကြားတဲ့ ရွာဘက်ဆီသို့ ရေထဲမှ ရုန်းနေရသည်။

"ရေလှိုင်းတွေ တအားကြီးနေတယ် မောင့်ရယ် ဖြစ်ပါ့မလား"

"ပျိုးလေး ထင်လို့ပါ"

ထိုသို့ပြောနေရပေမယ့် ရေလှိုင်းအားကြီးလာမှန်း သူသိပါ၏။ ဒါပြင် ရေထုက ရုန်းလေနစ်နေ၏။ ဒူးခေါင်းမြုပ်တဲ့ရေက ခုဆို ခါးတစ်ဝက် ရောက်နေပြီ။

မိုးကလည်း ပိုသည်းလာသည်။

ဒါပြင် ရေလုံးကြီးတွေ ပြုဆင်းလာတဲ့အသံတွေ တဖြည်းဖြည်း





နီးလာသည်။

"မောင့်"

"ပျိုး မောင့်ကို မိမိရရတွယ်ထား။ လုံးဝလက်မလွှတ်နဲ့။ တွယ်ထားနော်"

မောင့်စကားလေး မဆုံးလိုက်ပါ။ ရေလှိုင်းတွေ တဝုန်းဝုန်း တက်လာကာ ထိုရေလှိုင်းလုံးတွေက သူ့လမ်းကြောင်းမှ ရှိသမျှအရာတွေကို ရိုက်ချလေသည်။

ထိုအခါ ရိုက်ခတ်ခံရတဲ့ ရေလှိုင်းလုံးတို့ကြောင့် ထိုနှစ်ယောက်မှာ ရေလှိုင်းတို့ဖြင့် လုံးလုံးထွေးထွေး ပါသွားလေသည်။

"မောင့်"

"ပျိုးလေး"

ထိုခေါ်သံတွေမှာ ရေသံ၊ လှိုင်းသံ၊ လေသံတို့ ဖမ်းစားခံလိုက်ရပြီးထင့်။

နောက်ထပ် ခေါ်သံတွေ ပေါ်ထွက်မလာတော့ပါလေ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၈)

"သမီးစံစံ ဘယ်မှာလဲ၊ ကားလမ်း"

"ရှေ့မြှုပ်နေလို့ပါ အန်တီရဲ့။ စိတ်မပူပါနဲ့။ လှေနဲ့သွားကြမယ်"

"ဘုရားရေ"

ဒေါ်ဘရဏီကမ္ဘာ ရင်ဘတ်ဖိလိုက်မိသည်။ ကားက ရှေ့ဆက်သွားလို့မရတော့ပါ။ ရေလွှမ်းနေတာ မြင်ရတာမို့ ဒေါ်ဘရဏီကမ္ဘာ ဘုရားတရုံမက ခေါင်းပါရမ်းလိုက်၏။

မြေသားကမ်းနဖူးပေါ်မှာ ရေလွှမ်းလွင်ပြင်ကို ရပ်ကြည့်ရင်း–

"မဖြစ်ဘူးထင်တယ် သမီးရယ်"

"ဘာဖြစ်လို့လဲ အန်တီ"





"လှေက စီးလို့ဖြစ်မလား"

"ဖြစ်ပါတယ် အန်တီရဲ့။ ဟိုမှာ သူများတွေလည်း လှေတွေနဲ့ သွားနေတာလေ"

လှေလှော်ပြီး လိုရာခရီးသွားနေကြသူများကို ညွှန်ပြရင်း စံစံထက်ဦးစွာ ထွန်းထွန်းပြော၏။

ဒေါ်ဘရဏီ မျက်စောင်းရင့်ရင့်ထိုးပြီး –

"ဟဲ့ သူများနဲ့ မတူနဲ့။ ငါက လှေစီးဖူးတာမဟုတ်ဘူး"

"လှေမစီးဖူးရင်လည်း မစီးနဲ့အန်တီ"

"ဒါဆို ဘာနဲ့သွားရမှာလဲ မောင်ဖွဲ့"

"ရေကူးပြီးသွားကြမယ်"

"ဘာပြောတယ်"

ဖွဲ့ ပါးစပ်လေးပိတ်ကာ သွားရန်ကွယ်လိုက်ရသည်။ ဒေါ်ဘရဏီကမ္ဘာက လှမ်းဆွဲပြီး ဆုချဖို့ပြင်သည်။

"ဆော ဆောရီးပါအန်တီ။ အန်တီက လှေမစီးဖူးဘူးဆိုတော့"

"တော်စမ်း"

ဒေါ်ဘရဏီကမ္ဘာ ပိတ်ဟောက်လိုက်တော့၊ ဖွဲ့ပါးစပ်လေး ပိတ်လိုက်ရသည်။ စံစံကလည်း ဖွဲ့တို့ကို မာန်မဲ၏။

"ဖွဲ့ရယ်၊ ပါးစပ်ပိတ်ထားစမ်းပါ။ အန်တီ ဘာမှမကြောက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



လှေစီးတာ အရမ်းငြိမ့်ပြီး စီးလို့ကောင်းတာ အန်တီရဲ့။ အန်တီ စိတ်ရှိရှိ ထားပြီးစီးကြည့်"

"စီးတာတော့ ဟုတ်ပါပြီသမီးရယ်။ သားတို့က အခု ဘယ်ရွာမှာလဲ"

"ကိုးရုမှာလေ အန်တီ။ အဲဒီရွာက အရင်ကလည်း လှည်းလမ်းပဲ ရှိတာ။ အခု ရေမြုပ်နေတာတဲ့။ လှေနဲ့ပဲ သွားလို့ရမယ်။ အန်တီ စိတ်မပူနဲ့ ဟိုမှာ စံစံ့သူငယ်ချင်း လှေကြီးနဲ့လာနေပြီ"

စံစံက ပြောရင်းဆိုရင်း ကမ်းဆီသို့ ဦးတိုက်လာနေတဲ့ လှေကြီးကိုမြင်လျှင် အားရဝမ်းသာ ဖြစ်သွားသည်။

ဒေါ်ဘုရားကြီးက လှေကြီးကိုလှမ်းကြည့်ရင်း ရင်တုန်နေသည်။

ဘုရား ဘုရား။

သားဇော်နဲ့မို့သာ ဒေါ်ဘုရားကြီး စွန့်စားနေရတာ။

စံစံလေးသူငယ်ချင်းရဲ့ စက်တပ်လှေကြီးက သစ်ထွင်းလှေ အသစ်စက်စက်လည်း မဟုတ်ဘူး။

"လာ လာ စံစံ၊ အန်တီ လာ။ သူရတို့ လာကြလေ"

လှေပေါ်ကနေ စံစံ့သူငယ်ချင်း အားရဝမ်းသာခေါ်သည်။ စံစံကလည်း လှေစီးရမှာမို့ ပျော်နေပါသည်။

"သူရတို့ ရှေ့ကတက်နှင့်"

"အင်းပါဟ"





သူရတို့သုံးယောက် စံစံ့အလိုကို မလွန်ဆန်နိုင်လို့သာ လှေစီးဖို့ သဘောတူရှိနေတာမျိုး။ တစ်သက်နဲ့တစ်ကိုယ် လှေစီးရတဲ့ ကံကြမ္မာနဲ့ ဆုံရမယ်လို့ ဘယ်တုန်းကမှ ထင်မှတ်မထားပါ။

စံစံ့သူငယ်ချင်း သော်သော်က လက်ကမ်းကြိုနေတာမို့ သူရတို့ တစ်ယောက်ပြီးတစ်ယောက် သော့်လက်ကို ဆွဲပြီး လှေပေါ် ဆင်းရ၏။

တစ်ယောက်ဆင်းတိုင်း လှေကလေး တစ်ချက်လှုပ်ကာ လှုပ်လှုပ် ဖြစ်၏။ အဲဒါကိုကြည့်ပြီး ဒေါ်ဘုရားကြီး မူးချင်လာသည်။

"လာ အန်တီ"

စံစံ ဆွဲခေါ်လျှင် ဒေါ်ဘုရားကြီးခြေလှမ်း တွန့်ဆိုင်းနေသေးသည်။ အိုပြင် စိုးရိမ်စိတ်နှင့်လည်း မေးဖြစ်၏။

"ဖြစ်ပါ့မလား သမီးရယ်"

"ဘာလို့မဖြစ်ရမှာလဲ အန်တီရဲ့။ လာပါ တော်ကြာ စံစံတို့ အရောက်နောက်ကျနေရင် ကမ္ဘာနဲ့ဟိုမိန်းမ ထွက်ပြေးဖို့ အချိန်ရသွားမယ် အန်တီ"

"အေး ဟုတ်သားပဲ"

စံစံ့စကားနောက်မှာ ဒေါ်ဘုရားကြီး အလေးအနက် ခေါင်းညိတ်လိုက်သည်။

သူမအတွက် သားက အရေးအကြီးဆုံးမဟုတ်လား။ သားဇောကြောင့် သူမစိတ်ကို သတ္တိသွေးရဲစေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ –

လေ့ပေါ်သို့ ရဲရဲချည်း ခြေချ၏။ လှေကြီး လှုပ်လှဲ့သွားပေမယ့် ဒေါ်ဘရဏီ ကြောက်တဲ့စိတ်မဝင်နိုင်တော့ပါ။

"အိုကေ မောင်းမယ်"

သော်သော်ပြောလျှင် စက်မောင်းက လှေကို ကမ်းမှခွာသေသည်။ ချောင်းကျယ်ကြီးမှာ ဥဒဟိုသွားနေတဲ့ လှေတွေက ဟိုမှ သည်မှ

ထိုလှေတွေကိုလိုက်ကြည့်နေလျှင် အပြာရောင် ဖိုက်ဘာလှေ တစ်စင်းလည်း သူတို့လှေသွားတဲ့လမ်းကြောင်းအတိုင်း လာနေတာကို တွေ့ရ၏။

"ဟင်"

ထိုလှေပေါ်ပါလာတဲ့အုပ်စု။

ဘုရားရေ။

ဒေါ်ဘရဏီ မျက်လုံးကြီးစိုးရိမ်စွာပြူးထွက်သွား၏။

"ဟိုလှေပေါ်မှာ မိသန်းသန်းတို့ မဟုတ်လား"

စံစံတို့လည်း စံတို့လှေနဲ့ ပေငါးဆယ်ကျော်ကွာသော လှေလမ်းကြောင်းမှသွားနေတဲ့ ထိုဖိုင်ဘာလှေကို လှမ်းကြည့်သည်။ လှေပေါ်မှာ ဒေါ်သန်းသန်းနဲ့ ဦးမျိုးထွန်းတို့မိသားစုကို မြင်လျှင် စံစံ နှုတ်ခမ်းကိုက်မိသွားသည်။

"ဟုတ်တယ် အန်တီ ဟုတ်တယ်"





"ကြည့်စမ်း ကောင်မတွေ။ ဟဲ့ လှေဆရာ ဟိုမိန်းမတွေလှေ ထက် ဦးအောင်သွားစမ်း"

ဒေါ်ဘရဏီ လှေဆရာကိုအမိန့်ပေး၏။

ဒါပြင် စိတ်ထဲမှာလည်း မျိုသိပ်မထားနိုင်တာကြောင့် တစ်ဖက်လှေကို လှမ်းအော်၏။

"ဟေ့ မိသန်းသန်း"

ခေါ်သံကြားတာမို့ ဒေါ်သန်းသန်းလည်း ယောင်ယောင်ရမ်း ရမ်းဖြင့် လှမ်းကြည့်၏။ လက်တပြပြနဲ့ လှမ်းအော်နေတဲ့ ဒေါ်ဘရဏီကို မြင်လျှင် –

"ဟင် ကိုမျိုး၊ ဟိုမှာ ဒေါ်ဘရဏီ"

"တောက် ဒီမိန်းမနဲ့တိုးနေပြီကွ"

ဦးမျိုးထွန်း စိတ်ပျက်စွာ ပြော၏။ ထိုပြောသံလေး မဆုံးသေး ပါ ဒေါ်ဘရဏီအသံ ကြားရ၏။

"ဟေ့ မိသန်းသန်း၊ ဒီမှာ ငါပြောတာနားထောင်စမ်း။ ညည်း သမီးနဲ့ငါ့သားကို ငါသေရင်တောင် လက်မခံဘူး"

"အေး ကျုပ်ကလည်း လက်ခံပါလို့ မတောင်းဆိုဘူး"

"အဲဒါ အကောင်းဆုံးပဲ။ ငါ့သားကို ငါပြန်ခေါ်သွားမယ်"

"ခေါ်သွားစမ်းပါ။ ကျုပ်သမီးကို ကျုပ်လည်း ပြန်ခေါ်ပြီးတော့ နောက်တစ်ယောက်နဲ့ ပေးစားမယ်။ ကျုပ်သမီးကို ယူမယ့်သူ အသင့်



www.burmeseclassic.com

www.burmeseclassic.com



ပါလာသတော့''

ဒေါ်သန်းသန်းကလည်း သည်းခံမနေပါ။

ကိုထူးကို ဆွဲပြရင်း အော်ပြောၾ။

ထိုအခါ

ဒေါ်ဘရဏီကလည်း မခေပါ။ လက်နှစ်ဖက်တရမ်းရမ်းလှ

ရင်း ပြောၾ။

''အောင်မလေး၊ ညည်းသမီးကိုပဲ ယူမယ့်လင်ရှိနေတာမဟု

ဘူး၊ ငါ့သားအတွက်လည်း အဆင်သင့်တော်ရေ၊ ဟောဒီမှာကြည့်

ကျုပ်ချွေးမ အသစ်စက်စက်လေး စံစံ''

ဒေါ်ဘရဏီက စံစံ့ကိုပြရင်း အော်ပြောၾ။ စံစံကလ

မျက်နှာလေးပင့်ပြလိုက်သည်။

ဒီလိုပင့်ပြတော့လည်း ဒေါ်သန်းသန်းက ပိုပြီး မခံနိုင်ဖြ

''ဒီမှာ ဒီမှာ၊ ကျုပ်မှာ ကျုပ်သမက်တင်မကဘူး ဟောဒီ

ခမည်းခမက်တောင်ပါလာတယ်တော့။ ဒီမှာကြည့် မမြင်ဖူးရင် ကြ

ထား၊ ဒါ ကျုပ်ရဲ့ခမည်းခမက်''

ဒေါ်သန်းသန်းက အတူပါလာတဲ့ ကိုထူးရဲ့မိဘနှစ်ပါးကို

ပြန်သည်။

တောက်။

ဒီတစ်ခါတော့ ဆွဲပြစရာ ခမည်းခမက်က ဒေါ်ဘရဏီမှ





ပါမလာ။ ဒေါ်ဘရဏီကမှာ တောက်ခတ်ပြီး။

''ဟဲ့ ဟဲ့၊ ငါ့ခမည်းခမက်က မိုးကုတ်ဂဲနေ ဆင်းလာနေပြီး

ကောင်မရဲ့''

''ဆင်းပြီးလာလာ တက်ပြီးလာလာ၊ ကျုပ်တို့ကတော့ မိစုံဖစုံနဲ့

လာတာတော်ရေ''

''ဟဲ့ကောင်မ''

ဒေါ်ဘရဏီ ခါးတထောက်ထောက်နဲ့ပြန်အော်ၾ။

''အန်တီ၊ ငြိမ်ငြိမ်နေပေးပါ။ လေ့လူးနေပြီ။ အန်တီခုန်ဆွခုန်ဆွ

လုပ်နေရင် လေ့မှောက်လိမ့်မယ်''

စံစံ့သူငယ်ချင်းသော်သော် ပြောလာလျှင် ဒေါ်ဘရဏီ ပြော

ချင်ရဲရဲနဲ့ အံကြိတ်ကိုက်လိုက်ၾ။

''တောက် ကုန်းပေါ်ရောက်မှ တွေ့ကြမယ်''

''တွေ့မယ်။ ကျုပ်ကတော့ ကုန်းပေါ် ရေပေါ် မရှောင်ဘူး။

ကျုပ်ကိုပြောရင် ကျုပ်က အသားကိုက်ပြီး ငြိမ်ခံနေမယ့် မိန်းမ မဟုတ်

ဘူး''

ဒေါ်သန်းသန်းက နှုတ်မလျှော့သေးပါ။

ဒီလိုနဲ့။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၉)

"ကျီးစုရွာ"

ကျီးစုရွာဆိုတဲ့ စာလုံးတောင် အပေါ်ထိပ်လေးပဲ ပေါ်နေ[illegible] မြင်ရ၏။

"ဟဲတော် ဟဲ့"

ဒေါ်ဘရဏီ တအံ့တသြဖြစ်နေသည်။ အိမ်တွေ၊ အပင်[illegible] အားလုံးက ရေထဲမှာ လေးပုံသုံးပုံခန့် ရောက်နေပြီး။

ဖက်မိုးအိမ်ခေါင်တွေနဲ့ သစ်ပင်ထိပ်ပိုင်းတွေကိုသာ မြင်[illegible] သည် မဟုတ်။

အထူးသဖြင့် လူတွေကိုမမြင်ရတော့ ဒေါ်ဘရဏီ အံ့[illegible] တွေ ခနီးခနဲ့ ခုန်ထွက်နေသည်။





"ဟဲ့ ဘယ်မှာလဲ။ လူတွေလည်း မမြင်ရဘူး။ သားတော[illegible]သား ဘယ်မှာလဲစံစံ။ ဟဲ့ သော်သော် ဟုတ်ရောဟုတ်ရဲ့လား"

"ဒီရွာပဲ"

"ဒီရွာဆို ဘယ်မှာလဲ၊ လူတွေမရှိဘူး။ အိမ်တွေလည်း ရေမြုပ်နေတယ်"

"နေဦး အန်တီ၊ ဟိုဘက်ကလှေတွေကို အော်မေးကြည့်မယ်"

အသုံးအဆောင်ပစ္စည်းတွေ သယ်ပြီးသွားနေတဲ့ လှေတွေကို [illegible]စံ လှမ်းမေးရသည်။

"ကျီးစုရွာ ရေမြုပ်လို့ ဒီရွာကလူတွေကို သုခိတာရုံ ဘုန်းကြီးကျောင်းဆရာတော်က ကယ်ထားတယ်။ တွေ့ချင်ရင် သုခိတာရုံဘုန်းကြီးကျောင်းသွားကြ"

"အလှူရှင်အဖွဲ့တွေလား"

တချို့လှေသမားများက စံစံတို့လှေကို ဝေ့ကြည့်ရင်း စပ်စုကြ[illegible] ဒေါ်ဘရဏီက မျက်နှာချည်းရှုံ့မဲ့သွားသည်။

"ဘာအလှူမှပေးဖို့မဟုတ်ဘူး။ ကျုပ်သားကို ကျုပ်လာခေါ်[illegible] ဒီမှာ ရေဘေးဒုက္ခရောက်နေမှန်း အခုမှပဲသိရတာ။ တကတဲ [illegible]တို့ ရေဘေးထဲ ကျုပ်သားပါ ပါရတယ်လို့။ ကျွတ်"

ဒေါ်ဘရဏီ စိတ်မရှည်နိုင်ပါ။

ပွစိ ပွစိ ရွတ်နေဆဲ။



www.burmeseclassic.com

www.burmeseclassic.com



"သူတို့လို အားအားလျားလျား ထင်နေလားမသိဘူး။ တဲ့ အဲဒီဘုန်းကြီးကျောင်းရောက်အောင် မြန်မြန်မောင်းစမ်း။ ဟိုမှာ ဟိုရှာ မိသန်းသန်းတို့ လှေမဟုတ်လား။ တို့လှေကို ကြောသွားပြီး မြန်မြန် မောင်း"

ဒေါ်ဘရဏီကမ္ဘာ လှေပေါ်ကနေ အမိန့်တပေးပေးနဲ့။

လှေသမားက လမ်းကြောင်းမှန်အောင် ဂရုစိုက်မောင်းနေ တယ်ဆိုတာ ဒင်း နားမလည်ဘူး။

သားအတွက် တစ်ခုတည်းသာရှိတဲ့ ထိုအမျိုးသမီးကြီး လှေမောင်းသမား မကြည်လင်တော့ပါ။

သော်သော့်ကို ငဲ့ကြည့်သည်။

သော်သော်က စံစံမျက်နှာနှင့် အားနာနေသည်။

"သုခိတာရုံကျောင်း သိတယ်မဟုတ်လား။ အဲဒီရောက် အောင် မြန်မြန်ပို့ပေးပါ ဦးကြီးရယ်"

သော်သော်က လှေသမားကို လေပြည်လေးနဲ့ဆိုရသည်။

လှေသမားက သော်သော့်ကို အားနာပါသည်။

သို့သော်လည်း ဒေါ်ဘရဏီအမိန့်သံကို နားခါးလှ

ဒါ့ကြောင့် –

ဘုန်းကြီးကျောင်းရှိရာ ရွာရိုးဘက်သို့ ဦးတည်၍ ကမ်းကပ်

ကမ်းနဲ့ကျောင်းတော်ရှိရာ နေရာကြားမှာ ရွံ့နွံလသာပြင် ချည်း





ထိုရွံ့တွေကြားထဲ ထဘီတမမနဲ့ ခြေကန်ရုန်းပြီး ဖြတ်သွားနေ တဲ့ ဒေါ်ဘရဏီ့ကို လှေသမားကြီး အရသာရှိရှိ ကြည့်နေလိုက်သည်။

သုခိတာရုံ ကယ်ဆယ်ရေးကျောင်းတိုက်ကို ရောက်ရင် ဒီမိန်းမကြီး ဘယ်လိုဖြစ်မလဲ။

ဒါကိုလည်း မြင်ချင်သေးတာမို့။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

''သားရေ သား မောင့်ကမ္ဘာ''

''သမီးရေ သမီး''

သုခိတာရုံကျောင်းတော်ရဲ့ အရှေ့အနောက် တစ်ဖက်စီမှ တက်ရောက်လာရင်း ဒေါ်ဘရဏီကမ္ဘာနဲ့ ဒေါ်သန်းသန်းခေါ်ရင်း သားနဲ့သမီး ကိုကိုယ်စီရှာနေကြသည်။

ကျောင်းတိုက်ပရဝဏ်မှာ ကျီးစုရွာနဲ့ အခြားရွာများမှ ရေအေး သင့်ရွာသားတွေက အများကြီး။

မောင့်ကမ္ဘာနဲ့ ပျိုးလေးတို့ကို တစ်ဖက်တစ်ချက်က ခေါ်နေတာကို ငဲ့ငဲ့ကြည့်ရင်း အံ့ဩနေကြသည်။

''မောင့်ကမ္ဘာဆိုတာ ဟိုကောင်လေးပေါ့''





''ဟုတ်ပ၊ ပျိုးကလေးဆိုတာ ဟိုကလေးမလေ''

တစ်ယောက်နဲ့တစ်ယောက် လက်တို့ရင်းပြောနေကြတာက ဝမ်းနည်းစိတ်တွေနဲ့။

''လာအန်တီ၊ ဟိုဘက်ကအဆောင်မှာ လူစုနေကြတယ်။ အဲဒီအဆောင်မှာရှိနိုင်တယ်''

သော်သော်က ဦးဆောင်ခေါ်သွား၏။

သော်သော်ဦးဆောင်ခေါ်သွားတဲ့အတိုင်း ဒေါ်ဘရဏီတို့ အပြေးကလေး သွား၏။ သူမ မျက်ဝန်းမှာ မြင်ချင်တာသား။

တွေ့ချင်တာ သားပဲမဟုတ်လား။

လူအများ ဝိုင်းအုံနေတဲ့ဆီ ခေါင်းထိုးကြည့်မိ၏။

''ဟင်''

ပန်းတွေနဲ့ဝေအောင် ပြင်ဆင်ထားတဲ့ အလောင်းစင်ကြီး တစ်ခု။ အလောင်းနှစ်လောင်းက ရောင်စုံနှင်းဆီပန်းတွေအလယ်မှာ ငြိမ်သက်လျက်။

ပန်းနုရောင် ဇာပဝါပါးပါးလေး လွှမ်းထားပေမယ့် သေဆုံးနေသူတို့ရဲ့ မျက်နှာနှစ်ခုကို ထင်ရှားစွာ မြင်ရ၏။

မျက်နှာလေးသွယ်သွယ်၊ နှာတံလေးစင်းပြီး နှုတ်ခမ်းသားလေး ပိရိစွာ စေ့ပိတ်ထားတဲ့ မျက်နှာနှင့် ယှဉ်လျက်၊ မျက်နှာဝိုင်းလေး၊ နှုတ်ခမ်းဖူးလေးဆူကာ မေးဖျားလေးမှအရွှတ်ကို ထင်ရှားစွာမြင်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ဒေါ်ဘရဏီတို့အဖွဲ့နဲ့ ဒေါ်သန်းသန်းတို့အဖွဲ့ ထိုအလောင်းနှစ်လောင်းကိုမြင်လျှင် ပါးစပ်တွေဟကုန်၏။

မျက်ဝန်းတွေ ပြူးထွက်ကာ ရင်ဘတ်ဖိသူဖိနှင့် ခေါင်းရမ်းသူရမ်းနဲ့ ဂယောင်ချောက်ချားဖြစ်ကာ။

"သား"

"သမီး"

"ကမ္ဘာ"

"ပျိုးလေး"

ခေါ်သံတွေ ချောက်ချားစွာ ပွင့်ထွက်ကုန်ပြီ။

"သား"

"သမီး"

ဒေါ်ဘရဏီနဲ့ ဒေါ်သန်းသန် သားနဲ့သမီးကို ပြေးဖက်၏။

"အမယ်လေးတော့ ဖြစ်မှဖြစ်ရပါပေ့လား လူလေးတို့ရယ်။ ဒင်းတို့ အဖြစ်ဆိုးလှချည်လား ကွယ်တို့ရယ်"

"ဟင့် ဟင့် ဟင့်"

ဒေါ်အေးစိန် ရင်ထုမနာပြောသလို ဝမ်းနည်းစွာ ငိုကြသည့် ရွာသားတို့အသံတွေ ညံစီကုန်သည်။

"သား သား ဒီလိုမဖြစ်ရဘူး။ ဟင့်အင်း၊ မာမီလက်မခံဘူး





သား သား ဒီလိုမဖြစ်ရဘူး။ မာမီ့သားလေးရေ သား"

"သမီးရယ်၊ သမီး ဟင့် ဟင့် ဟင့်။ မေမေ့သမီးလေး ဘယ်လိုဖြစ်ရတာလဲ။ ပြောကြပါ ကျွန်မသမီး ဘယ်လိုဖြစ်ရတာလဲ"

"ဟင့် ဟင့် ဟင့်"

"ဘုရား ဘုရား"

စံစံ ခေါင်းတရမ်းရမ်းနဲ့ မယုံနိုင်အောင် ဖြစ်ရလေသည်။ စံစံ ရင်ဆိုင်ချင်တာ ဒီလိုအဖြစ်အပျက်မျိုးနဲ့ မဟုတ်ပါ။

"ဒါ့သား ဒီလိုဖြစ်တာ ညည်းသမီးကြောင့်"

"ရှင့်သားကြောင့် ကျုပ်သမီး ဒီလိုဖြစ်ရတာတော့ ဟင့် ဟင့် ဟင့်"

ဒေါ်ဘရဏီနဲ့ ဒေါ်သန်းသန်း တစ်ယောက်ကိုတစ်ယောက် လက်ညှိုးထိုး စွပ်စွဲသလို တစ်ဖက်နဲ့ပတစ်ဖက် အပစ်ဖို့ခြင်းတွေ ညံစီကုန်၏။

"ညည်းတို့ မိဘချင်း သဘောမမျှလို့ ဒီကလေးနှစ်ယောက် ကျုပ်တို့ရွာကိုရောက်လာတာ။ ခုလိုဖြစ်ရတာ ဒင်းတို့ကြောင့်ပါတော် ဒင်းတို့ကြောင့်ပါ"

"ကျုပ်တို့ တစ်ရွာလုံး သူတို့လေးတွေကို နတ်ပြမင်္ဂလာပွဲ လုပ်ပေးပြီးပြီ။ ဒီနေ့က မင်္ဂလာဆွမ်းကျွေးမယ်နေ့။ ဒင်းတို့ အကျိုးနဲ့တိုက် နေလို့ ဒီကလေးနှစ်ယောက် ဒီလိုဖြစ်ရတာ"

www.burmeseclassic.com



ဒေါ်အေးစိန်နဲ့ ဒေါ်မကြီးတို့ လက်ညှိုးတထိုးထိုးနဲ့ ပြောကြသည်က ရင်ထဲမှာ ယူကျုံးမရဖြစ်ခြင်းတွေနဲ့ပါ။

မိုးကကြီး။

ဆည်ရေကလျှံကာ ရေထိန်းတံခါးတွေ ကျိုးပျက်ပြီး ရေတွေ ဒလဟော ပြိုကျတဲ့ညတုန်းကအဖြစ်က တစ်ရွာလုံးရဲ့ ကမ္ဘာပျက်ရခြင်း

သူတို့လေးနှစ်ယောက်ကို ကူကယ်ဖို့ကြိုးစားသော်လည်း လှိုင်းလုံးထဲ လုံးထွေးပါသွားတာ။

ဘယ်လိုမှ ဆယ်လို့မရတော့ပါ။

ပြန်ဆယ်လို့ရတော့ ခမျာနှစ်ယောက်မှာ အသက်ပါမလာတော့ပါ။

"သား"

"သမီး"

"အဲဒါ ရှင်တို့ကြောင့်၊ ရှင်တို့ကြောင့် ဒီကလေးတွေ ခုလိုဖြစ်ရတာတော့"

ဒေါ်အေးစိန်က မောင့်ကမ္ဘာနဲ့ ပျိုးလေးတို့ကို သားရင်းသမီးရင်းလို ခံစားရတာမို့ ရူးချင်လောက်အောင် ခံစားရပြီး လက်ညှိုးတထိုးထိုးနဲ့ ပြောပြန်သည်။

ဒေါ်ဘရဏီ မခံစားနိုင်စွာ။

အလောင်းစင်တိုင်ကို ခေါင်းနဲ့ဆောင့်၏။





ဒေါ်သန်းသန်းက ရင်ဘတ်တထုထုနဲ့ အသည်းကွဲရင်ကွဲ ငိုရှာသည်။ ဦးမျိုးထွန်းက အသည်းနှလုံး ပြုတ်ကျသွားသူလို အသက်မဲ့ကာ ကြောင်တောင်တောင် ဖြစ်၏။

ရကန်က ဘယ်လိုမှလက်မခံပါ။

ကိုထူးနဲ့မိဘနှစ်ပါးက ပျိုးကလေးအတွက် အတော်ချည်း ခံစားရကာ မျက်ရည်တို့ပြိုကျ၏။

စံစံ၊ ထွန်းထွန်း၊ သူရနဲ့ဖွဲ့တို့တစ်တွေ ရူးချင်ချင်ဖြစ်ရလေသည်။ သော်သော်က မမြင်ရက်နိုင်တော့ပါ။ မျက်နှာလေးလွှဲ၍ ကြိတ်ငိုလေသည်။

လှေမောင်းဆရာခမျာ မြင်ကွင်းကို ငေးပြီး မကြည့်ရက်တော့ပါ။

ဒီလူငယ်နှစ်ဦးကံကြမ္မာဆိုးနဲ့ ခုလို ဆုံရတာလည်း မောင့်ကမ္ဘာမိခင် ဒေါ်ဘရဏီကမ္ဘာကြောင့်လား။

ဒါမှမဟုတ် ပျိုးလေးမိခင် ဒေါ်သန်းသန်းကြောင့်လား။

ဒါမှမဟုတ် စံစံနဲ့ သူငယ်ချင်းတွေကြောင့်လား။

ဒါမှမဟုတ် ကိုထူးကြောင့်လား။

ဒါမှမဟုတ် ဘယ်သူ့ကြောင့်လဲ။

နှလုံးသားနဲ့ ခံစားပြီး ဖြေကြပါကွယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

"အမျှ အမျှ အမျှ
ယူတော်မူကြပါကုန်
သာဓု သာဓု သာဓု"

ကြေးစည်းသံ၊ သီလပေးသံ၊ အမျှဝေသံတွေမှာ ချောင်းကုန်းပြင်နှင့် လေဟာနယ်တစ်ကြော မျောပါသွားလေပြီ။

အသည်းနှလုံးသားကြားမှ စိမ့်ထွက်လာတဲ့ မျက်ရည်တို့ကြားမှ ဒေါ်သန်းသန်းနှင့်ဒေါ်ဘရဏီတို့ နှစ်ဖက်အသိုင်းဝိုင်းမှာ ထပ်တထဲသလဲ မြင်ယောင်နေသည်မှာ။

ပျိုးလေးနဲ့ မောင့်ကမ္ဘာရဲ့ ဆုံဆည်းမှု ယဉ်ဘဝဖြစ်စဉ်မှသည် ခုချိန်ထိ။

✿ ✿ ✿



## အခန်း (၃၂)

"ဒီအရွက်လေးကြောင့် မောင့်နဲ့ပြန်ဆုံရတာပေါ့"

"ဘယ်လိုဆုံတာလဲ ပြောဦးဟ"

မိတင်တင်က သိချင်စိတ်ကလေးဖြင့် မေး၏။

ထိုအခါ –

ပျိုးလေးက မေးဖျားမှ ဒဏ်ရာအရွက်လေးကိုစမ်း၍ မောင့်နဲ့ ဆုံရတဲ့အဖြစ်အပျက်ကို ကြည်နူးစွာ ပြောပြလိုက်သည်။

ဒီအရွက်လေးက မောင့်မာမီ တွန်းပစ်လို့ မေးကွဲပြီးရတဲ့ ဒဏ်ရာပေါ့။ ဒီအရွက်ရပြီးတော့ မောင့်နဲ့ကွဲကွာရတယ်။ ဒီအရွက်လေးကို မှတ်မိနေတဲ့ မောင့်နဲ့ တစ်ဖန်ပြန်ဆုံရတယ်။ ဒီအရွက်လေးကြောင့် ချစ်စိတ်တွေဖြစ်ပြီး မောင့်ခေါ်ရာနောက် ပျိုးလေးလိုက်ခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအရွတ်လေးကြောင့်ပဲ မောင့်နဲ့ပျိုးတို့ တကယ်ပေါင်းရတော့မယ်တဲ့"

"အဲဒါဆို ဒီအရွတ်လေးက ရှင်တို့ရဲ့ အချစ်သင်္ကေတပေါ့"

အပျိုချောမဝင်းမာ လွှတ်ခနဲပြောလျှင် ပျိုးကလေး ရှင်ရှင်ပျော်မြူးစွာ ခေါင်းလေးညိတ်လိုက်မိသည်။

"ဟုတ်တယ် ပျိုးလေးတို့ရဲ့ နှလုံးသားသင်္ကေတ"

ပျိုလေးတို့ချစ်သူနှစ်ဦးရဲ့ နှလုံးသားအသံနဲ့ အချစ်သင်္ကေတ ပုံရိပ်က ကျီးစုရွာကလေးဝန်းကျင်မှာ ဘယ်တော့မှ ပျောက်ကွယ်ဆိတ်သုဉ်းသွားမှာ မဟုတ်ပါကွယ်။

ချစ်ခြင်းဖြင့် ပျော်ရွှင်ချမ်းမြေ့ပါစေ

ဝိန်းကလေး
အမှတ် ၄၅ (B)၊ ၆–လွှာ၊ ဦးလွန်းလမ်း
အရှိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း–၀၉၄၄၉၂၅၁၄၁၇၊ ၀၉၂၅၅၈၀၃၂



BURMESE CLASSIC
www.burmeseclassic.com